ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက်စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 30 July 2019 ၉၇၂၆

# ပြည်ပရောက် မြန်မာလုပ်သားများ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိစေရေးနှင့် ကူညီစောင့်ရှောက်ပေးနိုင်ရေး တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၏ **"ပြည်ထဲရေးဝန်ကြီးဌာနက သိမ်းယူထားသော ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု လက္ခဏကျေးရွာ ဝါဂွမ်းလှိုင်ထိပ်ကွင်း ကွင်းအမှတ် (၁၁၂၅၊ ၁၁၂၆၊ ၁၁၂၈)ရှိ အမည်ပေါက် လယ်မြေများအား ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အကျဉ်းဦးစီးဌာနအနေဖြင့် လက္ခဏစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းကို အကျဉ်းသားများလုပ်အားဖြင့် ၎င်းတို့၏ သက်သာချောင်ချိရေးအတွက်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

**ကြေးမုံ ယနေ့ ဖတ်စရာ**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈

**နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်စွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး အလုပ်ရုံဆွေးနွေး**

စာမျက်နှာ » ၆

# ပင်လယ်ရေထွက်ကုန် ငါး၊ ပုစွန်အရှင်များအား ပြည်ပနိုင်ငံများသို့ စက်တင်ဘာလတွင် တိုက်ရိုက်တင်ပို့မည်



**ရန်ကုန် ဇူလိုင် ၂၉**

ပြည်တွင်းရေထွက်ကုန်တင်ပို့မှုလုပ်ငန်းများ ဝင်ငွေပိုမိုရရှိလာစေရန်အတွက် ပင်လယ်ရေထွက်ကုန်အရှင်များအား ပြည်ပနိုင်ငံများသို့ စက်တင်ဘာလတွင် တိုက်ရိုက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်ငွေပိုမိုရရှိ**

ပြည်တွင်းပင်လယ်ရေထွက်ကုန်များဖြစ်သော ကျောက်ငါး၊ ကျောက်ပုစွန်၊ ပုစွန်နှင့် ကဏန်းများကို ဟောင်ကောင်၊ ထိုင်ဝမ်၊ မကာအို၊ တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့သို့ တိုက်ရိုက်တင်ပို့သွားမည်ဖြစ်သည်။ ပြည်တွင်းငါးဖမ်းလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်၊ ပင်လယ်ရေထွက်ကုန်များကို ရှာဖွေနေသည့် ရေလုပ်သားများ ဝင်ငွေပိုမိုရရှိလာစေရန်၊ ငါးဖမ်းလုပ်ငန်းကို မြှင့်တင်ရာရောက်ပြီး ပြည်တွင်းရှိ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✪

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

## ယောနိသော မနသိကာရ နှလုံးသွင်း

မျက်မှောက်ကာလ အဖြစ်အပျက်တို့ကို လေးနက်စွာစဉ်းစားကြည့်သော အခါ များစွာသော လူသတ္တဝါတို့၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဟူသော ဗြဟ္မစိုရ်တရားများ ကွယ်ပျောက်၍ သွေ့ခြောက်သကဲ့သို့ ထင်ရသည်။ လောဘ၊ ဒေါသ၊ မောဟတရားများ ကြီးထွားလာမှုကြောင့် လူအချင်းချင်း လှည့်ဖြားခြင်း၊ လူအချင်းချင်း နှိပ်စက်ခြင်းသာမက လူအချင်းချင်း သတ်ဖြတ်ခြင်းအထိပင် ကျူးလွန်လာကြ၏။

ထိုသူတို့၏ ခြောက်သွေ့သော အပူဓာတ်သည် လူကောင်း၊ သူကောင်းတို့၌ပင် အပူဟပ်၍ စိတ်မချမ်းမြေ့ဖွယ်ဖြစ်ကြရ၏။ ထိုအပူဓာတ်သည် တစ်ယောက်နှင့်တစ်ယောက် မညှာတာနိုင်အောင်ဖြစ်သော လောဘ၊ ဒေါသ၊ မာန်မာနနှင့် ဣဿာ၊ မစ္ဆရိ စသည်တို့ကြောင့် ဖြစ်ရ၏။ ထိုအပူဓာတ်သည် ယခုဘဝတွင်သာ ခြောက်ကပ်စေသည်မဟုတ်၊ သံသရာတစ်လျှောက်သာမက နောက်နောင်ဘဝ၌လည်း ခြောက်ကပ်စေလိမ့်မည်ကို သတိချပ်သင့်၏။

ထို့ကြောင့် ထိုအပူဓာတ်တို့ကို နောင်တတစ်ဖန်ပူပန်လျက် ယခုဘဝ၌ပင် စွမ်းနိုင်သမျှ ငြိမ်းသတ်လျက် မြင့်မြတ်သောစိတ်ထားများကို မွေးမြူကာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တည်းဟူသော ဗြဟ္မစိုရ်အအေးဓာတ်ကို မပြတ်စိမ့်စိုအောင် ကြိုးစားအားထုတ်သင့်ကြပေသည်။ ဆိုလိုရင်းမှာ ပုထုဇဉ်ဟူသော လူသားတို့သည် အမှားနှင့် မကင်းနိုင်သူချည်းဖြစ်၍ မိမိတို့အမှားကို ဆင်ခြင်သုံးသပ်ကာ ယခုမှစ၍ မိမိတို့၏ အတွင်းစိတ်ကို အမြဲကောင်းမွန်အောင် ပြုပြင်ခြင်းဖြင့် နောက်နောင် အကောင်းချည်းဖြစ်အောင် အားထုတ်သင့်ပေသည်။

မိမိတို့စိတ်ကို အကောင်းချည်းဖြစ်အောင် မည်သို့အားထုတ်မည်နည်းဆိုပါမူ ယောနိသောရှိမှသာ စိတ်နှလုံးကောင်း ရရှိကြမည်ဖြစ်သည်။ တွေ့ရာကြုံရာကိစ္စတို့၌ သင့်လျော်အောင် နှလုံးသွင်းလေ့ရှိမှုကို "ယောနိသော မနသိကာရ" ဟုခေါ်ပါသည်။ ယခုကာလအဖို့ မနသိကာရကို ဖြုတ်၍ "ယောနိသော"ကို နှလုံးသွင်းရမည်ဖြစ်သည်။ ထိုကဲ့သို့ သင့်လျော်အောင် နှလုံးသွင်းမှု (ယောနိသော) ရှိလျှင် အကုသိုလ်စိတ် (မကောင်းစိတ်)မဖြစ်ဘဲ စိတ်ကောင်းချည်းဖြစ်မည်။ ယောနိသော မရှိလျှင် စိတ်ကောင်းဖြစ်လောက်သော အရာရာကိစ္စများ၌ပင် စိတ်မကောင်းဖြစ်နေတတ်သည်။ ထို့ကြောင့် များထိုလူတို့ စိတ်ကောင်းဖြစ်ဖို့ရာ "ယောနိသော" သာလျှင် အရေးအကြီးဆုံးဖြစ်သည်။

ယောနိသော ရှိခြင်း၊ မရှိခြင်းတို့၏ အရင်းခံအကြောင်းများကား စာကောင်းပေကောင်းများ ဖတ်ရှုခြင်း၊ မဖတ်ရှုခြင်း၊ ပညာရှိတို့ထံတွင် နည်းနာခံခြင်း၊ နည်းနာမခံခြင်း အကြောင်းသည် အဓိကအချက်ဖြစ်သည်။ စာကောင်းပေကောင်းတို့ကို ဖတ်ရှုလေ့ရှိသူ၊ ပညာရှိသူတော်ကောင်းတို့ထံ နည်းနာခံလေ့ရှိသူ (ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းလေ့ရှိသူ) ဖြစ်လျှင် အကြားအမြင် ဗဟုသုတတိုးပွား၏။ အကြားအမြင် ဗဟုသုတ တိုးပွားသူမှာ "ငါ၏ စိတ်သန္တာန်၌ အမြဲစိတ်ကောင်းဖြစ်စေမည်" ဟု ခံယူထားလျှင် တွေ့ရာကြုံရာ အာရုံများ၌ ယောနိသောရှိမည်။

သို့ဖြစ်ရာ တွေ့ရာကြုံရာကိစ္စတို့တွင် ယောနိသောရှိပြီး သင့်လျော်အောင် နှလုံးသွင်းကာ အရာရာ၌ ဗြဟ္မစိုရ်တရား လက်ကိုင်ထားလျက် ကြီးမားသော စိတ်ကောင်းရှိသူဖြစ်စေလိုပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



## ၁၁ ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တကုမာရဘိဝံသ၏ ဝိဇာတပူဇာ မွေးနေ့အလှူတော် ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

တိပိဋကပုလဲရောင်ရှိန်စာသင်တိုက် ဆရာတော် ၁၁ ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုမာရဘိဝံသ၏ ဝိဇာတပူဇာ မွေးနေ့အလှူတော် မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ အဆိုပါစာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဒည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဒည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ နှင့် တိပိဋကစက္ခုပါလမျက်စိဆေးခန်းမှ မျက်စိဆရာဝန်ကြီးများနှင့် သူနာပြုများအတွက် ဝတ်စုံများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မော်ကျွန်းဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသက အနုမောဒနာတရားမြွက်ကြားတော်မူပြီး တိပိဋကပုလဲရောင်ရှိန်စာသင်တိုက် ဆရာတော်က ရေစက်ချတရား မြွက်ကြားတော်မူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**တိပိဋကဓရဘွဲ့ရ ၁၁ ပါးမြောက်ဖြစ်**

တိပိဋကပုလဲရောင်ရှိန်စာသင်တိုက် ဆရာတော်သည် မြန်မာတစ်နိုင်ငံလုံးတွင် တိပိဋကဓရဘွဲ့ရ ဆရာတော် ၁၄ ပါးရှိသည့်အနက် ၁၁ ပါးမြောက် ဖြစ်သည်။

**အခမဲ့လာရောက်ကုသနိုင်**

တိပိဋကပုလဲရောင်ရှိန်စာသင်တိုက် ဆရာတော် ဦးဆောင်စီမံ၍ တိပိဋကစက္ခုပါလအဖွဲ့ ဖွဲ့စည်းပြီး အဆိုပါစာသင်တိုက်ရှိ တိပိဋကစက္ခုပါလ မျက်စိဆေးခန်းတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်လလျှင် လေးရက် မျက်စိဆရာဝန်ကြီးများက စမ်းသပ်ကုသပေးလျက်ရှိရာ မျက်စိဝေဒနာရှင် ရဟန်းရှင်လူမည်သူမဆို အခမဲ့လာရောက်ကုသနိုင်ကြောင်း၊ အလှူရှင်များ အနေဖြင့် မျက်စိတစ်ဖက်လျှင် ခွဲစိတ်ကုသစရိတ် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် မျက်စိအလင်းပေးလှူနိုင်ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - လှမိုး**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉-၇-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၁,၀၀၀ | ၂,၀၅၀ | ၂၂,၅၅၀,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၁၆,၃၄၀ | ၅၄,၇၃၉,၀၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂၀ | ၁၆၄,၀၀၀ |
| FPB | ၂၄,၀၀၀ | ၂၄,၅၀၀ | ၁၁ | ၂၆၄,၅၀၀ |
| TMH | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂၉**

ရန်ကုန်(ရွှေဈေး) ၁၁၄၈၀၀၀ - ၁၁၄၈၀၀၀ မန္တလေး(ရွှေဈေး) ၁၁၄၈၀၀၀ - ၁၁၄၈၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၀/၉၀၅ ကျပ် | ၉၂၅/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၉၅ ကျပ် | ၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၇၉၅ ကျပ် | ၈၃၀/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၀/၉၂၀ ကျပ် | ၉၄၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၀/၈၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀/၈၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၅၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၉.၃ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၇၈.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၈.၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၉၀၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၈၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၂၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၉.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၃၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၂.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၀၀.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ အိန္ဒိယလေတပ်ဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို



**နေပြည်တော် ဇူလိုင် ၂၉**

အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန South Block Lawn ၌ Air Chief Marshal Birender Singh Dhanoa က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။**(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌနှင့် လေတပ်ဦးစီးချုပ်တို့သည် South Block ရှိ အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးကြသည်။

**ဆက်လက်ကူညီ**

တွေ့ဆုံပွဲတွင် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)ဦးစီးချုပ်များကော်မတီ ဥက္ကဋ္ဌက ချစ်ကြည်ရေးခရီးစဉ်လာရောက်လည်ပတ်မှုသည် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးကို ပိုမိုခိုင်မာစေသည့် ပြယုဂ်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာ့တပ်မတော်၏ စွမ်းရည်မြှင့်တင်ရေး တည်ဆောက်မှုဆိုင်ရာများတွင် ဆက်လက်ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ပြောကြားရာတွင် မကြာသေးမီက အိန္ဒိယနိုင်ငံအနေဖြင့် လကိုစူးစမ်းလေ့လာမည့် ချန်ဒရာယန်-၂ အာကာသယာဉ်ကို ရှရီဟာရီကိုတာကျွန်းရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်းနှင့် ယခုကဲ့သို့ အောင်မြင်စွာလွှတ်တင်နိုင်မှုသည် အိန္ဒိယနိုင်ငံ၏ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်မှုအပြင် အိန္ဒိယလေတပ်၏ စွမ်းရည်မြင့်မားမှုကိုပါ ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ အိန္ဒိယတပ်မတော်မှ မြန်မာ့တပ်မတော် စွမ်းရည်မြင့်မားရေး တည်ဆောက်မှုများတွင် ကူညီဆောင်ရွက်ပေးနေမှုများအား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူတစ်ဦးက အိန္ဒိယနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ သဘောထားအမြင်နှင့် Counter Insurgency and Jungle Warfare School သင်တန်းကျောင်းဆိုင်ရာတို့နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

နံနက်ပိုင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် India Gate ရှိ National War Memorial သို့ ရောက်ရှိကြပြီး ဂုဏ်ပြုပန်းခွေချ အလေးပြုကာ National War Memorial အတွင်း ကြည့်ရှုလေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဇူလိုင် ၂၈ ရက်တွင် အဂ္ဂရာမြို့ရှိ တာ့ဂျ်မဟာဂူဗိမာန်ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တာ့ဂျ်မဟာဂူဗိမာန်၏ အနောက်မြောက်ဘက် ၂ ဒသမ ၅ ကီလိုမီတာအကွာရှိ အဂ္ဂရာခံတပ်(Agra Fort) သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အဂ္ဂရာလေတပ်စခန်း Air Force Station(Agra) သို့ ရောက်ရှိပြီး Air Force Station အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကာ အိန္ဒိယလေတပ်မှ လေထီးသင်တန်းသားများ၏ မြေပြင်လေထီးခုန်လေ့ကျင့်ခန်း လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှု၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော်အထူးလေယာဉ်ဖြင့် အဂ္ဂရာမြို့မှ နယူးဒေလီမြို့သို့ ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇူလိုင် ၂၈ ရက် ညနေပိုင်းက နယူးဒေလီမြို့ရှိ မြန်မာသံရုံးနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာစစ်သံရုံးတို့မှ မိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများအား မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများအား ပေးအပ်ရာ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများ၊ သင်တန်းသားအရာရှိများက လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား သံရုံး၊ စစ်သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်း အခြေခံ(အထူး) သင်တန်းဖွင့်ပွဲ ကျင်းပ





**ရန်ကုန် ဇူလိုင် ၂၉**

အရာထမ်းလောင်းအခြေခံ(အထူး) သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရန် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနေသကဲ့သို့ ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက်လည်း အတတ်နိုင်ဆုံးဆောင်ရွက်နေပါကြောင်း၊ ယခု ရှစ်ပတ်တာကာလ သင်တန်းတွင် အရာရှိများအတွက် လိုအပ်မည့် ရုံးလုပ်ငန်း၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ စသည့် အကြောင်းအရာများနှင့် ဝန်ကြီးဌာနတွင် အဓိကလုပ်ဆောင်နေသော လုပ်ငန်းအကြောင်းအရာများကိုပါ ပို့ချသွားမည်ဖြစ်သဖြင့် အလေးအနက်ထားကာ ကြိုးစားမှတ်သားကြစေလိုပါကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အရာထမ်းလောင်းဆရာဝန် ၄၁၄ ဦးနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် အရာထမ်းလောင်းဆရာဝန် ၃၀၉ ဦး တက်ရောက်နေသည်ကို သိရှိရပါကြောင်း၊ သင်တန်းပြီးမြောက်သည့်အခါ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အထူးကုဆရာဝန်ကြီးများ တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံကြီးများတွင် အရာထမ်းလောင်းဆရာဝန်များ၏ ဆန္ဒပြုလျှောက်ထားသည့်နေရာများ ရရှိစေရန် အတတ်နိုင်ဆုံးစီစဉ်ကာ တာဝန်ချထားပေးသွားမည်ဖြစ်ပါကြောင်း။

**အလေးထားဆောင်ရွက်**

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရန် လုပ်ငန်းလိုအပ်ချက်များရှိနေသော ဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်မှုကာလ နှစ်နှစ်ပြည့်မြောက်သည့်အခါ ဝန်ကြီးဌာနရှိ အခြားဦးစီးဌာနများသို့လည်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းဆရာဝန်များအနေဖြင့် ဝန်ကြီးဌာန၏ ကျရာတာဝန်များကို ဝိုင်းဝန်းထမ်းဆောင်ရာတွင် လုပ်ငန်းခွင်၌ အဆင်ပြေစိတ်ချမ်းမြေ့စွာ တာဝန်ထမ်းဆောင်နိုင်စေရေး၊ ဘဝတက်လမ်း အခွင့်အလမ်းများနှင့် ရာထူးအခွင့်အလမ်းများ တိုးတက်ရရှိစေရေး၊ လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားစေရေးအတွက် အစီအစဉ်များချမှတ်ကာ အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ထမ်းဆရာဝန်များအတွက် ၂၀၂၀ ပြည့်နှစ် ပညာသင်နှစ်အတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်း ခုနစ်မျိုး၊ မဟာသိပ္ပံသင်တန်း ၃၀၊ ဆေးလက်တွေ့အခြေခံပါရဂူသင်တန်း ခြောက်မျိုး၊ ဆေးလက်တွေ့ပါရဂူသင်တန်း ၄၁ မျိုး၊ စုစုပေါင်း ၈၄ မျိုးတို့အတွက် ရွေးချယ်ခေါ်ယူလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ အင်တာနက်(online)မှတစ်ဆင့် နိုင်ငံတကာမှ ပညာတော်သင်များ လျှောက်ထားခြင်းကိုလည်း ခွင့်ပြုစေလွှတ်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆေးပညာရှင်ဆရာဝန်များ လုပ်ငန်းခွင်မပြတ် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားလေ့လာနိုင်ရန်အတွက် ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ ပူးပေါင်း၍ World Medical Association က ဦးစီးပြုလုပ်သည့် online course များသို့ တက်ရောက်နိုင်ရေးအတွက် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးတက္ကသိုလ်များအနေဖြင့်လည်း နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများရေးထိုး၍ တက္ကသိုလ်များ၏ ဘက်စုံအဆင့်မြင့်မားတိုးတက်ရေး၊ သင်ကြားသင်ယူမှု အရည်အသွေး ပိုမိုမြင့်မားရေးကိစ္စရပ်များနှင့် သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်စေရန် ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**တိုက်တွန်း**

ဝန်ကြီးဌာန၏ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတာဝန်များကို မကြာမီထမ်းဆောင်ကြမည့် အရာထမ်းလောင်း ဆရာဝန်များအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း၊ ဝန်ကြီးဌာန၏ ပုံရိပ်ကိုမြှင့်တင်ပေးနိုင်မည့် ကျင့်ဝတ်နှင့် ပညာရည်မြင့်မားသည့် အနာဂတ်ခေါင်းဆောင် ဆေးပညာရှင်များ ဖြစ်ကြပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ အရာထမ်းလောင်းဆရာဝန် သင်တန်းသား ၂၀၁ ဦးနှင့် သင်တန်းသူ ၂၁၃ ဦး စုစုပေါင်း ၄၁၄ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာ့စီးပွားရေးဘဏ်၊ မုံရွာဘဏ်ခွဲသည် သာမန်ဘဏ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နေရာလုံလောက်မှုရှိသော်လည်း လစဉ်ပင်စင်ထုတ်ပေးသည့် ရက်များတွင် နေရာထိုင်ခင်း အခက်အခဲဖြစ်လေ့ရှိသဖြင့် ဘဏ်နှင့် ၁၀ ပေအကွာတွင်ရှိသည့် မြန်မာ့သစ်လုပ်ငန်းမှ ပိုင်ဆိုင်ပြီး အသုံးပြုခြင်းမရှိသော အလျားပေ ၁၅၀၊ အနံပေ ၁၅၀ ရှိ မြေကွက်လပ်ပေါ်တွင် အဆောက်အဦသစ် တိုးချဲ့နိုင်မည်ဆိုပါက ဘဏ်နှင့်ဆက်သွယ်သည့် လုပ်ငန်းရှင်များအတွက်လည်းကောင်း၊ ပင်စင်စားများအတွက်လည်းကောင်း အဆင်ပြေသွားနိုင်မည်ဟု တင်ပြလာပါကြောင်း။

## ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်

သို့ဖြစ်ပါ၍ ဘဏ်နှင့် ၁၀ ပေခန့် လမ်းခြားပြီး မြန်မာ့သစ်လုပ်ငန်းကလည်း အသုံးပြုခြင်းမရှိသော အလျားပေ ၁၅၀၊ အနံပေ ၁၅၀ ရှိ မြေကွက်လပ် ရရှိရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ မြေရရှိပါက ဘဏ်အဆောက်အဦ တိုးချဲ့ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်၏ **ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန်နှင့် ရုံးအဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ခိုင်ကမ်းမြို့သည် ယခင်က ကျေးရွာအုပ်စု အဆင့်သာဖြစ်ပါကြောင်း၊ ယခု မြို့အဖြစ်သတ်မှတ်၍ အဆင့်တိုးမြှင့်ခဲ့သော်လည်း ကျေးရွာအုပ်စု တစ်ခုသာရှိပါကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ ဖွဲ့စည်းပုံသစ်အရ တီးတိန်မြို့နယ်ရုံး၏ ဝန်ထမ်းအင်အားကို တိုးချဲ့ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အတွက် တီးတိန်မြို့နယ်ရုံး၏ ဝန်ထမ်းအင်အားဖြင့် ကွင်းလုပ်ငန်းများကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ပါကြောင်း၊ ထို့ကြောင့် ခိုင်ကမ်းမြို့တွင် ရုံးဖွင့်လှစ်ရန်နှင့် ရုံးအဆောက်အဦ ဆောက်လုပ်ပေးရန် လောလောဆယ်တွင် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၏ **ပင်စင်ကိစ္စနှင့် ပတ်သက်၍ ဝန်ထမ်းတစ်ဦး ကွယ်လွန်ခဲ့ပါက ၎င်း၏ ကျန်ရစ်သူဇနီး (သို့မဟုတ်) ခင်ပွန်းအား ခွင့်ပြုရာ၌ ညီမျှမှုမရှိသည့်အတွက် ပြင်ဆင်ပေးရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** မေးခွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရခိုင်ပြည်နယ်၌ နွေရာသီ သောက်သုံးရေ ရှားပါးမှုအတွက် မည်သို့ဆောင်ရွက်ထားသည်နှင့် ရေရှားပါးသော မြို့နယ်များအတွက် ရေဘောက်ဆာ ကားတစ်စီးစီ ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ **ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကျူးကျော်နေသူများအား အောင်ချမ်းသာ အိမ်ရာနေရာနှင့် ဆက်စပ်နေရာများတွင်သာ ထားရှိရန်နှင့် အခြားလယ်ယာမြေနေရာများတွင် အကွက်ရိုက်ရောင်းချနေသည့် တာဝန်ရှိသူများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းတို့နှင့်စပ်လျဉ်းပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးပူဂင်ကမ်းလျန်



ဒုတိယဝန်ကြီး ဦးလှကျော်



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်အိအိပြုံး



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း

## အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးအေးဗိုလ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးဝင်းမြင့်တို့က ပြင်ဆင်၊ ဖြည့်စွက်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းလွင်ဦး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က ပြင်ဆင်၊ ဖြည့်စွက်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများနှင့် အကြောင်းအရာများကို ဆွေးနွေးတင်ပြကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဒေါက်တာတင်တင်ဝင်း တင်သွင်းထားသည့် **ကျေးလက်နေ အမျိုးသမီးများ၏ လူနေမှုဘဝမြင့်တင်ရန်၊ စီးပွားရေးတွင် တစ်နိုင်တစ်ပိုင်ပါဝင်ရန်၊ နေရပ်စွန့်ခွာ၍ ရေမြေခြားအလုပ်သွားလုပ်ခြင်းကို လျှော့ချနိုင်ရန်နှင့် အမျိုးသမီးများအတွက် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် အိမ်တွင်း စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန် အသိပေးခြင်း၊ နည်းပညာပေးခြင်း၊ ရင်းနှီးရန်ပုံငွေကြေး ရှာဖွေပေးခြင်း၊ ကုန်ကြမ်းကို ဒေသထွက်အဖြစ် ဖော်ထုတ်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်း၊ ဈေးကွက်တည်တံ့အောင် ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဌာနများ စုပေါင်း၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

## ဝိုင်းဝန်းကြိုးစားရမည်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဥပဒေ ပေါ်ပေါက်လာရန် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အလုပ်အကိုင်ဖန်တီးပေးနိုင်မည့် လုပ်ငန်းခွင်များ ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ ကျေးလက်နေပြည်သူများသည် အသိပညာတိုးပွားသည့် လုပ်ငန်းများသင်ယူလိုခြင်းထက် အသေးစားချေးငွေလုပ်ငန်းများတွင်သာ အာရုံစိုက်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ကျေးရွာများတွင် အသေးစားချေးငွေလုပ်ငန်းများ နည်းမျိုးစုံဖြင့် ဝင်ရောက်နေမှုကို ပြန်လည်သုံးသပ်စိစစ်၍ အသေးစားချေးငွေလုပ်ငန်းစဉ်များနှင့် အတူ အသိပညာပေးသည့် လုပ်ငန်းစဉ်များကိုပါ တစ်ပါတည်းပူးတွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ကျေးလက်နေပြည်သူများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လက်ရှိအစိုးရ လုပ်ကိုင်ဆောင်ရွက်နေသည့် သင်တန်းများ၊ ဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်နေသော ဆောင်ရွက်ချက်များအပြင် ပိုမိုဆောင်ရွက်စေလိုသည့် ကိစ္စရပ်များရှိပါက အစိုးရဌာနများနှင့် ပူးပေါင်းပြီး လက်တွေ့အကောင်အထည်ဖော်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်တို့က အဆိုနှင့်စပ်လျဉ်းပြီး အကြံပြုဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆဋ္ဌမနေ့ အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှကျော်(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့ အာဆီယံ - တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ်သို့ တက်ရောက်ခဲ့

**နေပြည်တော် ဇူလိုင် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ “Connected For A Better Future” ဆောင်ပုဒ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် ပြန်ကြားရေးဝန်ကြီးများအဆင့် သတင်းမီဒီယာဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ဂျကာတာမြို့ရှိ Hotel Mulia Senayan ၌ ကျင်းပသည့် High Level Conference on ASEAN-China Media Cooperation ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယဝန်ကြီး မစ္စတာဖန်ဝေပင်း၊ အာဆီယံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟောင်ရှီလန်၊ တရုတ်နိုင်ငံတက္ကသိုလ်များနှင့် ရုပ်မြင်သံကြားဌာနများမှ ကိုယ်စားလှယ်အဖွဲ့များနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ASCC Deputy Secretary-General မစ္စတာကွန်ဖုတ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အာဆီယံ-တရုတ် မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ပါဝင်ဆွေးနွေးပြောကြားသည်။

ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် ASEAN- China High Level Media Forum ကို ကျင်းပရာ တရုတ်နိုင်ငံအမျိုးသားရေဒီယိုနှင့်ရုပ်မြင်သံကြားစီမံခန့်ခွဲရေးအဖွဲ့ ဒုတိယဝန်ကြီး မစ္စတာဖန်ဝေပင်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်မ် ဂျော့ဟွိုင်းနှင့် အာဆီယံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟောင်ရှီလန်နှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲနှစ်ရပ်ကျင်းပရာ “The Role of Media in Building a Closer ASEAN-China Community with a Shared Future” ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ၌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက Panelist အဖြစ်ပါဝင်၍ ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာကဏ္ဍအရေးကြီးပုံကို မြန်မာနိုင်ငံ၏အတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ ဆွေးနွေးပြောကြားသည်။




ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်အဖွဲ့သည် ဂျကာတာမြို့ရှိ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးသို့ သွားရောက်ခဲ့ရာ အာဆီယံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းလွင်နှင့် မြန်မာဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးရှိ စာကြည့်တိုက်၊ ပြခန်းများနှင့် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးသစ်တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

သတင်းစဉ်

# ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး အစီအစဉ် အခြေခံပညာအလယ်တန်းဆရာကိုင်စာအုပ်များ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၉**
ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးအစီအစဉ် (အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် နိုင်သက်လွင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါ်မြတ်မြတ်စိုး၊ ဦးဟန်ညွှန့်နှင့် ဒေါ်အေးအေးမူ၊ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ UNODC ရုံးမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ရေရှည်လုပ်ဆောင်ချက်ဖြစ်**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အသိပညာပေးခြင်းလုပ်ငန်းသည် အထိရောက်ဆုံး၊ အကျယ်ပြန့်ဆုံးနှင့် အကောင်းဆုံး ရေရှည်လုပ်ဆောင်ချက်ဖြစ်သောကြောင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ရာ၌ အခြေခံပညာမူလတန်းအဆင့်ကျောင်းသား ကျောင်းသူများမှစတင်၍ ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် မတ်လအတွင်း ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)၏ အစီရင်ခံစာတစ်ခုတွင် "တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကြီးမားဆုံးသော အဟန့်အတားများအနေဖြင့် ပညာရေးနှင့် အခြားအခြေခံအဆောက်အအုံများ ချို့တဲ့မှုထက် အဂတိလိုက်စားမှု(သို့မဟုတ်)အကျင့်ဖောက်ပြန်မှုက ပို၍ဆိုးရွားစွာ ပျက်စီးစေသည်" ဟု ဆိုပါကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထိထိရောက်ရောက် ဆောင်ရွက်နေခြင်းသည် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် လူမှုကျင့်ဝတ်များကို လေးစားလိုက်နာကျင့်သုံးတတ်စေရန်၊ မြိုးခြွေတာတတ်စေရန်၊ အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နိုင်သော အကျိုးဆက်များ၊ ကိုယ်ကျင့်တရားပျက်ယွင်းရခြင်း၏ အကြောင်းရင်းများနှင့် အန္တရာယ်များကို သိရှိနားလည်ပြီး ပယ်ခွာတတ်စေရန်၊ နေ့စဉ်ဘဝတွင် အကောင်းအဆိုး အကြောင်းအကျိုးကို မှန်ကန်စွာဝေဖန်ပိုင်းခြားနိုင်ပြီး ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် လက်တွေ့ကျင့်သုံးလာစေရန် လူ့အဖွဲ့အစည်းအပေါ် မှန်ကန်ကောင်းမွန်သော အတွေးအမြင်များရရှိစေရန်နှင့် တန်ဖိုးထားအပ်သည့် စံနှုန်းများကို နိုင်ငံသူ နိုင်ငံသားများအတွင်း ပိုမိုဖြစ်ထွန်းလာစေရန် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ဆောင်ပေးနေခြင်းဖြစ်ပါကြောင်း။

မြန်မာတစ်နိုင်ငံလုံးတွင် အဂတိလိုက်စားမှုများ တစ်ပြိုင်နက်တိုက်ဖျက်နိုင်ရန် ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသော အစုအဖွဲ့များဖြစ်ပေါ်လာစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသကဲ့သို့ အဂတိလိုက်စားမှုကာကွယ်တားဆီးရေးအဖွဲ့(Corruption Prevention Unit-CPU)များကို ဝန်ကြီးဌာန ၁၈ ခုတို့တွင် CPU ၃၂ ဖွဲ့ ဖွဲ့စည်းပေးခဲ့ရာ ပညာရေးဝန်ကြီးဌာနအတွက်လည်း ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ ကျောင်းနေစဉ်ကပင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးကို သင်ကြားလေ့ကျင့်ပေးမှသာလျှင် ၎င်းတို့စိတ်ထဲတွင် စွဲမြဲလာပြီး ဘဝတစ်လျှောက်လုံး မည်သည့်ကိစ္စမဆို ဖြောင့်မတ်တည်ကြည်မှုဖြင့် ဆောင်ရွက်သွားနိုင်သော အလေ့အကျင့်ကောင်းများ၊ အလေ့အထကောင်းများ ရရှိသွားနိုင်မည်ဖြစ်ပြီး နောင်လာမည့်အနာဂတ်အတွက် နိုင်ငံသားကောင်းများ၊ ကမ္ဘာ့သားကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ဖြောင့်မတ်တည်ကြည်မှုအတွက် စာသင်ကျောင်းများတွင် သင်ယူလေ့လာနိုင်ရန် လွယ်ကူမှု အခွင့်အရေးပေးလိုက်ခြင်းသည် အနာဂတ်မျိုးဆက်များကို အဂတိလိုက်စားမှုကင်းဝေးသွားစေရန် အခွင့်အာဏာပေးအပ်လိုက်ခြင်းနှင့် အတူတူပင်ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများတွင် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ဘာသာရပ်များကို လေ့လာသင်ယူနိုင်ရန် အခွင့်အရေးမရှိခဲ့ခြင်းသည် ယနေ့ နိုင်ငံတစ်ဝန်းလုံး အဂတိလိုက်စားမှုများ ပျံ့နှံ့နေရသည့် အကြောင်းတရားတစ်ခုဖြစ်သည်ဟု ယူဆနိုင်ပါကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသော ယဉ်ကျေးမှုသည် လူငယ်တို့၏ ပညာရေး၊ စာသင်ကျောင်းများမှသာ စတင်ရမည်ဖြစ်ကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုသည် နိုင်ငံတော်၏ ကောင်းမွန်သော အနာဂတ်ကို ပုံသွန်းလောင်းနိုင်သကဲ့သို့ ဖြောင့်မတ်တည်ကြည်မှုကို ဖောက်ဖျက်ခြင်းသည် အကျင့်ဖောက်ပြန်မှု(သို့မဟုတ်)အဂတိလိုက်စားမှု ဖြစ်သွားနိုင်သည်ကိုလည်း သိရှိရန်လိုအပ်ပါကြောင်း၊ ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှုထူထောင်ရာတွင် ကျောင်းသားကျောင်းသူ လူငယ်များမှ စတင်ခြင်းဖြစ်သော်လည်း ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေးယန္တရားနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာများပါမကျန် တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ ပါဝင်လာစေရန် အလေးထားအားထုတ်နေရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆရာကိုင်စာအုပ်များ ပေးအပ်**

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးထံ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(အခြေခံပညာအလယ်တန်း) ဆရာကိုင်စာအုပ်များ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ကော်မရှင်ဥက္ကဋ္ဌထံ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများအား ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(အခြေခံပညာအလယ်တန်း)ဆရာကိုင်စာအုပ်များပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကော်မရှင်ဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပညာရေးဝန်ကြီးဌာနသို့ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(အခြေခံပညာအလယ်တန်း) ဆရာကိုင် စာအုပ် ၄၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်စွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၉**
ပြည်သူ့ဝန်ထမ်းများအား လှုံ့ဆော်မှုပေးခြင်း မြှင့်တင်ရေးသည် အာဆီယံအသိုက်အဝန်းရည်မှန်းချက်(၂၀၂၅)နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်ပါ ရည်ရွယ်ချက်နှင့်ပန်းတိုင်တို့၏ အဓိပ္ပာယ်များကို ထင်ဟပ်ပေါ်လွင်စေပါကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းက ပြောသည်။

ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထိုသို့ပြောကြားခြင်းဖြစ်သည်။




**စိတ်ကူးစိတ်သန်းများကို ဖြန့်ဝေ**

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ပညာရှင်များ၏ အတွေ့အကြုံများနှင့် အလေ့အထများ၊ အမြင်များနှင့် စိတ်ကူးစိတ်သန်းများကို ဖြန့်ဝေဖလှယ်နိုင်မည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် ဝန်ဆောင်မှုပေးနိုင်စေရေးလှုံ့ဆော်မှုကို တွန်းအားပေးစေနိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် နှိုင်းယှဉ်မှုကိုအခြေခံသည့် လေ့လာဆန်းစစ်ခြင်းနှင့် အဆိုပါပြည်သူ့ဝန်ထမ်းများကို လှုံ့ဆော်မှုပေးခြင်းနှင့် သက်ဆိုင်သည့် နယ်ပယ်၏ ကောင်းမွန်သည့် အလေ့အထများအပေါ် ရှင်းလင်းဆွေးနွေးမည်လည်း ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများအတွက် ပြည်သူ့ဝန်ထမ်းများအား လှုံ့ဆော်မှုပေးခြင်းအပေါ် တွန်းအားဖြစ်စေသည့် အချက်အလက်များအား သတ်မှတ်နိုင်ရေး ကူညီပံ့ပိုးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာ ဝန်ဆောင်မှုပေးခြင်း၊ မြန်မာနိုင်ငံရှိ ပြည်သူ့ကဏ္ဍ၌ နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွမှုရှိစေရေး လှုံ့ဆော်မြှင့်တင်ခြင်း၊ ပြည်သူများအား ဝန်ဆောင်မှုပေးရာတွင် စိတ်အားထက်သန်တက်ကြွစွာ လှုံ့ဆော်မြှင့်တင်ပေးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ စိတ်အားထက်သန်တက်ကြွလာစေရေးအတွက် အားပေးထောက်ကူသော ပတ်ဝန်းကျင်တစ်ခုဖန်တီးခြင်း စသည်တို့အပါအဝင် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးကို နိုင်ငံ့ဝန်ထမ်းများ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင်လည်းကောင်း ဝန်ထမ်းများ၏ လုပ်ဆောင်လိုသည့်စိတ်ဓာတ်များကို လှုံ့ဆော်ပေးမည့် ကိုယ်တွင်းစေ့ဆော်မှုနှင့် ပြင်ပစေ့ဆော်မှုများကို ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ပညာရှင်များက စာတမ်းများကိုလည်း ဖတ်ကြားကြမည်ဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက ပြောသည်။

"ပြင်ပပညာရှင်တွေက နိုင်ငံ့ဝန်ထမ်းတွေ စိတ်အားထက်သန်တက်ကြွမှုဖြစ်စေဖို့အတွက် ဆန်းစစ်မှုတွေ လုပ်ထားတဲ့ စာတမ်းငါးစောင်ကို ဖတ်ကြားမှာဖြစ်ပါတယ်။ ပြည်တွင်း ပညာရှင်တွေကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေကို စိတ်အားထက်သန်တက်ကြွစွာနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် သုတေသနပြုထားတဲ့ စာတမ်းနှစ်စောင်ကို ဖတ်ကြားသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**အားလုံး လိုက်ပါပြောင်းလဲ**

"ဒီနေ့အလုပ်ရုံဆွေးနွေးပွဲရဲ့အဓိကအချက်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဦးဆောင်ပြီး ပြည်သူ့ဝန်ထမ်းတွေရဲ့ဝန်ဆောင်မှုတွေ ပိုမိုကောင်းမွန်ဖို့ ပြောင်းလဲနေတယ်။ ဒီလိုပြောင်းလဲနေတာကို အားလုံးကို သိစေချင်တယ်။ ပြီးတော့ ခုလိုပြောင်းလဲမှုလမ်းကြောင်းမှာ အားလုံးလိုက်ပါ ပြောင်းလဲဖို့ကိုလည်း အသိပေးချင်တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်မှ အဖွဲ့ဝင်(စီးပွားရေးပညာရှင်) ဦးသုတအောင်က ပြောသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor က "ဒီနေ့ဆွေးနွေးပွဲကတော့ အာဆီယံဒေသတွင်းမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့လုပ်ငန်းခွင်စွမ်းဆောင်မှုမြှင့်တင်ဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာ လက်တွေ့ကျင့်သုံးနေတဲ့ လှုံ့ဆော်မှုဆိုင်ရာ အချက်အလက်တွေကို အခြေခံဆွေးနွေးမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံက နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွေအတွက် များစွာအကျိုးရှိတဲ့ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါတယ်" ဟု အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ သုံးသပ်ပြောကြားသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း**

# နိုင်ငံတော်နှင့် ပြည်သူအကျိုးရှိမည့် သဘာဝပတ်ဝန်းကျင် ပျက်စီးထိခိုက်မှု အနည်းဆုံးဖြစ်မည့် ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ရန်လိုအပ်

**ထားဝယ် ဇူလိုင် ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့ ဦးဆောင်သောအဖွဲ့သည် ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရန် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက မြန်မာလေကြောင်းဖြင့် ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ သူ့ဌေးကျွန်းရှိ Marina Bay ပြုလုပ်မည့်နေရာကို မော်တော်ဘုတ်များဖြင့် ကြည့်ရှုလေ့လာကြသည်။



**နှစ်စဉ်ခရီးသွားရောက်ရှိမှု တိုးတက်**

မွန်းလွဲပိုင်းတွင် သူ့ဌေးကျွန်းဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၁၉) အစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုဒေသသည် ကျွန်းပေါင်းများစွာ၊ ကမ်းခြေပေါင်းများစွာဖြင့် ဖွဲ့စည်းထားပြီး ပင်လယ်ပြင်ကျွန်း ခရီးသွားလုပ်ငန်းများ၊ နေ့ချင်းပြန် ခရီးသွားလုပ်ငန်းများ၊ အပျော်စီးသင်္ဘောခရီးစဉ်များ စသည့် ပင်လယ်ပြင်ကို အခြေပြုသော ခရီးသွားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသဖြင့် နှစ်စဉ်ခရီးသွားရောက်ရှိမှုတွင်လည်း တိုးတက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သောခရီးသွားလုပ်ငန်း (Sustainable Tourism) အဖြစ် ဖော်ဆောင်သွားရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်သယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ ကျွန်းများပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ရာ၌ သဘာဝကို မပျက်စီးစေသော Ecolodge ပုံစံ အဆောက်အအုံများကို ဆောက်လုပ်သင့်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေများထဲမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်နုတ်သုံးစွဲသွားရန် ပြောကြားသည်။

**သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းဖြစ်ရန်လို**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မြန်မာနိုင်ငံ၏ သဘာဝလှပပုံများအကြောင်း၊ ကမ္ဘာ့နိုင်ငံများရှိ လူ့သက်တမ်းအတွင်း လှည့်လည်လည်ပတ်သင့်သည့်နေရာများတွင် မြန်မာနိုင်ငံသည် အပါအဝင်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ခရီးသွားလုပ်ငန်းကဏ္ဍ ပါဝင်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးရှိမည့် သဘာဝပတ်ဝန်းကျင် ပျက်စီးထိခိုက်မှု အနည်းဆုံးဖြစ်မည့် ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်ရန်လိုအပ်ကြောင်း၊ သင်္ဘောများကို ခရီးသွားရာသီတွင် အသုံးပြုပြီး ရာသီပိတ်သိမ်းချိန်တွင် လုံခြုံစွာသိမ်းဆည်းထားနိုင်ရန် ( Marina Bay) ထားရှိခြင်းဖြင့် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးလာနိုင်ပြီး နိုင်ငံဝင်ငွေ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

**သဟဇာတဖြစ်နေရန် လိုအပ်**

ပုလဲမွေးမြူရေးလုပ်ငန်းသည်လည်း မြန်မာ့ရေမြေနှင့် အပူချိန်ကိုက်ညီသည့်အတွက် ဝင်ငွေကောင်းမွန်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပုလဲလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ငါးလုပ်ငန်းတို့သည် စနစ်တကျ သဟဇာတဖြစ်နေရန် လိုအပ်ကြောင်း၊ ပြည်ဝင်ခွင့်ဗီဇာကို လွယ်ကူအောင်ဖြေလျှော့ပေးခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာခြင်း၊ နိုင်ငံခြားငွေ ပိုမိုရရှိလာနိုင်ခြင်းနှင့် လေယာဉ်ကြီးများ တက်ဆင်းနိုင်ရန် လေဆိပ်များပြင်ဆင်ခြင်းဖြင့် Tourism များ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံလိုသူများသည် ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျွန်းများကို အာရုံစိုက်လာကြကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ကော့သောင်းဒေသ ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမှုသည် ပိုမိုများပြားကြောင်း၊ ထို့အတူ ပုလဲလုပ်ငန်းဇုန်၊ ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဇုန်၊ ငါးလုပ်ငန်းဇုန်ဟူ၍ ဇုန်များခွဲခြားသတ်မှတ်ပေးရန် လိုအပ်ကြောင်း၊ အခြားနိုင်ငံမှ ခိုးဝင် Speed Boat များဝင်ရောက်မှုကို ပူးပေါင်းတားဆီး၍ ဒေသခံများ၏ လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်း (CBT) နှင့် ခရီးသွားရင်းနှီးမြှုပ်နှံတိုးတက်မှုသည် ပင်လယ်ပြင်မှာသာမက မြို့ပေါ်၌ပါ ရင်းနှီးမြှုပ်နှံလာစေရန် တိုက်တွန်းပံ့ပိုးပေးစေခြင်းဖြင့် ဒေသခံလူထုအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာစေလိုကြောင်းနှင့် လိုင်စင်သက်တမ်းတိုး၊ ဟိုတယ်ဆောက်လုပ်ခြင်း လုပ်ငန်းများကို ယခင်ကလို နေပြည်တော်ရုံးများအထိ သွားရောက်ရန် မလိုတော့ဘဲ တိုင်းဒေသကြီးအတွင်း၌ပင် ပြီးမြောက်အောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုအေးက (၁/၂၀၁၉) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် လိုက်နာဆောင်ရွက်မှုများအကြောင်း၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်အသစ် လျှောက်ထားမှုများ၊ ဟိုတယ်အခန်းတိုးနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုး၊ ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင်သက်တမ်းတိုး လျှောက်ထားမှုများ၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်သက်တမ်းတိုးလျှောက်ထားမှုများ၊ တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ Logo အား အတည်ပြုရန်ကိစ္စ၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဝင်သုံးဦးတို့အား ဗီယက်နမ်နိုင်ငံ Can Tho မြို့၌ ကျင်းပမည့် Southern Tourism Corridor Cooperation အစည်းအဝေးသို့ တက်ရောက်ရန် ရွေးချယ်ထားမှုအား အတည်ပြုရန် ကိစ္စရပ်များကို တင်ပြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေး

**လားရှိုး ဇူလိုင် ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဌေးနှင့် ဦးဆွေတင့်လွင် (ရှမ်းပြည်နယ် တာဝန်ခံများ)၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲအရာရှိများ၊ နိုင်ငံရေးပါတီ ၁၆ ခုမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သော အရပ်ဘက်လူမှုအဖွဲ့အစည်း သုံးဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများကို ကျင်းပရာတွင် သတ်မှတ်ထားသော စံ (၅) ချက်ဖြစ်သည့် လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံမှုရှိရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဆိုသည့် အချက်များနှင့်အညီ ကျင်းပပေးလျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်ကို အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း အမှန်တကယ်နေထိုင်သော လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ယူပြုစုစိစစ်လျက်ရှိပါကြောင်း၊ အဆိုပါလူဦးရေစာရင်းကို အခြေခံမဲဆန္ဒရှင်စာရင်းအဖြစ်သို့ ပြောင်းလဲပြုစုသွားမည်ဖြစ်သဖြင့် လူဦးရေစာရင်းမှန်ကန်စေရေးသည် အထူးအရေးကြီးပါကြောင်း၊ လူဦးရေစာရင်းကောက်ယူရာတွင် ပြည်သူလူထု၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကလည်း လုပ်ငန်းစဉ်များတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်း**

ယင်းနောက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထင်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၉ - ၂၀၂၂ ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးဇော်မြင့်ဝင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လူဦးရေစာရင်း ကောက်ယူပြုစုခြင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် မေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်၊ ဦးသန်းဌေး၊ ဦးဆွေတင့်လွင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၈ / ၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၁) ရပ်ကွက်နေ ရဲနိုင်သူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၇-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ ရတနာပုံလမ်းနေ ရဲနိုင်သူ(၃၄)နှစ်၊ (ဘ) ဦးရဲထွဋ်တင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ)မယ (ပ)၃၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၀)ဦး၊ မ(၁)ဦး၊ ပေါင်း(၁၁)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၇-၇-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်၊ ထီတိမ်ဘူတာလမ်းနေ ကယ်ဗင်(၄၁)နှစ်၊ (ဘ)ဦးမျိုးညွန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျောင်းကြီးစုရပ်ကွက်၊ စမ်းရေတွင်းလမ်းနေ ဇော်မိုးနိုင် (၃၁)နှစ်၊ (ဘ) ဦးကျော်ဆွေတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး) မယ(ပ)၆၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ အမှတ် (၅)ရပ်ကွက်၊ နယ်မြေ(၄)၊ မန်မိုင်ကျေးရွာ၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၄)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၉-၇-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်၊ နယ်မြေ (၄)၊ မန်မိုင်ကျေးရွာ တောင်ယာသွားလမ်းနှင့် နတ်စင်သွား လမ်းပေါ်၌ အမှတ်(၃)ရပ်ကွက်၊ နယ်မြေ(၁)၊ ကြာဖြူလမ်းနေ အားဇမ်း(၃၀)နှစ်၊ (ဘ)ဦးမျိုးဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး)မယ(ပ)၈၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | နေပြည်တော် ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိ မြို့နယ်၊ ဆည်စုကျေးရွာနေ ဖိုးသား(ခ) နိုင်လင်းထက် သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၇-၂၀၁၉ ရက်နေ့တွင် ဒက္ခိဏသီရိမြို့နယ်၊ ဆည်စုကျေးရွာအနီး နေပြည်တော်ကောင်စီလမ်း၊ ရေမြောင်းအုတ်ခုံဘေး၌ ၎င်းကျေးရွာနေ ဖိုးသား(ခ)နိုင်လင်းထက် (၃၀)နှစ်၊ (ဘ)ဦးကျော်ဆွေအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဇေယျာသီရိ)မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ကံကုန်းကြီးကျေးရွာနေ တင်လင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၇-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ကံကုန်းကြီးကျေးရွာ အနောက်တောင်ဘက်ရှိ လယ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းကျေးရွာနေ တင်လင်း(၃၃)နှစ်၊ (ဘ) ဦးကျော်ရင်အား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းမား) မယ(ပ) ၂၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ညောင်ပင်သာကျေးရွာနေ သက်နိုင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ညောင်ပင်သာကျေးရွာနေ သက်နိုင်ဦး(၃၃)နှစ်၊ (ဘ)ဦးမောင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဂျီကျေးရွာနေ အောင်ကျော်ဇော(၄၁)နှစ်၊ (ဘ)ဦးကျော်မင်းတို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ (ပ)၉၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ မြနှစ်ကျေးရွာနေ ထွန်းနိုင်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၉ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ မြနှစ်ကျေးရွာနေ ထွန်းနိုင်ဦး (၄၀)နှစ်၊ (ဘ)ဦးမြင့်စိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများ ဝယ်ယူခဲ့သည့် ခပေါင်းရုံကျေးရွာနေ မြင့်သောင်းဦး (၄၇)နှစ်၊ (ဘ)ဦးပေါ်ဘ၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦးအား နမစ(သဖန်းဆိပ်) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ရွာသစ်ကျေးရွာနေ ဘိုဆည်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၇-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ရွာသစ်ကျေးရွာ၊ ဟသ်ာချောင်းတံတားအနီး၌ ၎င်းကျေးရွာနေ ဘိုဆည် (၄၄)နှစ်၊ (ဘ)ဦးဘိုသိန်းနှင့် ဆပ်ကျကျေးရွာနေ မျိုးထက် (၃၇)နှစ်၊ (ဘ)ဦးတင်အောင်တို့ (၂)ဦးအား ဘိန်းဖြူများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ (ပ) ၃၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ ရှိုင်းကိုဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၇-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်နေ ဝင်းနိုင် (၃၉)နှစ်၊ (ဘ)ဦးကျော်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ရှာဖွေရေးအဖွဲ့မရောက်မီ ပြတင်းပေါက်မှထွက်ပြေးသွားခဲ့ပြီး နေအိမ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချရန် ရောက်ရှိနေသူ တစ်ရပ်ကွက်တည်းနေ ရှိုင်းကိုဦး(၂၆)နှစ်၊ (ဘ) ဦးဆန်းဟို အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များ၊ ဘိန်းစာမှုန့်များ၊ Gas ဖြင့် ပစ်ခတ်ရသော ပစ္စတိုသေနတ် (၁) လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ဘုတ်ပြင်း)မယ(ပ)၁၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) / ၂၀(က)/ ၂၂(ခ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အမှတ် (၁၁)ရပ်ကွက်နေ ဖိုးခိုင်နှင့် ဇနီး ယောသူမတို့သည် မူးယစ်ဆေးဝါးများဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၇-၂၀၁၉ ရက်နေ့တွင် ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက်၊ (၁၇) လမ်းနေ ဖိုးခိုင်(ခ)ခိုင်ဝင်း(၄၂)နှစ်၊ (ဘ) ဦးရန်ရှင်းနှင့် ဇနီးယောသူမ(ခ) မဝင်းမင်းစိုး(၄၂)နှစ်၊ (ဘ) ဦးသောင်းလှတို့ (၂)ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY နှင့် 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပခုက္ကူ)မယ(ပ)၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအုပ်စု၊ ကျောက်ဝါးတူးစခန်းတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချ သုံးစွဲမှုများ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁)ဦး၊ မ(၁)ဦး၊ ပေါင်း(၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၂၃-၇-၂၀၁၉ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာ အုပ်စု၊ ကျောက်ဝါးတူးစခန်း(ကွက်သစ်)နေ ဇော်မျိုး (၃၇) နှစ်၊ (ဘ)ဦးအောင်ဝင်းနှင့်ဇနီး မရီ(၄၃)နှစ်၊ (ဘ) ဦးကျားတို့ (၂)ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း)မယ(ပ)၁၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ (၁၃၃) လမ်းနေ မြင့်ဆွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၇-၂၀၁၉ ရက်နေ့တွင် တာမွေမြို့နယ်၊ ပုဏ္ဏားကုန်း ရပ်ကွက်၊ (၁၃၃) လမ်းနှင့် ရွာလယ်လမ်းထောင့်နေ မြင့်ဆွေ (၆၂)နှစ်၊ (ဘ)ဦးသန်းခင်၏နေအိမ်အား ဝင်ရောက် ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တာမွေ)မယ(ပ)၂၉/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၁၂)ရပ်ကွက်နေ အငယ်လေး(ခ) သီဟငယ်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၇-၂၀၁၉ ရက်နေ့တွင် လှိုင်မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ သာယာအေးလမ်းနေ အငယ်လေး(ခ) သီဟငယ်(ခ) သီဟစစ်နိုင်(၂၀)နှစ်၊ (ဘ)ဦးသန်းနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်)မယ(ပ) ၂၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ မြို့ဦး(ဟိုပင်) ရပ်ကွက်နေ တင်ကြွေနှင့် သားဖိုးတရုတ်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၇-၂၀၁၉ ရက်နေ့ ရပ်စောက်မြို့ မြို့ဦး(ဟိုပင်) ရပ်ကွက်နေ တင်ကြွေ (၅၄)နှစ်၊ (ဘ)ဦးထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်သားဖြစ်သူ ဖိုးတရုတ်(ခ) ထွန်းထွန်းဦး(၂၅) နှစ်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ(ပ)၃၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းနှစ်ပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၇-၇-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၇၀၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၉၂၄)ဦး၊ မ (၁၇၅)ဦး၊ ပေါင်း (၁၀၉၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၄၉၅.၆၁၈၄) ဂရမ်၊ ICE (၁၃၁၈.၇၂)ဂရမ်၊ ဘိန်း (၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၉၅၆၉.၂၇) ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉) ဂရမ်၊ ဘိန်းစာရည် (၁.၅)လီတာ၊ စိတ်ကြွဆေးပြား (၃၁၅၄၆၆) ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁) လီတာ၊ ဘိန်းဆီခဲ (၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့ (၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းနှစ်ပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြစ်ကြီးနား ဘူတာရှေ့လမ်းပေါ်၌ သတင်းအရ သုံးဘီးအငှားဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ

**စာမျက်နှာ ၉ သို့ »»**

»»» စာမျက်နှာ ၈ မှ

စိတ်ကြွဆေးပြား (၃၅၄၂)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ (၂၁)မိုင် စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဘိန်းဖြူ (၂၅)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ပိုင်းမော်မြို့နယ်၊ ဗလမင်းထင် စစ်ဆေးရေးဂိတ်၌ သတင်းအရ Grandis ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ (၂၄၀၉)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ အောင်မြေ (၂) ကျေးရွာ၊ ပိုင်းမော်-ဗန်းမော်သွား ကားလမ်းဘေးရှိ တဲအတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား (၅၀၀) ပြား၊ ဘိန်းဖြူ (၂)ဂရမ်၊ တနိုင်းမြို့ ကင်ဆားရာရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ (၀.၀၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၅၀)ဂရမ်၊ ဟိုပင်မြို့နယ်၊ နန့်စွန်ရွာဟောင်း၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း (၂) ဦးတို့ထံမှ ဘိန်းဖြူ (၃၃၀)ဂရမ်၊ နန့်မွန်းမြို့ အမှတ်(၂) ရပ်ကွက်၌ တရားခံအမျိုးသား (၈)ဦး၊ အမျိုးသမီး (၁) ဦး၊ ပေါင်း (၉)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၀၃) ပြား၊ ဘိန်းဖြူ (၀.၁)ဂရမ်၊ ဆိုင်ကယ် (၆)စီး၊ မိုးကောင်းမြို့နယ်၊ ကံလှကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွ ဆေးပြား(၁၄၈၀)ပြား၊ ဘိန်းဖြူ(၄၅.၄)ဂရမ်၊ ကဝါးယံကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဆီခဲ(၇) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၀.၂) ဂရမ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ အမှတ်(၁) ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀)ပြား၊ ဘိန်းဆီခဲ (၃၀)ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဆိပ်မူကျေးရွာအဝင် သံတံတားအနီး၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၄၀) ပြား၊ ဘိန်းဖြူ (၁၀) ဂရမ်၊ မှော်ပုံကျေးရွာ အဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၇၆၀) ပြား၊ ဆိုင်ကယ် (၁)စီး၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Vigo ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ (၁၅၄၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ မံစီမြို့နယ်၊ ဟန်ထက်ကျေးရွာအနီး ဟန်ထက်-မံရကျေးရွာသွားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၁၂)ပြား၊ ဆိုင်ကယ် (၁)စီး၊ သံတံတားကျေးရွာ၌ တရားခံအမျိုးသမီး (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၂၀)ပြား၊ မန်သာကျေးရွာအထွက် မန်သာ-သံတံတားကျေးရွာသွား လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၅၅၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်လင်လေးမြို့ အောင်တေဇရပ်ကွက်၊ လွိုင်လင်-ဆီဆိုင်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၃)ပြား၊ ဆိုင်ကယ် (၁) စီး၊ မယ်စဲ့မြို့နယ်၊ ကျောက်စုကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၆၀) ပြား၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၈၄)ပြား၊ မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်၊ တရနာကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၈၁)ပြား၊ ဆိုင်ကယ် (၁)စီး၊ သံဖြူဇရပ်မြို့နယ်၊ သင်္ကောကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၈)ပြား၊ ICE (၁.၉)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဝယ်သွန်ချောင်ကျေးရွာ လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၇)ပြား၊ ဆိုင်ကယ် (၁)စီး၊ ယခင်သီတင်းပတ်များ၌ ထုတ်ပြန်ခဲ့သည့် စက်လှေနစ်မြုပ်၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်ကျေးရွာများသို့ မျောပါလာသည်ဟုယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့်ဆက်စပ်၍ ယခု သီတင်းနှစ်ပတ်အတွင်း ရေးမြို့နယ်၊ မန်ကျည်းချောင်းဝကျေးရွာပင်လယ်ပြင်၌မျောပါလာပြီး ရေစိုပျက်စီးမှုမရှိသည့် အထုပ် (၁၄) ထုပ်အတွင်းမှ ICE (၁၄၀၀၀)ဂရမ်၊ ကဗျာဝကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၈၅) ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ အောင်သပြေကျေးရွာအနီး ချုံပုတ်အတွင်း၌ ဝှက်သိမ်းထားသည့် ပလတ်စတစ်အိတ်များအတွင်းမှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား (၅၈၅၀၀)ပြား၊ ရွာသစ်ကေကျေးရွာ၌ တရားခံအမျိုးသမီး (၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၈၆)ပြား၊ မောင်နီ(အလယ်)ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၅) ပြား၊ ကျောက်လှေကားကျေးရွာ၊ မင်္ဂလာကြီးချောင်းစပ်အနီး ပုဇွန်ကန်လမ်းပေါ်၌ သတင်းအရစိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၆၀၀၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မင်္ဂလာကြီး (၁)ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၇၅၀၀)ပြား၊ သက်ကိုင်ညာကျေးရွာ၊ လောင်းဘုတ်တံတားအနီး နတ်ချောင်း-ခမောင်းဆိပ်ကျေးရွာသွား လမ်းပေါ်၌ သတင်းအရစိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၅၀၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကညင်တန်း(တောင်)ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၆၅)ပြား၊ ကျောက်ဖြူမြို့နယ်၊ ကုလားဘာတောင်ကျေးရွာ၊ မြို့ပတ်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၄၇)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ စေတီတောင်ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ ရခိုင်ပိုက်ဆိပ်ကျေးရွာ၌ တရားခံအမျိုးသား (၄)ဦးထံမှ စိတ်ကြွဆေးပြား(၂၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ တောင်ကုတ်မြို့ ဂူတာရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း (၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၀၇)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ နောင်ပယ်တံတားအနီး တောင်ကြီး-မိုင်းပျဉ်းသွား ကားလမ်းမပေါ်၌ သတင်းအရ Surf ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၈၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ စခဲမြောက်ကျေးရွာအနီး ဆက်သေ-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့် စိစစ်ရာ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သံတောင်ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၀)ပြား၊ ဘိန်း(၁၄၀)ဂရမ်၊ ကလောမြို့နယ်၊ ရေယားကျေးရွာအနီး ကလော-သာစည်သွား ကားလမ်း မိုင်တိုင်(၆၅/၃)၌ သတင်းအရ Hiace ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၁၁)ပြား၊ မော်တော်ယာဉ် (၁)စီး၊ နမ့်စန်မြို့၌ တရားခံအမျိုးသား (၄)ဦးထံမှ ဘိန်းဖြူ (၂၇၅)ဂရမ်၊ ကွန်ဟိန်းမြို့နယ်၊ တာကော်တံတားစစ်ဆေးရေးဂိတ်၌ သတင်းအရ Revo ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ (၁၆၇၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့နယ်၊ ခိုချန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၁၈၁)ပြား၊ တန့်ယန်းမြို့ အမှတ်(၉)ရပ်ကွက်၊ တန့်ယန်း-နောင်ဟီးသွား ကားလမ်းမပေါ်၌ စိစစ်နေစဉ် ဆိုင်ကယ် (၁)စီးသည် စစ်ဆေးရေးအဖွဲ့အနီးမရောက်မီ နောက်ပြန်လှည့်မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာကိုက် (၂၀၀)ခန့်အကွာ လမ်းကြား၌ လူတိမ်းရှောင်သွားပြီး ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွဆေးပြား (၉၇၅၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကွန်ကော်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ မူဆယ်မြို့နယ်၊ နမ့်စန်ဂိုဒေါင်ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၈၅၅)ပြား၊ ဘိန်းဖြူ (၁၀)ဂရမ်၊ နမ့်အွန်ကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၀၀၀၀) ပြား၊ ဘိန်းဖြူ (၃၇၈၈၄)ဂရမ်၊ Landcruiser ယာဉ်(၁)စီး၊ တာလုံကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ Prado ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ(၂၁၅၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ နမ့်ခမ်းမြို့ အမှတ်(၈)ရပ်ကွက်၊ မြို့ပတ်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၂၀)ပြား၊ ဘိန်းဖြူ(၄၀)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာ အဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ ဘိန်းဖြူ(၂၄)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မန်ပုံကျေးရွာ၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၆၀၀၀)ပြား၊ ဘိန်းဖြူ (၄၃၀)ဂရမ်၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ဆိုင်ကယ် (၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၇၀)ပြား၊ ဆိုင်ကယ် (၂)စီး၊ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ AD Van ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၂၂၀၀)ပြား၊ မော်တော်ယာဉ် (၁)စီး၊ လောက်ဖန်းကျေးရွာ၌ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၆၇၅)ပြား၊ ဘိန်းဖြူ (၀.၅)ဂရမ်၊ ဘိန်း(၃.၂)ဂရမ်၊ ဘိန်းဆီခဲ (၂၄)ဂရမ်၊ အင်ကြင်းကုန်းကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၆၄၈)ပြား၊ ဟိုခိုကျေးရွာ၊ မိုးကုတ်-ပြင်ဦးလွင်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၁၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ မိုးမိတ်မြို့နယ်၊ လွယ်ဆာကျေးရွာ၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၂)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေး ပြား (၈၅၀)ပြား၊ ဘိန်းဖြူ (၅၆.၅)ဂရမ်၊ မဘိမ်းမြို့နယ်၊ ပင်ကြိမ်ကျေးရွာသစ်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၁၉၁၅)ပြား၊ လဝါကျေးရွာ၊ ဖုန်းဆက်တောင်အနီး လမ်းဘေးချုံပုတ်အတွင်း ရပ်တန့်ထားသည့် ပိုင်ရှင်စိစစ်ဆဲ ဆိုင်ကယ် (၂)စီးအား စိစစ်ရာ ဆိုင်ကယ်ပေါ်ပါ ပီနံအိတ်များအတွင်းမှ စိတ်ကြွဆေးပြား (၁၁၄၉၈၀၀)ပြား၊ ဘိန်းဖြူ (၂၁၆၀)ဂရမ်၊ ဆိုင်ကယ် (၂)စီး၊ ကျိုင်းတုံမြို့ ကျိုင်းတုံလေဆိပ်၌ လူ/ပစ္စည်းစစ်ဆေးစဉ် ရန်ကုန်သို့သွားရောက်မည့် တရားခံအမျိုးသား(၂)ဦးထံမှ Tramadol Capsule (၈၀)တောင့်၊ ကွင်းဆက်အရအမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ Tramadol Capsule (၆၄၀)တောင့်၊ Diazepam Injection (၆၅)ပုလင်း၊ Diazepam Tablet (၆၀)ပြား၊ ဟိုနားကျေးရွာသစ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၇၀)ပြား၊ ဘိန်း (၁၅) ဂရမ်၊ အာခါကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၂)ပြား၊ ဘိန်း (၄၂)ဂရမ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်-ကျိုင်းတုံသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀)ပြား၊ ဆိုင်ကယ်(၂) စီး၊ ဝမ်ကောင်းရပ်ကွက်၊ ဂေါက်ကွင်းလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃) ဦးထံမှ Ecstasy Tablet (၇၀၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဆန်ဆိုင်း(က)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ Ecstasy Tablet (၁၁၄) ပြား၊ လွယ်တော်ခမ်းကျေးရွာ၊ မိုင်းဆတ်-တာချီလိတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့် စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၀၃၈)ပြား၊ ဘိန်း (၂၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ချပ်သင်းကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၅)ပြား၊ မလယ်ကျေးရွာအဝင် ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၆၁၃)ပြား၊ ဆိုင်ကယ် (၁)စီး၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ (၁၁၀.၁၅)ဂရမ်၊ ဘိန်း (၀.၅)ဂရမ်၊ ဆိုင်ကယ် (၁) စီး၊ ကသာမြို့ အမှတ်(၃)ရပ်ကွက်၊ ကူးတို့ဆိပ်၌ သတင်းအရ စက်လှေအားစိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၇၀)ပြား၊ စက်လှေ (၁)စီး၊ ကသာ-အင်းတော်သွား ကားလမ်းမိုင်တိုင်(၉)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ (၃၃၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ခတက်ချောင်းကျေးရွာ ဘုံ(၃)ဆင့် လှျိုအတွင်း၌ တရားခံအမျိုးသား (၃)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း (၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၀၆၀)ပြား၊ ဘိန်းဖြူ (၃.၄)ဂရမ်၊ အင်းတော်မြို့နယ်၊ ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းနဘားလမ်းဆုံ စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားစစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၅၀၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ ၎င်းစစ်ဆေးရေးဂိတ်၌ပင် သတင်းအရ ဆိုင်ကယ်နောက်ထပ် (၁)စီးအား စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်း (၅၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပင်လည်ဘူးမြို့နယ်၊ သဘော်တောကျေးရွာအနီး တကျိုင်းချောင်းဘေးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ် (၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်း (၈၁၅၀)ဂရမ်၊ ဆိုင်ကယ် (၂)စီး၊ တမူးမြို့နယ်၊ နန်းခေါက်ခေါက်ကျေးရွာနှင့် ကျွန်းတောရေရှင်ကျေးရွာအကြား၊ တမူး-ကလေးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၈၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ ဟုမ္မလင်းမြို့နယ်၊ ဟုမ္မလင်း-နောင်ပိုသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ (၁၆၅)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ နောင်ပိုအောင်ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၀)ပြား၊ ဘိန်းဖြူ (၁၂၁)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၆၀၀)ပြား၊ လောင်းလုံမြို့နယ်၊ ပိန်းရှောင်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၃၅)ပြား၊ ICE (၁၂)ဂရမ်၊ ရေဖြူမြို့နယ်၊ ဘဝါကျေးရွာ၌ ဥယျာဉ်ခြံအတွင်း မြေကျင်းတူးမြှုပ်ဝှက်ထားသည့် ICE (၁၄၂၀၄)ဂရမ်နှင့် တရားခံအမျိုးသား (၁)ဦး၊ မလွှဲတောင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၀၂၂)ပြား၊ ဆိုင်ကယ် (၁)စီး၊ မြိတ်မြို့ တက္ကသိုလ်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၃၀၀၀)ပြား၊ ICE (၂၀၀၀)ဂရမ်၊ Hilux ယာဉ် (၁) စီး၊ ဆိုင်ကယ် (၁)စီး၊ ကွင်းဆက်စိစစ်ချက်အရ ဇေယျာသီရိ (၃)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၀)ပြား၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာ ဘပိန်ချောင်းအတွင်း သစ်သားလှေ (၁)စီးပေါ်၌ ငါးဖမ်းပိုက်များဖြင့် ဖုံးအုပ်ဝှက်သိမ်းထားသည့် ဆာလာအိတ်များအတွင်းမှ ပိုင်ရှင်မဲ့ဘိန်းစာမှုန့် (၁၃၇၅၀၀)ဂရမ်၊ လှေ (၁)စီး၊ ချောင်းညီကိုကျေးရွာ၊ ချောင်းညီကိုချောင်းကမ်းပါးပေါ်၌ ဆာလာအိတ်များအတွင်းမှ ပိုင်ရှင်မဲ့ဘိန်းစာမှုန့် (၂၂၅၀၀၀)ဂရမ်၊ စခန်းသစ်ကျေးရွာ၌ တရားခံအမျိုးသမီး (၂)ဦးထံမှ ဘိန်းစာမှုန့် (၇၇၅၀၀)ဂရမ်၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းစာမှုန့် (၁၈၀)ဂရမ်၊ ဘုတ်ပြင်းမြို့နယ်၊ ရွှေဂဲညိုကျေးရွာ စက်လှေဆိပ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁)ပြား၊ ICE (၉)ဂရမ်၊ စက်လှေ (၁)စီး၊ တောင်ဒဂုံဂေါက်ကွင်းအနီး၌ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား (၉၇၈)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၁၀၆)ပြား၊ တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက်၊ နတ်သျှင်နောင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၉၈၆)ပြား၊ ဆိုင်ကယ် (၁)စီး၊ ဖြူးမြို့ သိမ်ကုန်းရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၄)ပြား၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ မြို့ရှောင်လမ်းနှင့် မြိုင်လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ (အရှေ့) ရပ်ကွက်၊ (၁၂)လမ်း၊ ၇၉ × ၈၀ လမ်းကြား၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀)ပြား၊ ဆိုင်ကယ်(၁) စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ (၈၄)လမ်း၊ ၂၂ × ၂၃ လမ်းကြားရှိ တရားခံခေတ္တတည်းခိုသည့် တည်းခိုခန်းအတွင်းမှ စိတ်ကြွဆေးပြား (၅၃၁၆)ပြား၊ ၁၅ × ၁၆ လမ်းကြား၊ ၆၆ လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဒေါနဘွားရပ်ကွက်ရှိ တရားခံနေအိမ်မှ စိတ်ကြွဆေးပြားအကြေမှုန့် (၃.၅)ဂရမ်၊ အောင်မြေသာစံရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား (၅)ပြား၊ ဆေးခြောက် (၈၁)ဂရမ်၊ ICE (၀.၂)ဂရမ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၂၅)ပြား၊ ဘိန်းဆီခဲ (၂၄၀)ဂရမ်၊ ဆေးခြောက် (၁၆၀၀)ဂရမ်၊ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၆၀၃) ပြား၊ ဆိုင်ကယ် (၁)စီး၊ ရွှေပန်းတောသင်္ချိုင်းအနီး၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၈၀) ပြား၊ ဆိုင်ကယ် (၁)စီး၊ မိုးကုတ်မြို့နယ်၊ လယ်ကြီးတံတားအနီး ပြင်ဦးလွင်-မိုးကုတ်သွား ကားလမ်းမပေါ်၌ သတင်းအရ Super Custom ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀)ပြား၊ ဆေးခြောက် (၇၆)ဂရမ်၊ Ketamine (၁၇၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာ၊ သစ်ခွဲပင်သစ်ဆိပ်အနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၀၀) ပြား၊ ဆိုင်ကယ် (၁)စီး၊ ကျောက်ဆည်မြို့နယ်၊ မင်းစုစံပြကျေးရွာ၊ စံပယ်တော-မင်းစုလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀၀)ပြား၊ ဆိုင်ကယ် (၂)စီး၊ စဉ့်ကိုင်မြို့နယ်၊ စော်ရဲကျေးရွာ၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၇၀)ပြား၊ မြင်းခြံမြို့ အမှတ်(၈)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၄၆)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ထောင်ဝင်စာလာတွေ့သူ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၈၆)ပြား၊ ICE (၈) ဂရမ်၊ ကွင်းဆက်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၃)ဦး၊ စာမျက်နှာ ၁၀ သို့ »»»

»» စာမျက်နှာ ၉ မှ

ပေါင်း (၄)ဦး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၌ တရားခံအမျိုးသား (၃) ဦးထံမှ စိတ်ကြွဆေးပြား (၃၁၆)ပြား၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၌ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀)ပြား၊ ဆေးခြောက် (၁၆.၃၃)ဂရမ်၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၁၉၂၉၈)ပြား၊ တာမွေမြို့နယ်၊ မလွှကုန်းဒွေးကြွယ် (က)ရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၃၈၀၀) ပြား၊ ဘိန်းဖြူ(၁၂၀)ဂရမ်၊ ICE (၁၃၄၀)ဂရမ်၊ ဆေးခြောက် (၂၉၀)ဂရမ်၊ Tramadol Capsule (၃၆၀၀)တောင့်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနှင့် ဗိုလ်မှူးဗထူးလမ်းထောင့်၌ စိစစ်စဉ် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀) ပြား၊ ကွင်းဆက်သတင်းအရ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းပေါ်၌ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၀)ပြား၊ ဆိုင်ကယ် (၁) စီး၊ ထပ်မံဖော်ထုတ်ချက်အရ (၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ တည်းခိုခန်းအား ဝင်ရောက်စိစစ်ရှာဖွေရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၉)ပြား၊ ဘိန်းဖြူ (၀.၅)ဂရမ်၊ ICE (၉)ဂရမ်၊ ဆက်လက်ဖော်ထုတ်ချက်အရ (၃၅)ရပ်ကွက်ရှိ တရားခံ၏ နေအိမ်မှ စိတ်ကြွဆေးပြား (၁၄၉၇၇)ပြား၊ ဘိန်းဖြူ (၇)ဂရမ်၊ ICE (၆.၈)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗဟိုစာတိုက်ကြီး၊ ပြည်ပစာပို့လုပ်ငန်းဌာန၌ နယ်သာလန်နိုင်ငံမှ ပေးပို့လာသည့် ပါဆယ်ထုပ်အတွင်း မူးယစ်ဆေးဝါးများ ပါဝင်နေကြောင်း သတင်းအရ စိစစ်ခဲ့ရာ Ketamine (၉၅)ဂရမ်၊ ကိုကင်း (၄၀)ဂရမ်၊ Ecstasy Tablet (၉၆)ပြား၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း (EMS)ရုံး၌ ဂျပန်နိုင်ငံသို့ ပို့ဆောင်မည့် ပါဆယ်ထုပ်အတွင်း မူးယစ်ဆေးဝါးများ ပါဝင်နေကြောင်း သတင်းရရှိသဖြင့် စိစစ်ခဲ့ရာ စိတ်ကြွဆေးပြား (၁၆၅)ပြား၊ လာရောက်ပို့ဆောင်သူ တရားခံအမျိုးသမီး (၁)ဦး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းမပေါ်၌ ပို့ဆောင်ခိုင်းသူ တရားခံအမျိုးသား (၂)ဦး၊ ထပ်မံဖော်ထုတ်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ဇရပ်ဆိပ်ကျေးရွာ၌ ကွင်းဆက်တရားခံ အမျိုးသား (၁) ဦးနှင့်အတူ စိတ်ကြွဆေးပြား (၃၇)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဖောင်ရိုးချောင်းကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀)ပြား၊ ဖျာပုံမြို့ အမှတ်(၈)ရပ်ကွက်၊ (၁၃)လမ်း၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား (၃၁)ပြား၊ ဆိုင်ကယ် (၁) စီးအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၃)ခု ရှိခဲ့ပြီး ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကန်စောက်ကျေးရွာလမ်းမပေါ်၌ သတင်းအရ Starex ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၃) ဦးထံမှ စိတ်ကြွဆေးပြား (၁၉၆၀)ပြား၊ ခါးချိုး တစ်လုံးထိုးသေနတ်(၁) လက်၊ ၅.၅၆ ကျည် (၂၆)တောင့်၊ မော်တော်ယာဉ် (၁)စီး၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ ယန်းလုစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြာ (၉၄)ပြား၊ တူမီးသေနတ် (၁)လက်၊ ဆိုင်ကယ် (၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ရပ်နားကျေးရွာအနီးရှိ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ (၁၁၆၆)ဂရမ်၊ တူမီးသေနတ် (၁)လက်၊ ကွင်းဆက်ဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ ဘိန်းဖြူ (၈)ဂရမ်၊ စိတ်ကြွဆေးပြား (၅၉) ပြားတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှုစုစုပေါင်းအနေဖြင့် ယခုသီတင်းနှစ်ပတ် (၁၄-၇-၂၀၁၉ ရက်နေ့မှ ၂၇-၇-၂၀၁၉ ရက်နေ့အထိ) အတွင်း အမှုပေါင်း (၄၅၉)မှု၊ တရားခံကျား (၅၆၅)ဦး၊ မ (၇၀) ဦး၊ ပေါင်း (၆၃၅)ဦး၊ စိတ်ကြွဆေးပြား (၁၉၄၂၆၇၃)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၃.၅)ဂရမ်၊ ဘိန်းဖြူ (၆၆၆၅၈.၇၅၈၉)ဂရမ်၊ ဘိန်းဖြူအရည် (၀.၁) လီတာ၊ ICE (၃၁၆၁၅.၃)ဂရမ်၊ ကိုကင်း (၄၀)ဂရမ်၊ ဘိန်း (၈၉၁၄.၃)ဂရမ်၊ ဘိန်းစာမှုန့် (၄၄၀၃၁၁)ဂရမ်၊ ဘိန်းဆီခဲ(၃၀၇)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၈၅.၂) ဂရမ်၊ ဆေးခြောက် (၂၁၄၆.၄၅)ဂရမ်၊ Ketamine (၂၆၅)ဂရမ်၊ Diazepam Injection (၆၅)ပုလင်း၊ Diazepam Tablet (၆၀)ပြား၊ Ecstasy Tablet (၉၁၈)ပြား၊ Tramadol Capsule (၄၃၂၀)တောင့်၊ သေနတ်မျိုးစုံ (၃) လက်၊ ၅.၅၆ ကျည် (၂၆)တောင့်တို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့် ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြား နိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဝန်ကြီးဌာနမှ ဝန်ထမ်းများနေထိုင်သည့် ဗလသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၂၂၁၆) ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။ ထို့အတူ ဒုတိယဝန်ကြီးက ခရေပင်ကို စိုက်ပျိုးပေးပြီး ညွှန်ကြားရေးမှူးချုပ်များက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် အရာထမ်း၊ အမှုထမ်းများက သစ်ပင်ပျိုးပင်များကို သတ်မှတ်နေရာများ၌ စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သစ်ပင်ပျိုးပင်များ စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ စိုက်ပျိုးသည့် အပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် အိမ်ရာရှိ ဝန်ထမ်းများက အနီးကပ် တာဝန်ယူ ပြုစုထိန်းသိမ်းနိုင်ရေး တာဝန်ခွဲဝေပေးအပ်ထားကြောင်း သိရသည်။



ယနေ့အခမ်းအနားတွင် ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ ပိတောက် နှစ်ရှည်ပင်များအပါအဝင် ကံ့ကော်၊ ခရေပင်များနှင့် ပိန္နဲ၊ ဒန့်သလွန်၊ ကင်ပွန်းချဉ် စသည့် သီးပင်စားပင်များ စုစုပေါင်း ၁၅၇ ပင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးတက္ကသိုလ်၌ သုတေသနလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မကွေး ဇူလိုင် ၂၉**

မကွေးတက္ကသိုလ်နှင့် အမေရိကန်နိုင်ငံ မြောက်အီလီနွိုက်တက္ကသိုလ်တို့ပူးပေါင်း၍ Global Environmental Health Lab (GEH) ၏ အစီအစဉ်အရ သုတေသနလုပ်ငန်းနှင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၂၉ ရက်က မကွေးတက္ကသိုလ် သိပ္ပံသုတေသနအဆောက်အအုံ၌ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် ပဉ္စမအကြိမ်မြောက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၈ ရက်အထိ ၁၁ ရက်ကြာ ကျင်းပမည်ဖြစ်သည်။ ထိုဆွေးနွေးပွဲသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်တည်တံ့စေမည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင်များ (Sustainable Development Goals) ကို အခြေပြု၍ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ဗဟုသုတများကို အနာဂတ်လူငယ်များ ပိုမိုသိမြင်လာနိုင်ရန်နှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သုတေသနစွမ်းရည် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ တက္ကသိုလ်နှစ်ခု ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။




ဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံ မြောက်အီလီနွိုက် တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ Dr. Tomoyuki Shibata ဦးဆောင်သော GEH (Lab) အဖွဲ့ဝင်ရှစ်ဦးနှင့်အတူ မကွေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်နှင့် ရေနံချောင်း ဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူ ၁၀၀ ကျော် တက်ရောက်ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **မာမာစိုး(ကြေးမုံ)**

# မိုင်းယောင်းမြို့နယ်အတွင်း ကျေးလက်ကုန်ထုတ်လမ်းနှင့် ကျေးရွာတွင်းလမ်း ဆောင်ရွက်ပြီးစီး

**မိုင်းယောင်း ဇူလိုင် ၂၉**

မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇူလိုင် ၂၆ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်း၍ ကြည့်ရှုစစ်ဆေးကြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း မုန်းလိုက်၊ တာလုပ်၊ ကော့ခွယ် ကျေးလက်ကုန်ထုတ်မြေသားလမ်း (၂/၁)မိုင်၊ ခွင့်ပြုရန်ပုံငွေကျပ် ၃၀ သိန်း ၇ သိန်း ဝမ်ဆလီလော်ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း (၃/၀)မိုင်၊ ခွင့်ပြုရန်ပုံငွေကျပ် ၂၄ ဒသမ ၆၇၅ သိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ သုည သန်းဖြင့် ဆောင်ရွက်သည့် ဝမ်ကောင်းကျေးရွာတွင်း အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ၃ ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို ပြည်နယ်ရုံးခွဲ ဦးစီးမှူး ဦးသန်းလင်းထွန်း၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လိုက်လံရှင်းလင်းပြသကြသည်။

**၅၆၈**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

ကလေးသူငယ်အခွင့်အရေး လေးရပ်အား ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး(၂/ ၂၀၁၉)ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရေးဆွဲပြဋ္ဌာန်းခဲ့**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကလေးသူငယ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်မှစတင်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကလေးသူငယ်အခွင့်အရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ ပြီးခဲ့သည့် အစိုးရသက်တမ်းအတွင်းက စတင်ပြီး ကလေးသူငယ်အခွင့်အရေးဥပဒေအသစ်ကို စတင်ပြန်လည်ရေးဆွဲခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေအသစ်တွင် ကော်မတီအနေဖြင့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်းကဖြစ်စေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းက ဖြစ်စေ တည်ထောင်ထားသော ပရဟိတဂေဟာများ၊ ယာယီစောင့်ရှောက်ရေးဂေဟာများကို စံသတ်မှတ်ချက်များနှင့် အညီဖြစ်လာရန်ကြီးကြပ်ရမည့်တာဝန်များပါရှိကြောင်း။

ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းရပ်များသာမက ကလေးသူငယ်အနေဖြင့် အကာအကွယ်များ၊ စောင့်ရှောက်မှုများ ရရှိရန်လိုအပ်ပါကြောင်း၊ ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ကော်မတီများကို လုပ်ပိုင်ခွင့်များအား ဥပဒေအရ အပ်နှင်းထားပါကြောင်း၊ ကလေးသူငယ်များအတွက် ထိရောက်သော ကာကွယ်စောင့်ရှောက်မှုများ ဖြစ်စေရေးအတွက် ဥပဒေပြဋ္ဌာန်းသလို နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြဋ္ဌာန်းလိုက်သည့် ဥပဒေအသစ်နှင့်ပတ်သက်၍ ပြည်သူများအကြား အထင်အမြင် လွဲမှားမှုများ၊ စိုးရိမ်ပူပန်မှုများရှိနေသည်ကို တွေ့ရပါကြောင်း၊ အဆိုပါ အထင်အမြင်လွဲမှားမှုများသည် ဥပဒေကို သေသေချာချာ လေ့လာပါက ရှင်းလင်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများ လေ့လာရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ ဥပဒေသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပြီး ဥပဒေအသစ်ပြဋ္ဌာန်းမှုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်မှုများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေအသစ်ကို ပြည်သူများသိရှိစေရန် လိုအပ်သောပညာပေးရှင်းလင်းမှုများကို မိမိဒေသအလိုက် ကော်မတီဝင်များက ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းနှင့် ကလေးသူငယ်များအနေဖြင့် ဥပဒေပါ အခွင့်အရေးနှင့်အတူ တာဝန်ရှိမှုများကို မိဘ၊ ဆရာ၊ ရပ်ရွာအဖွဲ့အစည်းများကို အသိပညာပေးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ အခန်းအလိုက် ရှင်းလင်းတင်ပြခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်သည့် နယ်ပယ်များနှင့် နည်းဥပဒေကိုလည်း ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပါကြောင်း တင်ပြသည်။

**ဝိုင်းဝန်းဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လူမှုရေးဝန်ကြီးများနှင့် ကော်မတီအတွင်းရေးမှူးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများက အကျဉ်းထောင်အတွင်း ရောက်ရှိနေသော ကလေးများအခွင့်အရေးသေချာစေရေးကိစ္စ၊ မြင့်တက်လာသော သက်ငယ်မုဒိမ်းမှုဖြစ်ရပ်များနှင့်ပတ်သက်၍ အသိပညာပေးမှုများနှင့် ကြိုတင်ကာကွယ်မှုများ တိုးချဲ့ဆောင်ရွက်ရေးကိစ္စ၊ အသစ်ပြင်ဆင်လိုက်သည့် ဥပဒေနှင့်ပတ်သက်၍ ပြည်သူသို့ အသိပညာပေးရှင်းလင်းရမည့်ကိစ္စ၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအဆင့်အထိ ဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အစီအစဉ်များ ဆောင်ရွက်သွားရန် ကိစ္စများအပါအဝင် လုပ်ငန်းဆောင်ရွက်ချက်များအား သက်ဆိုင်ရာနယ်ပယ်အလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ဓာတ်ပြားနှင့် ဓာတ်ပြားစက်များ လှူဒါန်းနိုင်

**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနသို့ အလှူရှင်များက ခေတ်ဟောင်း (အင်္ဂလိပ်/မြန်မာ)ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ဆက်သွယ်လှူဒါန်းလျက်ရှိသည်။

ဇူလိုင် ၂၄ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၈)ရပ်ကွက် မာလာလမ်း အမှတ်(၇)နေ ဦးပါစီထွန်း+ဒေါ်ခင်ခင်ထွေး မိသားစုက အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား အချပ် ၃၀၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဦးရေခဲလမ်း အမှတ်(၉၇/စ)နေ ဒေါ်သောင်းသောင်း မိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၁၁ ချပ်၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဓမ္မာရုံဖြတ်လမ်း အမှတ် (၄၀)နေ ဖခင်ကြီး ဦးထွန်းအေး-မိခင်ကြီးဒေါ်မြဝင်းအားရည်စူး၍ သားသမီးမြေးတစ်စုက ကြိုးခွေ ၂၂ ခွေ၊ Sony Tape Recorder တစ်လုံး၊ ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ် (၂၈) ရပ်ကွက် အောင်ရိပ်သာ (၄)လမ်း အမှတ်(၁၉)နေ ဦးစိုးမြင့် မိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၂၉ ချပ်၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းမကြီး အမှတ်(၁၁၉)နေ ဦးမြင့်အောင်-ဒေါ်ခင်မြမှူး မိသားစုမှ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၂ ချပ်၊ မန္တလေးမြို့(၈၀/၈၁)လမ်းကြား (၂၉)လမ်း အမှတ်(၁၁၉)နေ ဦးအောင်ခင် မိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၂၆ ချပ်၊ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၄ ချပ်ကို လည်းကောင်း။

ဇူလိုင် ၂၆ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် အောင်မြေလမ်း အမှတ်(၁၃)နေ ဦးခင်မောင်ထွန်း-ဒေါ်အေးအေးသိန်း မိသားစုက အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၃၁ ချပ်၊ Laser Disc (အင်္ဂလိပ်) အချပ် ၄၀၊ Laser Disc ဖွင့်စက် တစ်လုံးကို လည်းကောင်း၊ ဇူလိုင် ၂၇ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ် ယင်းမာမြိုင်လမ်းသွယ် အမှတ်(၃၅၆)နေ ဒေါက်တာခင်မောင်သွင် မိသားစုက အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၃ ချပ်၊ ရေဒီယိုချိုတေးသံ သီချင်းစာအုပ် လေးအုပ်၊ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်မြောက်ပိုင်း မြယမုံ(၈)လမ်း အမှတ်(၂)နေ ဦးတင်မောင်-ဒေါ်အေးအေး မိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၄၇ ချပ်၊ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၀ ချပ်၊ ဓာတ်ပြားစက် တစ်လုံး၊ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်း(၄)ရပ်ကွက်နေ ဒေါ်ခင်မြင့်မိသားစုက ကက်ဆက်ခွေ (တေးစီးရီး+တရားတော်) ၁၂၀ ကို လည်းကောင်း။

ဇူလိုင် ၂၉ ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဦးဝိစာရလမ်း အမှတ် (၂၉၃/ ၂၉၅)နေ ဦးချန်စိန်-ဒေါ်အမာ၊ သမီးမစိုးစိုးမိုး မိသားစုက မြန်မာခေတ်ဟောင်းဓာတ်ပြား ၁၁ ချပ်၊ အင်္ဂလိပ်ခေတ်ဟောင်းဓာတ်ပြား ၁၄၇ ချပ်၊ ကြိုးခွေ ၃၂ ခွေ၊ ဓာတ်ပြားစက်တစ်လုံး၊ Philis ရေဒီယို တစ်လုံး၊ National ရေဒီယိုတစ်လုံး၊ Tape Recorder တစ်လုံးတို့ကို လည်းကောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ(ရန်ကုန်)သို့ ဆက်သွယ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ခေတ်ဟောင်း(အင်္ဂလိပ်/မြန်မာ)ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ထိန်းသိမ်းထားရှိလိုသဖြင့် လှူဒါန်းလိုသူများရှိပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်) ဖုန်း-၀၆၇-၇၉၂၁၂၊ ၀၉-၂၅၀၁၀၇၉၀၃၊ ဦးရန်နိုင်ထွန်း လက်ထောက်ညွှန်ကြားရေးမှူး(မှတ်တမ်း)ဖုန်း-၀၉-၂၅၂၄၁၂၈၀၃ နေပြည်တော်(တပ်ကုန်း) နှင့် ဦးတင်အုန်း (ဦးစီးအရာရှိ) ဖုန်း ၀၉-၄၂၀၂၅၂၀၆၈ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ(ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

### ✪ ရှေ့ဖုံးမှ

ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်ရည်ရွယ်ကြောင်း Super Search Investment (Hong Kong) Company Limited မှ မြန်မာနိုင်ငံရုံးတာဝန်ခံ ဦးမိုက်အောင်မြင့်ထွန်းကပြောသည်။

မြန်မာနိုင်ငံတွင် လက်ရှိအနေအထားအရ ရေထွက်ကုန်အရှင်များကို အပို့နည်းနေပြီး အေးခဲပြီးသား ရေထွက်ကုန်များကိုသာ ပြည်ပနိုင်ငံများသို့ တင်ပို့နေကြောင်း၊ ဈေးကွက်အရပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်ကွာခြားမှုရှိပြီး ပြည်တွင်း၌ ကြိုက်ငါး၊ ကြိုက်ပုစွန်များကို ရောင်းချနိုင်ကြောင်း၊ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်များ တင်ပို့ရန်အတွက် သတ်မှတ်အရွယ်အစား၊ အရည်အသွေးများရရှိစေရန်လိုအပ်ကြောင်း၊ ရေထွက်ကုန်အရှင်တင်ပို့ရာတွင် ကုန်ကျစရိတ်များပြားသော်လည်း ဈေးကောင်းပိုမိုရရှိကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာ လက်ရှိရေထွက်ကုန်တွေကို အရှင်ဖမ်းလေ့ဖမ်းထမရှိတဲ့အတွက်ကြောင့် အရှင်တင်ပို့နိုင်ဖို့အတွက် ထုပ်ပိုးပြီး သယ်ဆောင်နိုင်ဖို့ကို ဒီနေ့ကစပြီး သင်တန်းတွေပို့ချပေးနေပါတယ်။ ပြည်တွင်းအလုပ်အကိုင်ရရှိရေးနဲ့ နည်းပညာပါရရှိအောင် သင်တန်းပို့ချပေးနေတာပါ” ဟု ဦးမိုက်အောင်မြင့်ထွန်းက ပြောသည်။

အဆိုပါ ပြည်တွင်းရေထွက်ကုန်များကို ထုပ်ပိုးသယ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ဇူလိုင် ၂၉ ရက်မှစတင်၍ သင်တန်းသားသင်တန်းသူ ၂၆ ဦးအား ဝါရင့်နိုင်ငံခြားပညာရှင်နှစ်ဦးက သင်တန်းပို့ချပေးလျက်ရှိပြီး သင်တန်းအား ဇူလိုင် ၃၁ ရက်အထိ ပို့ချပေးမည်ကြောင်းနှင့် ပင်လယ်ရေထွက်ဒေသများဖြစ်သော မြိတ်၊ ဘုတ်ပြင်းနှင့် ကော့သောင်းမြို့များတွင်လည်း သင်တန်းများ ထပ်မံပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပင်လယ်ရေထွက်ကုန်များတင်ပို့ရန်အတွက် ပထမဦးစားပေးအဆင့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဦးစားပေးအနေဖြင့် ရခိုင်ပြည်နယ်၊ တတိယဦးစားပေးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတို့အား ရွေးချယ်ထားကြောင်းနှင့် ရေထွက်ကုန်များကို အချိန်မီတင်ပို့နိုင်ရန်အတွက် လေကြောင်းလိုင်းအား ရွေးချယ်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

### »»» အာဆီယံ ယူ-၁၈ မှ

မြန်မာ ယူ-၁၈ အသင်းသည် ယင်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သော MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသလို မတ်လတွင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၊ ဧပြီလတွင် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဇူလိုင်လတွင် ဂျပန်ခြေစမ်းခရီးစဉ်တို့ကို သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

ဖိတ်ခေါ်ပြိုင်ပွဲနှစ်ခုအနက် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပြီး နောက်ဆုံးသွားရောက်ခဲ့သည့် ဂျပန်ခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲ ကစားခဲ့ရာတစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းတွင် နည်းပြချုပ် ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ-ဦးမင်းမင်းထွန်း၊ ဂိုးနည်းပြ-ဦးစိန်အေး၊ ကစားသမားများအဖြစ် ဂိုးသမား-ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ နောက်တန်း-ညဏ်လင်းထက်၊ ဝေယံစိုး၊ သက်ဟိန်းစိုး၊ မျိုးကိုကိုလင်း၊ စောထောနေမူး၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော်(၁)၊ ရဲထက်အောင်၊ အလယ်တန်း-ရန်ကျော်စိုး၊ နောင်နောင်စိုး၊ ရန်နိုင်လင်း၊ ဇော်ဝင်းသိန်း၊ ရဲမင်းကျော်၊ လမင်းထွေး၊ ဩဘာခ၊ မိုးဆွေ၊ အောင်ကိုဦး၊ သူရအောင်၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ ရှေ့တန်း-စောကျော်အဲ၊ ညီညီ၊ ကောင်းခန့်ကျော်(၂)နှင့် ကောင်းဇင်မိုးတို့ ပါဝင်နေသည်။

**ရှိုင်းထက်ဇော်**

### ❍ ၂၀၁၉ ဆီးဂိမ်းမှ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းနှစ်သင်းစလုံးအတွက် ပြိုင်ပွဲအကြိုပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ၁၁ နိုင်ငံစလုံး ယှဉ်ပြိုင်မည်ဖြစ်ကာ အမျိုးသမီးပြိုင်ပွဲတွင် ရှစ်သင်းဖြင့် ကျင်းပမည်ဟု ထုတ်ပြန်ထားသည်။ အမျိုးသမီးပြိုင်ပွဲကို ရှစ်သင်းဖြင့် ကျင်းပမည်ဟု ထုတ်ပြန်ထားသော်လည်း လက်ရှိအချိန်ထိ ငါးသင်းသာ စာရင်းပေးသွင်းထားပြီး ထပ်တိုးစာရင်းပေးသွင်းမည့် အသင်းများအပေါ်မူတည်၍ ပြိုင်ပွဲပုံစံ သတ်မှတ်မည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၉ ရက်၊ အမျိုးသမီးပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ မနီလာနှင့် အခြားမြို့နှစ်မြို့တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီသည် ပြိုင်ပွဲနှစ်ခုစလုံးတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းကို အုပ်စု(က)နှင့် လက်ရှိချန်ပီယံအသင်းကို အုပ်စု(ခ)တွင် နေရာချကာ ကျန်အသင်းများကိုလည်း နေရာချထားမည်ဖြစ်ပြီး ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ ရလဒ်များအပေါ် မူတည်၍ အုပ်စုမခွဲရန် ဆီဒင်သတ်မှတ်မည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းက အုပ်စု (က)၊ လက်ရှိချန်ပီယံထိုင်းအသင်းက အုပ်စု(ခ)တွင် ပါဝင်ကာ ကျန်အသင်းများအနက် Pot-1 တွင် မလေးရှားနှင့် အင်ဒိုနီးရှား၊ Pot-2 တွင် မြန်မာနှင့် စင်ကာပူ၊ Pot-3 တွင် ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ တီမောနှင့် ကမ္ဘောဒီးယား အသင်းတို့ ပါဝင်နေသည်။ အမျိုးသမီးပြိုင်ပွဲတွင်မူ ပြိုင်ပွဲဝင်အသင်းအရေအတွက်အပေါ်မူတည်၍ အုပ်စုခွဲဝေမည်ဖြစ်ပြီး ငါးသင်းသာရှိပါက ပတ်လည်စနစ်ဖြင့် ကျင်းပဖွယ်ရှိပြီး ယင်းထက်အသင်းများမှသာ အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ထိုင်းဘုရင်၏ ၆၇ နှစ်မြောက် မွေးနေ့ပွဲ အခမ်းအနား နိုင်ငံတစ်ဝန်း၌ ကျင်းပ




**ဗန်ကောက် ဇူလိုင် ၂၉**

ထိုင်းဘုရင်၏ ၆၇ နှစ်မြောက်မွေးနေ့ပွဲအခါသမယတွင် ထိုင်းနိုင်ငံတစ်ဝန်းရှိပြည်သူများက ထိုင်းဘုရင်အား မွေးနေ့ဆုတောင်းများပေးကာ ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုင်းပြည်သူများက ဘုန်းတော်ကြီးများကို ဆွမ်းနှင့်အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဇူလိုင် ၂၉ ရက်တွင်ကျရောက်သော ထိုင်းဘုရင်မွေးနေ့ပွဲကို ဆာနမ်လောင်ရင်ပြင်တွင် ကျင်းပခဲ့ရာ ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာအပါအဝင် အစိုးရအဖွဲ့ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါမွေးနေ့ပွဲသို့ တက်ရောက်လာသူများက ဘုန်းတော်ကြီးများကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ထိုင်းနိုင်ငံ ဘာသာရေးဓလေ့ထုံးစံများနှင့်အညီ မွေးနေ့ပွဲကို ကျင်းပခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာနှင့် အစိုးရအဖွဲ့ဝန်ကြီးများက နိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားကို ရေးရှုကာကြိုးပမ်းလုပ်ဆောင်သွားမည်ဟု ထိုင်းဘုရင်၏ ပုံတူပန်းချီကား အရှေ့တွင် သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်။

နိုင်ငံတစ်ဝန်းလုံးရှိ ဌာနဆိုင်ရာရုံးများက ထိုင်းဘုရင်မွေးနေ့ပွဲအထိမ်းအမှတ်ကို အလားတူ ကျင်းပကြသည်။ ထို့ပြင် ပြည်သူတစ်ရပ်လုံးက ထိုင်းဘုရင်မွေးနေ့အထိမ်းအမှတ်အဖြစ် ပြည်သူလူထုနှင့်သက်ဆိုင်သော နေရာများတွင် အမှိုက်ကောက်၊ သန့်ရှင်းရေးများလုပ်ဆောင်ပြီး သစ်ပင်များ စိုက်ပျိုးခဲ့ကြသည်။

ဆူရတ်သာနီမြို့ရှိ ခရိုင်တာဝန်ရှိသူများကလည်း ထိုင်းဘုရင်အား မွေးနေ့ဆုတောင်းများပေးကာ ငါးသားပေါက် ခုနစ်သိန်းနီးပါးကို ဘေးမဲ့လွှတ်ပေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်က ထိုင်းဘုရင်အား သစ္စာခံမှုကို ပြသသည့်အနေဖြင့် သေနတ် ၂၁ ချက် ဂုဏ်ပြုပစ်ခတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ၊ ဗန်ကောက်ပို့စ်**

# ကယ်လီဖိုးနီးယားပြည်နယ်ရှိ အစားအစာပွဲတော်တစ်ခုတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား



**ကယ်လီဖိုးနီးယား ဇူလိုင် ၂၉**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် အစားအစာပွဲတော်တစ်ခု၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးပြီး အနည်းဆုံး ၁၅ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇူလိုင် ၂၉ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဂျိုးစ်မြို့အရှေ့တောင်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ပန်းဥယျာဉ်တစ်ခုတွင် ဂယ်လိုရီဂါးလစ် အစားအစာပွဲတော်၌ အဆိုပါ သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်ပွားစဉ် ပွဲတော်တွင်းရှိ ကလေးငယ်များအပါအဝင် လူအများအပြား အော်ဟစ်ပြေးလွှားကြသည့် ဗီဒီယိုမှတ်တမ်းများ အွန်လိုင်းစာမျက်နှာများတွင် ပျံ့နှံ့လျက်ရှိသည်။

အဆိုပါ သေနတ်ပစ်ခတ်သူ အကြမ်းဖက်သမားသည် ပွဲတော်ကျင်းပရာ ဥယျာဉ်၏ ကားရပ်နားရာနေရာနှင့် ထိစပ်လျက်ရှိသည့် ချောင်းတစ်ခုမှ ပွဲတော်အတွင်းသို့ ဝင်ရောက်ခဲ့ဖွယ်ရှိပြီး ဥယျာဉ်ခြံစည်းရိုးများကို လက်နက်ကိရိယာတစ်ခုအသုံးပြုကာ ချိုးဖျက်ခဲ့ဖွယ်ရှိသည်ဟု ဂယ်လိုရီမြို့ ရဲချုပ် စကော့စမစ်သီးက ဆိုသည်။

ယင်းသေနတ်သမားက ရိုင်ဖယ်သေနတ်ဖြင့် ပွဲတော်အတွင်းသို့ ဦးတည်ရာမဲ့ ပစ်ခတ်ခဲ့သည်ဟု ရဲချုပ်စကော့က ဆက်လက်ပြောကြားခဲ့သည်။

လုံခြုံရေး အရာရှိများက အကြမ်းဖက်သမားအား သေနတ်များဖြင့်ပစ်ခတ်ခဲ့ရာ အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့သည်။ မျက်မြင်သက်သေများအရ သေနတ်သမားအပြင် ကြံရာပါတစ်ဦး ရှိနိုင်သည့်အတွက် ၎င်းအား ရဲအရာရှိများက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

သေဆုံးသူများအနက် ခြောက်နှစ်အရွယ်ကလေးငယ်တစ်ဦး ပါဝင်ခဲ့သည်။

ဂယ်လိုရီဂါးလစ် အစားအစာပွဲတော်သည် နှစ်စဉ်ကျင်းပလေ့ရှိသော ပွဲတော်တစ်ခု ဖြစ်သည်။ ပွဲတော်အတွင်းသို့ မည်သည့်လက်နက်ကိုမျှ ယူဆောင်လာခွင့်မရှိကြောင်း ပွဲတော်၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယခုအကြမ်းဖက်မှုသည် ပွဲတော်ကျင်းပသည့် သုံးရက်အနက် နောက်ဆုံးနေ့တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**

# အာဖဂန်နိုင်ငံရေး ခေါင်းဆောင်အား တိုက်ခိုက်မှုကို ပါကစ္စတန် ရှုတ်ချ

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၉**

အာဖဂန်နစ္စတန် သမ္မတ အာရှက်ဖ်ဂါနီနှင့်တွဲဖက်၍ သမ္မတ ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အမ်ယူလာဆာလေ၏ မြို့တော် ကဘူးရှိ ရုံးခန်းကို ပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်ခဲ့မှုအား ပါကစ္စတန်နိုင်ငံက ဇူလိုင် ၂၈ ရက်တွင် ပြစ်တင်ရှုတ်ချခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲကျင်းပရန် ရက် ၆၀ အလို မဲဆွယ်စည်းရုံးမှု စတင်သည့်နေ့နှင့်တိုက်ဆိုင်ကာ ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန် သမ္မတရွေးကောက်ပွဲကို လာမည့် စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ယင်းတိုက်ခိုက်မှုကြောင့် လူတစ်ဦးထက်မနည်း သေဆုံးပြီး အခြားလူ ၁၃ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း အာဖဂန်နစ္စတန် ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒူလာမေရာက ပြောကြားသည်။

ဆာလာအား ယင်းတိုက်ခိုက်မှုမှ ကယ်ထုတ်ခဲ့ပြီး ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးခဲ့ကာ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ သို့သော် လူမှုကွန်ရက်စာမျက်နှာများ၌ ဖော်ပြသည့် ဓာတ်ပုံအရ ၎င်း၏ညာဘက်လက်တွင် အသေးစား ထိခိုက်ဒဏ်ရာရမှုကို တွေ့မြင်ရသည်။

အာဖဂန်နစ္စတန်သမ္မတရွေးကောက်ပွဲ၌ ဒုတိယသမ္မတလောင်းတစ်ဦးအဖြစ် ဝင်ရောက်အရွေးချယ်ခံမည့် အမ်ယူလာဆာလာ၏ ရုံးခန်းကို အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှုအား ပါကစ္စတန်နိုင်ငံက ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဖိုင်ဆယ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ဒီမိုကရက်တစ်လုပ်ငန်းစဉ်ကို ပါကစ္စတန်နိုင်ငံက အပြည့်အဝထောက်ခံကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# ဟောင်ကောင်ဆန္ဒထုတ်ဖော်သူများနှင့် ရဲတပ်ဖွဲ့အကြား ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပွား

**ဟောင်ကောင် ဇူလိုင် ၂၉**

ဇူလိုင် ၂၉ ရက်တွင် ဟောင်ကောင်ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှုများရှိခဲ့သည့်အတွက် ဟောင်ကောင်အစိုးရနှင့် ပြည်သူများအကြား ဖြစ်ပွားလျက်ရှိသည့် အဓိကရုဏ်းသည် ပိုမိုအရှိန်မြင့်တက်လာခဲ့သည်။

ဟောင်ကောင်၏ ရာဇဝတ်မှုကျူးလွန်သူများအား တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးရမည်ဆိုသည့် ဥပဒေကြမ်းတစ်ရပ်အပေါ် ဟောင်ကောင်ပြည်သူများက ကျေနပ်မှုမရှိသည့်အတွက် ဆန္ဒထုတ်ဖော်ခဲ့သည်မှာ ရက်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။

ဇူလိုင် ၂၉ ရက်တွင် ထောင်ပေါင်းများစွာသော ပြည်သူများက မြို့လယ်ကောင်ရှိ ပန်းခြံတစ်ခုတွင် စုဝေးဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထို့နောက် လုံခြုံရေးအရာရှိများ၏ အကြမ်းဖက် လူစုခွဲမှုလုပ်ရပ်များနှင့် ဆန္ဒထုတ်ဖော်သူများအား အင်အားသုံးဖမ်းဆီးမှုများကို ဆန့်ကျင်သည့်အနေဖြင့် ဆန္ဒထုတ်ဖော်သူများက မြို့အတွင်းရှိ လမ်းမများပေါ်တွင် စုဝေးချီတက်ခဲ့ကြသည်။

တရုတ်အစိုးရ၏ ဆက်ဆံရေးအရာရှိရုံးသို့ ဦးတည်ရာလမ်းမများပေါ်တွင် ဆန္ဒထုတ်ဖော်သူ အချို့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပွားခဲ့သည်။

ဆန္ဒထုတ်ဖော်သူအချို့က ရဲတပ်ဖွဲ့ဝင်များအား အုတ်ခဲများဖြင့် ပစ်ပေါက်ခဲ့သည်။ ထို့ပြင် ကတ်ထူပြားအပိုင်းအစများကို မီးရှို့ကာ လက်တွန်းလှည်းများပေါ်တွင် သယ်ဆောင်ပြီး ရဲတပ်ဖွဲ့၏ပိတ်ဆို့ထားမှုကို ဖယ်ရှားရန် ကြိုးပမ်းခဲ့ကြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း မျက်ရည်ယိုဗုံးများနှင့် ရော်ဘာကျည်ဆန်များ အသုံးပြုကာ လူစုခွဲရန် ကြိုးပမ်းခဲ့ကြသည်။ လက်ရှိအချိန်တွင် ဆန္ဒထုတ်ဖော်သူ ၄၉ ဦးကျော်ကို ဖမ်းဆီးထားကြောင်း သိရသည်။

ထိပ်တိုက်ရင်ဆိုင်မှုများသည် ဇူလိုင် ၂၉ ရက် နံနက်အစောပိုင်းကစပြီး ဖြစ်ပွားလျက်ရှိသည်။ အဆိုပါအဓိကရုဏ်းတွင် ၁၆ ဦးကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဟောင်ကောင်အစိုးရက ဆိုသည်။

ဆန္ဒထုတ်ဖော်သူများ၏ အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချပါကြောင်း ဟောင်ကောင်အစိုးရက အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျကာတာမြို့တော်အား ပင်လယ်ရေအောက် နစ်မြုပ်ခြင်းမှကာကွယ်မည့် တံတိုင်းတစ်ခု လိုအပ်ဟု အင်ဒိုနီးရှားသမ္မတ ဝီဒိုဒိုပြော

**ဂျကာတာ ဇူလိုင် ၂၉**

ဂျကာတာမြို့တော်အား ပင်လယ်ရေအောက် နစ်မြုပ်ခြင်းမှ ကာကွယ်ရေးအတွက် ကြီးမားသော တံတိုင်းတစ်ခု တည်ဆောက်ရန် အရေးတကြီး လိုအပ်နေကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားလိုက်သည်။ "ဂျကာတာမြို့တော်ကို ပင်လယ်ရေအောက် နစ်မြုပ်မှုကနေ ကာကွယ်ဖို့ ဒီပမာဏကြီးမားတဲ့ စီမံကိန်းကို မြန်မြန်ဆန်ဆန်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်"ဟု သမ္မတ ဝီဒိုဒိုက အေပီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ပြောကြားသည်။

လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုတွင် အစိုးရက စတင်စဉ်းစားခဲ့သည့် စီမံကိန်းတစ်ခုဖြစ်သော ပင်လယ်တံတိုင်းတည်ဆောက်မှုကို ရှေ့ဆက်လုပ်ဆောင်ရန် အချိန်ကျရောက်ပြီဟု ၎င်းကဆိုသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်တစ်ခုအဖြစ် ကမ္ဘာတစ်ဝန်း သမုဒ္ဒရာရေမျက်နှာပြင်များ မြင့်တက်လာလျက်ရှိပြီး ကမ်းရိုးတန်းဒေသများတွင် အန္တရာယ်ကြီးမားသော ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေခဲ့သည်။ လူဦးရေ ၁၀ သန်းကျော်နေထိုင်သည့် ဂျကာတာမြို့တော်မှာလည်း ကမ္ဘာပေါ်တွင် အမြန်ဆန်ဆုံး ရေအောက်နစ်မြုပ်နေသည့် မြို့တော် တစ်ခုဖြစ်သည်။ မြေအောက်ရေတူးဖော်မှုနှင့် စီးပွားဖြစ် သုံးစွဲမှုက မြေကျွံကျစေသည့် အဓိကအကြောင်းရင်းဖြစ်သကဲ့သို့ မကြာသေးမီနှစ်များအတွင်း မိုးမျှော်တိုက်များ တည်ဆောက်လာမှုက ပြဿနာကို ပိုမိုဆိုးရွားစေခဲ့ကြောင်း သိရသည်။



ဂျကာတာမြို့တော်မှာ ရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ အထူးသဖြင့် မိုးတွင်းကာလတွင် ဖြစ်သည်။ ဂျကာတာမြို့တော်မှာ ၂၀၀၇ ခုနှစ်ဖေဖော်ဝါရီလအတွင်း ဆိုးရွားသော ရေကြီးရေလျှံမှု ကြုံတွေ့ခဲ့ရပြီး လူ ၈၀ ဝန်းကျင် သေဆုံးခဲ့ကာ ၅၀၀၀၀၀ ခန့် နေရပ်ရွှေ့ပြောင်းခဲ့ရကြောင်း အချက်အလက်များအရ သိရသည်။

လက်ရှိအချိန်တွင် မြို့တော်ဧရိယာ၏ ထက်ဝက်ခန့်မှာ ပင်လယ်ရေမျက်နှာပြင်အောက် ကျရောက်နေကြောင်း ဘန်ဒေါင်းနည်းပညာတက္ကသိုလ်မှ ပညာရှင်များ ထုတ်ပြန်သည့် အချက်အလက်များက ပြသနေသည်။ "၂၀၅၀ ပြည့်နှစ်ခန့်ဆိုရင် ဂျကာတာမြို့တော်မြောက်ပိုင်းရဲ့ ၉၅ ရာခိုင်နှုန်းခန့်က ရေအောက်နစ်မြုပ်သွားပါလိမ့်မယ်" ဟု လေ့လာမှုကို ဦးဆောင်ခဲ့သည့် ဟာရီအန်ဒရီရက်စ်က ပြောသည်။

ပမာဏကြီးမားသော ပင်လယ်တံတိုင်းတစ်ခု တည်ဆောက်ရေးအကြံဉာဏ်မှာ ယခုမှဖြစ်လာခြင်း မဟုတ်ပေ။ "Giant Sea Wall Jakarta" ဟု အမည်ပေးထားသည့် ကမ်းရိုးတန်းဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ပမာဏကြီးမားသော စီမံကိန်းတစ်ခု တည်ဆောက်ရေးမှာ လွယ်ကူမည်မဟုတ်ပေ။ အရှည် ၃၀ ကီလိုမီတာရှိသော ရှိရင်းစွဲ ရေနုတ်မြောင်းများ ခိုင်မာတောင့်တင်းအောင် လုပ်ဆောင်ခြင်း၊ ကျွန်းတု ၁၇ ခု ဖန်တီးခြင်းနှင့် ဂျကာတာပင်လယ်ကွေ့ အနောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် ကြီးမားသော ပင်လယ်တံတိုင်းများ တည်ဆောက်ခြင်း အပါအဝင် စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံရှိမည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ ထို့အပြင် ဒေသခံတံငါသည်များက စီမံကိန်းကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အပေါ် ထိခိုက်မည်ဟု သံသယရှိနေကြသည်။

အရေးပါသော စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆက်လုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားကြောင်း မေလအတွင်း သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံခဲ့ရသည့် ဝီဒိုဒိုက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**

## ဆော်ဒီအာရေဗျနှင့် မတူကွဲပြားမှုအား ညှိနှိုင်းခြင်းမှတစ်ဆင့် ဖြေရှင်းရန် အီရန်အသင့်ရှိ

**တီဟီရန် ဇူလိုင် ၂၉**

အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့၏ လက်ရှိပြဿနာရပ်များနှင့်စပ်လျဉ်း၍ ဆော်ဒီအစိုးရနှင့် ညှိနှိုင်းဆွေးနွေးရန် အီရန်နိုင်ငံအနေဖြင့် တံခါးဖွင့်ထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နှစ်နိုင်ငံအကြား လက်ရှိပြဿနာရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်အတွက် ဆော်ဒီတာဝန်ရှိသူများဘက်မှ အပြုသဘောဆောင်သော နိမိတ်လက္ခဏာရပ်များကို အီရန်အနေဖြင့် ကြိုဆိုမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အာဘတ်မိုဆာဗီက အပတ်စဉ်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် အစ္စလာမ့်နိုင်ငံများအကြား ဖြစ်ပွားနေသော ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ထပ်ကာတလဲလဲ တိုက်တွန်းလျက်ရှိကြောင်း၊ သို့ဖြစ်ရာ အီရန်နိုင်ငံသည် ဒေသအတွင်းရှိ အမျိုးမျိုးသော ပြဿနာရပ်များကို အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် မွတ်စလင်နိုင်ငံများနှင့်အတူ ကိုင်တွယ်ဖြေရှင်းရန် အဆင်သင့်ရှိကြောင်း မိုဆာဗီက ထပ်မံပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ပြည်ပြေးယီမင်သမ္မတ မန်ဆောဟာဒီအား ထောက်ခံအားပေးသည့်အနေဖြင့် အီရန်နိုင်ငံကို ကျောထောက်နောက်ခံပြုသည့် ယီမင်အခြေစိုက် ဟူသီစစ်သွေးကြွအုပ်စုအပေါ် တိုက်ခိုက်မှုများတွင် ညွန့်ပေါင်းတပ်ဖွဲ့ကို လေးနှစ်ကျော်ကြာ ဦးဆောင်လာခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

## နိုင်ဂျီးရီးယား၌ လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ၆၅ ဦး သေဆုံး

**အဘူဂျာ ဇူလိုင် ၂၉**

နိုင်ဂျီးရီးယားနိုင်ငံ၌ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ဈာပနအခမ်းအနားတစ်ခု တက်ရောက်သူများကို တိုက်ခိုက်ခဲ့ရာ ၆၅ ဦး ထက်မနည်း သေဆုံးခဲ့သည်။ မော်တော်ဆိုင်ကယ်များ၊ ဗင်ကားများ စီးလာသည့် စစ်သွေးကြွများသည် ဇူလိုင် ၂၇ ရက်က နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ်တွင် ဈာပနအခမ်းအနားတစ်ခုမှ ပြန်လာသူများကို သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း မီဒီယာများက ဖော်ပြသည်။

တိုက်ခိုက်သူများက အိမ်များကို မီးရှို့ကာ စားနပ်ရိက္ခာများကို ယူဆောင်သွားခဲ့သည်။ ယခုအချိန်ထိ မည်သည့်အဖွဲ့ကမျှ ၎င်းတို့လက်ချက်ဟု မပြောသေးပေ။ သို့သော်လည်း တိုက်ခိုက်မှုတွင် ဘိုကိုဟာရမ်အစ္စလာမ္မစ် အစွန်းရောက်များ ပါဝင်သည်ဟု ဒေသန္တရ အာဏာပိုင်များက သံသယရှိနေသည်။ ဘော်နိုပြည်နယ်တွင် အခြေစိုက်သည့် ဘိုကိုဟာရမ်အဖွဲ့သည် ဒေသအတွင်း၌ အရပ်သားများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်အတွင်း ဘိုကိုဟာရမ်အဖွဲ့မှ အစွန်းရောက်များသည် စာသင်ကျောင်းတစ်ကျောင်းမှ မိန်းကလေးငယ် ၂၀၀ ကျော်ကိုပြန်ပေးဆွဲကာ အသေခံတိုက်ခိုက်မှုများ လုပ်ဆောင်ရန် အမျိုးသမီးနှင့် ကလေးငယ်များ ခန္ဓာကိုယ်တွင် ဖောက်ခွဲရေးပစ္စည်းများ ထားရှိခဲ့သည်။

နိုင်ဂျီးရီးယားအစိုးရက ဘော်နိုနှင့် အခြားပြည်နယ်နှစ်ခုတွင် အရေးပေါ်အခြေအနေ တစ်ရပ်ကြေညာခဲ့ပြီး ဘိုကိုဟာရမ်အဖွဲ့ကို ချေမှုန်းရန် ဒေသတွင်း၌ တပ်မတော်ကို ဖြန့်ကြက်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-ကျော်ထိုက်စိုး**





# မိန်းကလေးတစ်ဦးအား အဓမ္မပြည့်တန်ဆာခိုင်းစေခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်နှင့် အားပေးကူညီသူများအား ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်

**နေပြည်တော် ဇူလိုင် ၂၉**
ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မိန်းကလေးငယ်တစ်ဦးအား အဓမ္မပြည့်တန်ဆာအဖြစ် ခိုင်းစေခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်နှင့် အားပေးကူညီသူများအား ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း ယနေ့ညနေပိုင်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် တံတားလေးဘူတာအနီးနေ မ×××× (၁၇)နှစ်အား ၂၀၁၆ ခုနှစ် ဇွန်လတွင် တစ်ရပ်ကွက်တည်းနေ သူငယ်ချင်းဖြစ်သူ မစုပုံချစ် (ဘ)ဦးသန်းအေးက မကွေးမြို့တွင် စရိတ်ငြိမ်း တစ်လလျှင် ကျပ် နှစ်သိန်းဖြင့် အိမ်ဖော်အလုပ်ရမည်ဟု စည်းရုံးခေါ်ဆောင်ကာ မကွေးမြို့နယ် ချမ်းမြေ့သာယာကျေးရွာနေ ဆလိုင်း(ခ)သီဟ (ဘ)ဦးသောင်းညွှန့်ထံ လွှဲပြောင်းပေးခဲ့ရာ ဆလိုင်း(ခ)သီဟ၊ ထက်သီဟကို(ခ)ထက်ကြီး(ဘ)ဦးသန်းထွန်းနှင့် ဝေလျှံခန့် (ဘ)ဦးမောင်သိန်းတို့က မ××× အား အဓမ္မပြည့်တန်ဆာလုပ်ကိုင်ခိုင်းသဖြင့် မကွေးမြို့မရဲစခန်း (ပ) ၉၉၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ-၃၇၂/၃၇၂/၃၂၃/၁၁၄ ဖြင့် ရေးဖွင့်ခဲ့ရာမှ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ- ၂၄/၃၂ သို့ ပြောင်းလဲတရားစွဲဆိုခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ ဆလိုင်း(ခ)သီဟအား အလုပ်နှင့် ထောင်ဒဏ်တစ်သက်၊ အားပေးကူညီသူများဖြစ်သည့် ထက်သီဟကို (ခ)ထက်ကြီးနှင့် ဝေလျှံခန့်တို့အား အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီနှင့် တိမ်းရှောင်တရားခံ မစုပုံချစ်အား တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၉**
မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက မိုးမောက်မြို့နယ် ကျောက်စခန်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဝေလင်း မောင်းနှင်ပြီး ဒေါ်ထုနူး (ခ)ဒေါ်ထု လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၇၁၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၁၁နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွား ပြည်ထောင်စုလမ်းတွင် သန့်ဇင်ဦး (ခ) သားငယ် မောင်းနှင်ပြီး ဆာအောင်(ခ)အိုက်အောင် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၈၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြား ၉၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ည ၁၀ နာရီ မိနစ် ၂၀ ခန့်က မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိုင်းစိန်(ခ)စိန်ဝင်း၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

အလားတူ ညနေ ၄ နာရီက ဖယ်ခုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် ကုရင်ကျေးရွာအုပ်စု တောင်ပို့ကြီးကျေးရွာနေ ဖိုးထူး(ခ)စိုင်းထူး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၁၈၉၀၊ မြန်မာငွေကျပ် ၂ ဒသမ ၉ သိန်းနှင့် ဓားရှည်တစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ဒေါ်ထုနူး(ခ)ဒေါ်ထုနှင့် ဝေလင်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။



# အလုံမြို့နယ် ကွင်းချောင်း မြောင်းမြေထိန်းနံရံပြိုကျ

**ရန်ကုန် ဇူလိုင် ၂၉**
ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ်နှင့် အလုံမြို့နယ်ကို ပိုင်းခြားထားသည့် ကွင်းချောင်းချောင်း အလုံမြို့နယ်ဘက်အခြမ်း ဂဠုန်ရပ်ကွက် မြောင်းဘေးရှိ SGH Car Showroom ဘေး ရေမြောင်းမြေထိန်းနံရံ ပေ ၈၀ ခန့်မှာ ယနေ့နံနက်က ရုတ်တရက်ပြိုကျမှုဖြစ်ပွားခဲ့သည်။

မြောင်းကြီးဘေးမြေထိန်းနံရံပြိုကျသည့် ရှေ့တည့်တည့်မြောင်းကြီးလမ်းရှိ လက်ဖက်ရည်ဆိုင်တွင် တွေ့ရသူအမျိုးသားတစ်ဦးက "နှစ်ခါတောင်ပြိုကျတာ၊ နံနက် ၁၁ နာရီ ၁၅ မိနစ်က တစ်ကြိမ်၊ နောက်နာရီဝက်ခြားပြီးတစ်ကြိမ် ပြိုကျတာပါ"ဟု ဆိုသည်။

မြေထိန်းနံရံပြိုကျရာသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု၍ လိုအပ်သည်များဆောင်ရွက်ပေးခဲ့သည်။

မြေထိန်းနံရံပြိုကျမှုကြောင့် မြောင်းဘေးရှိသစ်သား၊ သွပ်ကာအဖီတစ်ခုပြိုကျခဲ့ပြီး လူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း သိရသည်။

**တင်ဝင်းတင်**

# ဖားကန့်၌ တောင်ကမ်းပါးယံပြိုကျ၍ ပျောက်ဆုံးနေသည့် ရုပ်အလောင်းငါးလောင်း ထပ်မံတွေ့ရှိ

**ဖားကန့် ဇူလိုင် ၂၉**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာအနီးရှိ စိန်လုံတောင်ကမ်းပါးယံ ယမန်နေ့က ပြိုကျခဲ့မှုကြောင့် ကုမ္ပဏီဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ မြေစာပုံပိသေဆုံးခဲ့၍ သက်ဆိုင်ရာအဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပျောက်ဆုံးနေသည့် ရုပ်အလောင်းငါးလောင်း ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ကုမ္ပဏီဝန်ထမ်း သုံးဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့၏ ရုပ်အလောင်းများကို ထပ်မံတွေ့ရှိခဲ့ပြီး ယမန်နေ့မှ စာရင်းပိတ်ချိန်အထိ ရှာဖွေတွေ့ရှိသည့် ရုပ်အလောင်း ၁၄ လောင်း၊ ယနေ့အထိ ရုပ်အလောင်း ၁၉ လောင်း ရှာဖွေတွေ့ရှိထားကာ ရှာဖွေကယ်ဆယ်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့ မှူးရုံးမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မိုးညှင်းတွင် ရှေ့ပြေးကင်းအစုန်ရထား တွဲချော်မှုဖြစ်

**မိုးညှင်း ဇူလိုင် ၂၉**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကုန်းကျေးရွာဘူတာနှင့် (မြောက်)ကိုက် ၂၀၀ ခန့်အကွာတွင် ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ က နန်းမားဘူတာမှ ထွက်ခွာလာစဉ် ရှေ့ပြေးကင်းအစုန် ရထားတွဲချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**တွဲချော်ကျမှုဖြစ်**

နန်းမားဘူတာမှ မိုးညှင်းဘူတာဘက်သို့ နံနက် ၈ နာရီခန့်က ထွက်ခွာလာသော အစုန်ကင်းရထား (DN APT) စက်ခေါင်းမောင်း ဦးမောင်ဝင်း၊ ရထားထိန်း ဦးအောင်စွာမြင့်တို့ မောင်းနှင်လာသည့် စက်ခေါင်းအမှတ် DD-948 သည် နံနက် ၈ နာရီ မိနစ် ၂၀ က ရထားလမ်းမိုင်တိုင်အမှတ် ၆၃၇/၁၃ နှင့် ၆၃၇/၁၄ အကြားတွင် စက်ခေါင်းနှင့်ကပ်လျက် တွဲအမှတ် GBHAV-13704 ၏ ဘီးအမှတ် ၃ နှင့် ၄ မှာ သံလမ်းနှင့်အပြင် တစ်ပေခန့်အကွာတွင်လည်းကောင်း၊ ဘီးအမှတ် ၅ နှင့် ၆ မှာ သံလမ်းအတွင်း တစ်ပေအကွာတွင်လည်း တွဲချော်ကျမှုဖြစ်ပွားခဲ့သည်။

**ထိခိုက်ဒဏ်ရာရရှိမှုမရှိ**

ယင်းဖြစ်စဉ်ကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ အခင်းဖြစ်ပွားရာသို့ မိုးညှင်းမြို့နယ် သံလမ်းအင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများနှင့် တွဲပြင်ဌာနမှ တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်မှုကြောင့် မွန်းတည့် ၁၂ နာရီတွင် ရထားလမ်းပွင့်ကာ ပုံမှန်သွားလာနိုင်ခဲ့ကြောင်း သိရသည် ။

**နီတိုး**

# စစ်ကိုင်း၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တရားမဝင်သစ် တန် ၁၃၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၉**
သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကံတော်ရွာတောင်ဘက် သုံးမိုင်ခန့်အကွာမှ ၁၈ ဒသမ ၃၃၅၂ တန်၊ ကသာမြို့နယ် အထက်ဝဲကြီးရွာဟောင်းအနီးမှ ၁၁၃ ဒသမ ၃၀၂၀ တန်နှင့် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပုသိမ်-မုံရွာကားလမ်းဘေး ရောင်ကြီးကျေးရွာအရှေ့ဘက် လေးဖာလုံခန့်အကွာနေရာမှ ကျွန်းခွဲသား ၁ ဒသမ ၆၅၉၆ တန် တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထန်းတပင်သီတာအေးတာဆုံစုပေါင်းစစ်ဆေးရေးဂိတ်၌ နစ်ဆန်းဒီဇယ် ခြောက်ဘီးမော်တော်ယာဉ်နှင့်အတူ တောင်သရက် ခွဲသား ၃ ဒသမ ၅၅၆၄ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား သစ်တောဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

■

# စစ်ကိုင်းမြို့နယ်၌ ဘုန်းတော်ကြီးကျောင်း မီးလောင်

**စစ်ကိုင်း ဇူလိုင် ၂၉**
စစ်ကိုင်းမြို့နယ် မေတ္တာရောင်ခြည်တော် ဘုန်းတော်ကြီးကျောင်းတွင် ဇူလိုင် ၂၈ ရက် ညနေပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က စစ်ကိုင်းမြို့နယ် မီးရထားရပ်ကွက်ပိုင် ပင်စင်ကုန်းနယ်မြေရှိ မေတ္တာရောင်ခြည်တော် ဘုန်းတော်ကြီးကျောင်းတွင် ဆန်ပြုတ်ပြုတ်ရာမှ အပူလွန်ကဲပြီး သွပ်မိုး၊ ထရံကာ၊ အုတ်ခင်းကျောင်းဆောင် ကျောင်းထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကာ ဆရာတော် ဦးမဏ္ဍလ(သက်တော် ၆၈ နှစ်) ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

**လှအောင်(ကသာ)**

# VRVC 2019 တိရစ္ဆာန်ဆေးကုပညာကွန်ဖရင့် တက်ရောက်ခြင်း

ဒေါက်တာခင်စန်းမော်

အချိန်က မိုးဦးရာသီ၊ ဇွန်လ နှောင်းပိုင်း။ ပြတင်းပေါက်မှ တိုးဝင်လာသော လင်းပျပျနေရောင်ခြည်ကို အန်တုကာ လေယာဉ်တက်ကတည်းက မြေပြင်ရှုခင်းကို တစိုက်မတ်မတ် ငုံ့ကြည့်လာခဲ့မိသည်။ သံချေးတက်နေသော ခေါင်မိုးများ၊ ပြောင်ပြောင်လက်လက်သွပ်အသစ်နှင့် အိမ်များ၊ အကြီး၊ အသေး၊ အကျယ်အဝန်း မညီညာသော ခြံဝင်းများ၊ တဲအိမ်စုစုများ၊ ရွှံ့ရည်အပြည့်နှင့် လယ်ကွက်များ၊ တချို့လည်း ပျိုးပင်စိုက်ပြီးခါစ လယ်ကွက်များကိုတွေ့မြင်ရသည်။ ခပ်နိမ့်နိမ့်ပျံသန်းနေသောကြောင့် မောင်းနှင်သွားလာနေကြသော မော်တော်ကားများကိုပင် ကျိုးတိုးကျဲတဲ မြင်နိုင်သည်။

လမ်းအများစုက သွေ့ခြောက်လျက် အသွားအလာနည်းပါးသည်။ မြန်မာနိုင်ငံမြေပုံတွင် တံတိုင်းကြီးများပမာ ကာဆီးထားသော ရိုးမတောင်တန်းကြီးများ ရှိနေကြောင်း သတိရမိသောကြောင့် ယခုလို လေယာဉ်ခရီးဖြင့် ကောင်းကင်ပေါ်က ခရီးသွားရစဉ် ရှာဖွေနေမိရာ လေယာဉ်က ဘယ်ဘက်ကို တိမ်းလိုက်၊ ညာဘက်ကို ကွေ့ဝိုက်လိုက်၊ နိမ့်ချည်၊ မြင့်ချည်၊ စောင်းလိုက်နှင့်မို့ မိုးသားပြာပြာအောက်က တိမ်ဖြူလွှာတွေကိုသာ တွေ့မြင်နေရသည်။

ရုတ်တရက် မြင်ကွင်းကပြောင်းသွားသည်။ စိမ်းမြနေသော စတုဂံပုံလယ်ကွက်များ၊ မျဉ်းပြိုင်သဖွယ် ညီညာနေသော အနားသတ်များ၊ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းနှင့် ကျေးရွာများ၊ ကျေးရွာအထိ ဖြောင့်ဖြူးနေသော ကားလမ်းများ၊ အသွားအလာမပြတ်သည့် မော်တော်ကားများကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် တစ်ဖက်နိုင်ငံထဲသို့ ရောက်နေပြီကို အလိုအလျောက် သိလိုက်ရပါသည်။

များမကြာမီ အချိန်အတွင်း စနစ်တကျ အကွက်ချထားသော လုံးချင်းအိမ်လေးများ၏ ခေါင်မိုးနီနီများ၊ အစီအရီ လှုလှုပပခြံဝင်းလေးများက အမြင်အာရုံထဲ ပြေးဝင်လာသည်။ တဖြည်းဖြည်း မြို့ကြီးပေါ်ရောက်လာသောအခါ မိုးမျှော်တိုက်ကြီးများ၊ မိုးပျံရထားလမ်းများ၊ မိုးပျံကားလမ်းအထပ်ထပ်များကို စီးမိုးမြင်နေရသည်။ ဘယ်လောက်မျှမကြာလိုက်သေးခင် ဒွန်မောင်း (Don Maung Airport) လေဆိပ်သို့ ဆိုက်ရောက်သွားပါတော့သည်။

သုဝဏ္ဏဘူမိလေဆိပ် (Suvarnabhumi International Airport)ကိုသာ အကြိမ်ကြိမ်အခါခါ ရောက်ဖူးသောကြောင့် တစ်ခါမျှမရောက်ဖူးသော မူလလက်ဟောင်း ဒွန်မောင်းလေဆိပ်အား စူးစမ်းလေ့လာ အကဲခတ်မိပါသည်။ လွန်ခဲ့သော နှစ် ၂၀ ခန့်က ဝန်နှင့် အား၊ လေးနှင့် မြား မမျှသည့်လေဆိပ်၊ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကြီးမားသည့် လေဆိပ်အဖြစ် နာမည်ကျော်ခဲ့ဖူးသည်။ ယခုတော့ လေဆိပ်အဟောင်းဟု မပြောဘဲသိသာနိုင်သော်လည်း လူသူရှုပ်ထွေး စည်ကားမြဲပင်။ လူဝင်မှုကြီးကြပ်ရေးဂိတ်ကို ဖြတ်သန်းသည့်အခါ သုဝဏ္ဏဘူမိထက်ပင် လုံခြုံရေးတင်းကျပ်သေးသည်။ လက်မ နှစ်ချောင်း၏ လက်ဗွေများအပြင် လက်ချောင်း ၁၀ ချောင်းလုံး၏ လက်ဗွေများကိုလည်း စစ်ဆေးပါသည်။

ထို့နောက် လေဆိပ်ထဲမှ ထွက်လာကြရာ မြန်မာနိုင်ငံမှ တိရစ္ဆာန်ဆေးကုဆရာဝန်များကို အစစအရာရာ တာဝန်ယူခေါ်ဆောင်လာသော မြန်မာဆေးကုမ္ပဏီနှင့်ချိတ်ဆက်ထားသည့် ထိုင်းလူမျိုး Vet surgeon တစ်ဦးက လာရောက်ကြိုဆိုပြီး တည်းခိုရမည့် Ibis Impact hotel သို့ ပို့ဆောင်ပေးခဲ့သည်။ သို့သော် ဟိုတယ်သို့ဝင်ရန် အချိန်စောနေသေး၍ ဗန်ကောက်မြို့ထဲသို့ အလည်အပတ်ထွက်ကြပါသည်။ BTS (Bangkok mass Transit System)ခေါ် Skytrain စီးပြီးသွားကြရာ လွန်ခဲ့သောရှစ်နှစ်က ပထမဆုံးအကြိမ် စီးခဲ့ဖူးသည်ကို ပြန်လည်သတိရမိပါ၏။ ယခုအခါ ကောင်းကင်ရထား (Skytrain)စနစ် များစွာတွင်ကျယ်လာ၍ နေ့စဉ်စီးနင်းသူပေါင်း ခုနစ်သိန်းခွဲခန့် ရှိနေပြီဟု သိရသည်။

ရှော့ပင်းမောကြီးများကား အဆောင်ဆောင်အထပ်ထပ်နှင့် တစ်မျှော်တစ်ခေါ် ရှုကြည့်၍မဆုံးနိုင်အောင် ကြီးမားကျယ်ပြန့် စည်ကားလှပေသည်။ အမျိုးသမီးနှင့် ကလေးအဝတ်အထည်များရောင်းချသော ဆိုင်များ၏ အရောင်းဝန်ထမ်းအချို့က မြန်မာလူမျိုးများ ဖြစ်နေသည့်အပြင် စားသောက်ဆိုင်များတွင် ပြင်ဆင်ချက်ပြုတ် ကြော်လှော်နေသူများမှာ မြန်မာအလုပ်သမားများ ပါဝင်နေသည်ကို တွေ့ရသည်။

နောက်တစ်နေ့တွင် IMPACT Exhibition and Convention Center တွင် ကျင်းပသော VPAT REGIONAL VETERINARY CONGRESS (VRVC 2019) ကို တက်ရောက်ရန် ခန်းမကြီးသို့ သွားရပါသည်။ ဤကွန်ဖရင့်ကြီးကို ထိုင်းနိုင်ငံရှိ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီး (VETERINARY PRATI-TIONER ASSOCIATION THAILAND -VPAT) က ကြီးမှူးကျင်းပပေးခြင်းဖြစ်ပြီး ယခုဆိုလျှင် ၁၉ ကြိမ်မြောက် ရှိပါပြီ။ ၂၀၀၇ ခုနှစ်မှစ၍ ဤကွန်ဖရင့်ကြီးသည် အာရှ၏ တိရစ္ဆာန်ဆေးကုပညာ ဆေးပညာကွန်ဖရင့်များအနက် အဓိကကျသော ကွန်ဖရင့်ကြီးတစ်ခုအဖြစ် အောင်မြင်ကျော်ကြားလာခဲ့သည်။

VRVC ၏ အဓိကရည်ရွယ်ချက်မှာ တိရစ္ဆာန်ဆေးကုပညာနှင့်ပတ်သက်ပြီး အသိပညာရပ်များ ချိတ်ဆက်ဖလှယ်ရန် ဖြစ်ပါသည်။ ထို့ကြောင့်ထိုင်းနိုင်ငံရှိ VPAT အဖွဲ့ကြီးက ကမ္ဘာ့အဆင့်မီ တိရစ္ဆာန်ဆေးပညာရှင်များစွာကို ဖိတ်ခေါ်ပြီး စိတ်ဝင်စားဖွယ် ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံ အသိပညာဘာသာရပ်အမျိုးမျိုးကို ဟောပြောပို့ချစေပါသည်။ ဥပမာ - ကူးစက်ရောဂါများ၊ မျက်စိရောဂါများ၊ ခွဲစိတ်ပညာ၊ ရောဂါရှာဖွေစမ်းသပ်ခြင်း၊ မျိုးပွားပညာ စသည်တို့ဖြစ်သည်။ ဤအဖွဲ့ကြီးက တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ ပညာရပ်ပိုင်းဆိုင်ရာ၊ ကုသမှုပိုင်းဆိုင်ရာ လက်တွေ့လုပ်ဆောင်ချက်များ၊ ကိုယ်ကျင့်သိက္ခာဆိုင်ရာနှင့် ပေါင်းသင်းဆက်ဆံရေးများ၊ ဥပဒေပိုင်းဆိုင်ရာကိစ္စများကို ထောက်ပံ့ကူညီပေးပါသည်။ အဓိကရည်မှန်းချက်ပန်းတိုင်တစ်ခုမှာ တိရစ္ဆာန်ဆေးကုပညာရပ်တွင် အဆင့်အတန်းမီမီ တစ်ပြေးတည်းဖြစ်စေရေးနှင့် စဉ်ဆက်မပြတ် သင်ယူလေ့လာခြင်းကို ထိန်းသိမ်းထားနိုင်ရေးပင် ဖြစ်သည်။

VPAT ၏ ရည်မှန်းချက်များမှာ-

- တိရစ္ဆာန်ဆေးပညာ သက်မွေးဝမ်းကျောင်းအတတ်ပညာကို ကိုယ်စားပြုနိုင်ရေး၊ အဖွဲ့ဝင်ဆရာဝန်များ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရေး။
- သက်မွေးဝမ်းကျောင်းအတတ်ပညာ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့ကူညီကြပ်မတ်ရေး။
- တစ်ဦးချင်း တစ်ယောက်ချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ပညာဆည်းပူးလေ့ကျင့်စေရေး။
- တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းကြီးသည် အခြားအသင်းအဖွဲ့များ၊ ပညာရှင်များ၊ ပြည်သူလူထုများနှင့်အတူ တက်ကြွပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ ဖြစ်ကြပါသည်။

အခမ်းအနားကျင်းပမည့် IMPACT ခန်းမကြီးကို ရောက်လျှင်ရောက်ချင်း ဆရာဝန်အမည်စာရင်းမှတ်ပုံတင်ရသည်။ ဖွင့်ပွဲကျင်းပမည့်ခန်းမကြီးနှင့် ပြခန်းများအကြားတွင် ပိုစတာအများအပြား ပြသထားသည်ကို တွေ့ရသည်။

ကွန်ဖရင့်ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ ရာမယနဇာတ်လမ်းတို့ဖြင့် ဖျော်ဖြေခြင်း၊ တစ်ဦးချင်းထူးချွန်သူများ၊ အဖွဲ့လိုက်ထူးချွန်သူများကို ဂုဏ်ပြုဆု ချီးမြှင့်ခြင်းများ ပြုလုပ်ပါသည်။ အစီအစဉ်များပြီးမှ ပြခန်းများရှိရာခန်းမကြီးကို ဖွင့်လှစ်ကာ ဝင်ရောက်ခွင့်ပြုလိုက်သည်။ တိရစ္ဆာန်ဆေးဝါးအမျိုးမျိုး၊ အသုံးအဆောင်အမျိုးမျိုး၊ အစာအမျိုးမျိုး၊ ပစ္စည်းကိရိယာအမျိုးမျိုးတို့ကို ပြသထားသောပြခန်းများကား စုံလင်ပေစွ။ နာမည်ကျော် ကုမ္ပဏီကြီးများ၏ ပြခန်းများကိုလည်း တွေ့ရသည်။ စိတ်အာရုံကို ဖမ်းစားနိုင်သော ပြခန်းများစွာရှိသော်လည်း ကမ္ဘာ့အဆင့်မီ ပရော်ဖက်ဆာကြီးများက ဟောပြောပို့ချမည့် သင်ခန်းစာများကိုသင်ယူလေ့လာလိုသောကြောင့် ပြခန်းများကို အာရုံဖြတ်တောက်ခဲ့ပါသည်။




အင်္ဂလိပ်ဘာသာ၊ ထိုင်းဘာသာများဖြင့်ပို့ချသော အခန်းခြောက်ခန်းရှိရာ အင်္ဂလိပ်ဘာသာဖြင့်ပို့ချသော ဆရာဝန်ကြီးများမှာ ဆွစ်ဇာလန်၊ နယ်သာလန်၊ ဖလော်ရီဒါ၊ ကိန်းဘရစ်ချ်တို့မှ ပါမောက္ခကြီးများ ဖြစ်ကြသည်။ တက်ရောက်ကြသူ တိရစ္ဆာန်ဆေးကုဆရာဝန်များသည် ထိုင်း၊ မလေးရှား၊ လာအို၊ ဖိလစ်ပိုင်၊ မြန်မာနှင့် အာရှနိုင်ငံများမှဖြစ်ကြပြီး ဩစတြေးလျနိုင်ငံသားအချို့ပင် ပါဝင်လိုက်သေးသည်။ ထူးထူးခြားခြား သင်ကြားပို့ချမှုတစ်ခုမှာ ခွေး၏ဦးနှောက်ထဲမှ ကင်ဆာကျိတ်အမျိုးမျိုးကို ရောဂါရှာဖွေခြင်းနှင့် ခွဲစိတ်ကုသခြင်း ဖြစ်ပါသည်။

ဟောပြောပို့ချချက်များသည် ခေတ်မီတိုးတက်လှသော ဆေးပညာရပ်များဖြစ်ကြပြီး သင်ယူရသည်မှာ အဖိုးတန်လှပါသည်။ ပြခန်းများတွင် ထူးထူးခြားခြား စိတ်ဝင်စားမိသည်မှာ ရောဂါရှာဖွေစမ်းသပ်ကုသသည့် စက်ကိရိယာအမျိုးအစားများ ဖြစ်ကြသည်။ မေ့ဆေးပေးစက်၊ သွေးစစ်ဆေးသည့် စက်၊ အီးစီဂျီ၊ အာထရာဆောင်း၊ Echo စက်၊ ဆီးစစ်သည့်စက်၊ လေဆာကုထုံးအတွက် လေဆာစက်စသည်တို့ကို မြင်ရသောအခါ သူတို့နိုင်ငံ၌ တိရစ္ဆာန်ဆေးကုပညာအဆင့်အတန်း မည်မျှမြင့်မားခေတ်မီနေမည်ကို မှန်းဆနိုင်ပါသည်။

ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးသည့် စက်ကိရိယာအမျိုးမျိုးကို လွန်ခဲ့သော ခြောက်နှစ်က ဟောင်ကောင်နိုင်ငံရှိ ဆေးရုံတစ်ခုတွင် တွေ့မြင်လေ့လာဖူးသော်လည်း ယခုလို တစုတဝေးတည်းမြင်ရမှ အမျိုးအစားပိုမိုစုံလင်ကြောင်း တွေ့ခဲ့ရသည်။ လူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများကို လေ့လာကြည့်လျှင်လည်း ဘန်ကောက်ဆေးရုံကြီးမှာ ကိုယ်တိုင်ခွဲစိတ်ကုသမှု ခံယူဖူးသူတစ်ယောက်အနေဖြင့် သူတို့၏ ဆေးပညာအဆင့်အတန်းကို ကောင်းစွာနားလည်သဘောပေါက်ပါသည်။

"မြန်မာပြည်မှာ ခွဲလို့မရနိုင်သေးဘူး" ဆိုသော သမားတော်ကြီး စကားကြောင့်သာ နိုင်ငံခြားကိုအားကိုးခဲ့ရခြင်း ဖြစ်သည်။ ရှုပ်ထွေးခက်ခဲသော ကျန်းမာရေးပြဿနာများဖြစ်လာတိုင်း အိမ်နီးချင်းနိုင်ငံကိုပြေးပြီး ကုသမှုခံယူရခြင်းမှာ ခေတ်မီတိုးတက်သော ဆေးပညာ၊ ခွဲစိတ်ပညာများအား ဆရာဝန်များကို တစ်ပြေးညီတိုးတက်ကျွမ်းကျင်အောင် မွမ်းမံသင်ကြားနိုင်ခြင်း၊ ခေတ်မီရောဂါ ရှာဖွေရေးစက်သစ်ကြီးများကို မြန်ဆန်စွာ အစားထိုး ဖြည့်တင်းသုံးစွဲနိုင်ခြင်းတို့ကြောင့် ဖြစ်မည်ဟု သုံးသပ်မိပါ၏။

ထိုင်းနိုင်ငံရှိ Kasetsart Vet University တွင် မဟာဘွဲ့ရပြီး ယခု Chularlongkorn တက္ကသိုလ်တွင် ပါရဂူဘွဲ့အတွက် တက်ရောက်သင်ကြားနေသော တပည့်လေးက ပြောခဲ့ဖူးသည်။ "Teaching Hospital မှာ Vet ကျောင်းသား ကျောင်းသူလေးတွေဟာ ECG၊ Ultrasounds၊ Echo ရိုက်တဲ့အခန်းတွေ၊ ကင်ဆာယူနစ်က Radiation၊ Chemotherapy ပေးတဲ့ အခန်းတွေကို တစ်ခန်းဝင်တစ်ခန်းထွက်နဲ့ သင်ကြရတာတီချယ်၊ ကျောင်းမှာသင်ခဲ့ရတာရော၊ တီချယ့်ဆေးခန်းမှာ တီချယ်သင်ပေးဖူးတာတွေရော မှတ်မိနေလို့ Clinical sign တွေမြင်တာနဲ့ အဲဒါ ဘာကော့စ် မဟုတ်လားလို့ မေးလိုက်ရင် မှန်နေတာပဲတီချယ်" တဲ့။ မှန်ပါသည်။ တိရစ္ဆာန်ဆေးကုပညာရပ်သည် ပိုင်ရှင်များက ပြောပြသော ရောဂါရာဇဝင်နှင့်ဆရာဝန်က စမ်းသပ်စစ်ဆေးတွေ့ရှိသော ရောဂါလက္ခဏာများအား မူတည်ပြီး ကုသရခြင်းဖြစ်သဖြင့် သင်ကြားထားသော ပညာရပ်အပေါ် များစွာ အခြေခံနေပါသည်။ "ပိုင်ရှင်တွေတော့ ပိုက်ဆံအများကြီးကုန်တာ တီချယ်။ Test ပေါင်းစုံလုပ်ရတာဆိုတော့လေ" တပည့်လေး၏စကားက မှန်ပါသည်။ ရောဂါရှာဖွေစမ်းသပ်မှုနှင့် ကုသမှုခက်ခဲနက်နဲလေ ကုန်ကျစရိတ်များပြားလေ ဖြစ်မှာပါ။

မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဆေးကုပညာရပ်နယ်ပယ်တွင် တိရစ္ဆာန်တို့ကို ရောဂါရှာဖွေစမ်းသပ်ရာ၌ ပိုင်ရှင်များက ပေးအပ်သော ဘောင်အတွင်းမှာသာ ဆောင်ရွက်ပိုင်ခွင့်ရှိလေရာ သူတို့ခွင့်ပြုသလောက်သာ စမ်းသပ်စစ်ဆေးရပါ၏။ တစ်ခါတလေ သွေးစစ်ချက်အဖြေမရမီကပင် ရောဂါလက္ခဏာများက ညွှန်ပြသော ရောဂါအမည်ကို ဆရာဝန်က သိနှင့်နေပြီး ဖြစ်နေသည်။ ဤသို့ဆိုခြင်းကြောင့် စက်ကိရိယာများဖြင့် Test အမျိုးမျိုး စစ်ဆေးရန်မလိုအပ်ဟု ပြောခြင်းမဟုတ်ပါ။ ရောဂါလက္ခဏာများနှင့် ရောဂါရာဇဝင်ကိုသာကြည့်ပြီး ကုသခြင်းသည် ရှေးရိုးစွဲဝါဒီတို့၏ အစွန်းတရားတစ်ခု ဖြစ်သည်။ ဘယ်လိုလူနာမျိုးလာသည်ဖြစ်စေ Test မှန်သမျှ အားလုံးလုပ်ပြီး စစ်ဆေးမည်ဆိုသည်ကလည်း အစွန်းတရားတစ်ခု ဖြစ်နေသည်။ ယခုလို ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော အခြေအနေတွင် အစွန်းတရားနှစ်ပါးကို ရှောင်ကြဉ်ပြီး ကုသပေးမှ မှန်ကန်သည်ဟု ဒုတိယပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာမောင်မောင်စံ (မွေး/ဆေးတက္ကသိုလ်)က သင်ကြားညွှန်ပြဖူးပါသည်။ ရှေးရိုးစွဲဝါဒကိုသာ ကျင့်သုံးနေလျှင် သူတစ်ပါးတို့အုတ်ဖြင့် တိုက်ဆောက်နေချိန်ဝယ် ဝါးတဲကလေးဖြင့်သာ နေနေရပေမည်။

စပ်ကူးမပ်ကူးကာလတွင် ရှုဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာသော အခြေအနေမျိုးကို ဖန်တီးရင်း တိုးတက်အောင် ပြောင်းလဲရမည်ဖြစ်ရာ အသိပညာ ဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးရန် လိုအပ်လှပါသည်။ ပိုစတာများကို လေ့လာဖတ်ရှုကြည့်သောအခါမှာလည်း စိတ်ဝင်စားဖွယ်ရောဂါများကို မည်သို့ရှာဖွေစမ်းသပ်ပြီး မည်သို့ကုသခဲ့ကြောင်း ဓာတ်ပုံများ၊ ရုပ်ပုံများ၊ ဆေးကုသပုံနည်းလမ်းများ၊ ရလဒ်များ၊ ဆွေးနွေးချက်များ၊ နိဂုံးချုပ် ဖော်ပြချက်များအား ပြည့်ပြည့်စုံစုံ ဖော်ပြထားလေသည်။ ဤကွန်ဖရင့် တက်ရောက်ခွင့်ရခြင်းမှာ ပညာငတ်မွတ်သူတစ်ဦးအဖို့ ရေငတ်တုန်း ရေရှာတွေ့သည့်ပမာ အဖိုးအနဂ္ဃ ထိုက်တန်လှပါသည်။

မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီးနှင့် WSAVA တို့ပူးပေါင်းပြီး Seminar များ ကျင်းပကာ ကမ္ဘာ့အဆင့်မီဆရာဝန်ကြီးများက လာရောက်ဟောပြောပို့ချလေ့ရှိရာ ဆရာဝန်များအနေဖြင့် လက်မလွှတ်သင့်သော အခွင့်အရေးများ ဖြစ်ကြပါ၏။

ဆေးပညာကား အစဉ်အမြဲ ခေတ်မီဆန်းသစ်တိုးတက်နေပါသည်။ နောက်ကျကျန်ခဲ့ပြီဟု စိတ်ပျက်အားလျော့စရာ မလိုအပ်သလို ထိုသို့ဖြစ်ခြင်းအတွက် သူတစ်ပါးကို အပြစ်တင်နေဖို့လည်း မလိုပါ။ ရောက်ရှိနေသည့်နေရာမှစတင်ပြီး တိုးတက်အောင် ပြုပြင်ပြောင်းလဲရပေမည်။ အရေးအကြီးဆုံးအချိန်ကတော့ ယခု လက်ရှိအချိန်ပဲ ဖြစ်ပါသည်။ ။

# ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

(ခ) အတင်းအကျပ် လိုက်နာစေရန် နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် အခြားရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာကျဆင်းစေသော အမူအကျင့်များပြုမူခြင်း သို့မဟုတ် ခိုင်းစေမှုကို မလိုက်နာသည့်အတွက် အပြစ်ပေးသည့်အနေဖြင့် စုဆောင်းခြင်း သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်စေခြင်းတို့မှ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှု ခံယူခွင့်၊

(ဂ) အကြောင်းတစ်ရပ်ရပ်ကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ပြင်ပသွားလာခွင့်မပြုသော စခန်းများတွင်နေစေခြင်းမှ ကင်းလွတ်ခွင့်၊

(ဃ) ကလေးသူငယ်အခွင့်အရေး ချိုးဖောက်မှုခံရပြီး ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ကျူးလွန်ခံရသူ ကလေးသူငယ်များနှင့် အသက်မသေကျန်ရှိသူများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းပြန်လည်ထူထောင်ရေးနှင့် လူ့အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရန် သင့်လျော်သော အကူအညီရရှိခွင့်၊

(င) ထိခိုက်နစ်နာမှုများ၊ ဆုံးရှုံးမှုများအတွက် ပံ့ပိုးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ကျူးလွန်သူများအား မှုခင်းများစွဲဆိုရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ အကူအညီရရှိခွင့်၊

(စ) ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လိုအပ်သော စာရွက်စာတမ်းများကို ရရှိခွင့်။

၆၃။ မည်သူမျှ -

(က) အသက် ၁၈ နှစ် မပြည့်သေးသူများကို နိုင်ငံတော်၏ တပ်မတော်အတွင်းသို့ စုဆောင်းခြင်း၊ ဥပဒေအရ စစ်မှုထမ်းစေခြင်း သို့မဟုတ် စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းမပြုရ၊

(ခ) အသက် ၁၈ နှစ်အောက်ဖြစ်သောသူများကို တိုက်ခိုက်မှုများတွင် အသုံးမပြုရ။

၆၄။ မည်သူမျှ -

(က) အသက် ၁၈ နှစ်အောက်ဖြစ်သောသူများကို နိုင်ငံတော်၏ တပ်မတော်မဟုတ်သည့် အခြားအုပ်စုများသို့ လူသစ်စုဆောင်းခြင်း မပြုရ၊

(ခ) အသက် ၁၈ နှစ်အောက်ဖြစ်သူများကို နိုင်ငံတော်၏ တပ်မတော်မဟုတ်သည့် အခြားမည်သည့်အုပ်စုကမဆို တိုက်ခိုက်မှုများတွင် အသုံးမပြုရ။

၆၅။ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၆၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်၏ တပ်မတော်က ကြီးကြပ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ကျောင်းများ၊ သိပ္ပံများ၊ တက္ကသိုလ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**အခန်း (၁၈)**

**ကလေးသူငယ်ကိုရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ ကလေးသူငယ် ညစ်ညမ်းပုံပြုလုပ် ဖြန့်ဖြူးခြင်းနှင့် တရားခံလွှဲပြောင်းပေးခြင်း**

၆၆။ ကလေးသူငယ်၏ ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကလေးသူငယ်များအပေါ် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်လျှင် ထိုသူအား ပြစ်မှုကျူးလွန်သူဟု မှတ်ယူရမည် -

(က) ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အကျိုးအမြတ်အတွက် ကလေးသူငယ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းကို လွှဲပြောင်းခြင်း သို့မဟုတ် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေခြင်း၊ ထိုသို့ခိုင်းစေရန်အလို့ငှာ ရောင်းချခြင်း၊ ကမ်းလှမ်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် လက်ခံခြင်း၊

(ခ) ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ ခိုင်းစေရန်အလို့ငှာ ကမ်းလှမ်းခြင်း၊ ရယူခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ထောက်ပံ့ခြင်း၊

(ဂ) ကလေးသူငယ်ညစ်ညမ်းပုံပြုလုပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ယင်းကိစ္စအလို့ငှာ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း။

၆၇။ (က) ဤအခန်းပါ ပြစ်မှုများသည် ကလေးသူငယ် အခွင့်အရေးများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ် အဖွဲ့ဝင်နိုင်ငံ အချင်းချင်းချုပ်ဆိုသည့် စာချုပ်တွင်ပါရှိသော တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုများတွင် ပါဝင်သည်ဟုမှတ်ယူရမည်။

(ခ) ဤအခန်းပါ ပြစ်မှုတစ်ခုခုအတွက် ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တရားခံလွှဲပြောင်းရေးကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အကူအညီပေးရေးကိစ္စနှင့်စပ်လျဉ်း၍ ဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၁၉)**

**ကလေးသူငယ်၏ ကျင့်ဝတ်စည်းကမ်းများနှင့် မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများ၏ တာဝန်ဝတ္တရားများ**

၆၈။ ကလေးသူငယ်တိုင်းသည် အသက်အရွယ်အလိုက် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာကျင့်ကြံစောင့်ထိန်းရမည် -

(က) တရားဥပဒေကို စောင့်ထိန်းလိုက်နာခြင်း၊

(ခ) အသက်အရွယ်နှင့် ရင့်ကျက်မှုရှိလာသည်နှင့်အမျှ မိဘ၊ အုပ်ထိန်းသူတို့၏ ဆုံးမသွန်သင်ပေးမှုကို လေးစားလိုက်နာကာ မိမိ၏အခွင့်အရေးများကို လက်ခံကျင့်သုံးခြင်း၊

(ဂ) မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများ၏ သွန်သင်မှုကိုခံယူပြီး ပညာသင်ယူခြင်း၊

(ဃ) ကျောင်းစည်းကမ်းနှင့် ရပ်ရွာစည်းကမ်းများကိုလည်းကောင်း၊ လူမှုရေးစည်းကမ်းနှင့် ဘာသာရေး ကျင့်ဝတ်များကိုလည်းကောင်း လေးစားလိုက်နာပြီး ရပ်ရွာအတွင်း တာဝန်သိသူတစ်ဦးအဖြစ် နေထိုင်ကျင့်ကြံခြင်း၊

(င) မိမိရပ်ရွာအသိုက်အဝန်း၏ ကောင်းမွန်သော အစဉ်အလာများ၊ တန်ဖိုးများ၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(စ) အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားခြင်း သို့မဟုတ် အခြားအကျင့်စာရိတ္တပျက်ပြားဖွယ်ရာ အမူအကျင့်များမှ ရှောင်ကြဉ်ခြင်း။

၆၉။ မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများသည် ကလေးသူငယ်များက ပုဒ်မ ၆၈ ပါ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာစောင့်ထိန်းသည့် အလေ့အထရှိစေရန် ရိုက်နှက်ပြစ်ဒဏ်ပေးမှုအပါအဝင် အပြစ်ပေးမှု ပုံစံတစ်မျိုးမျိုးတို့ကို အသုံးမပြုဘဲ ကျိုးကြောင်းပြ နည်းပေးလမ်းညွှန်ပြုရမည်။

၇၀။ အမျိုးသားကော်မတီသည် ပုဒ်မ ၆၈ ပါ ကလေးသူငယ်များက ယင်းတို့၏ ကျင့်ဝတ်စည်းကမ်းများ လိုက်နာကျင့်သုံးရေးအတွက်လည်းကောင်း၊ ပုဒ်မ ၆၉ ပါ မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများက ရှောင်ကြဉ်ရမည့်အချက်များကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်လည်းကောင်း ကျောင်းသားများ၏ မိဘများ၊ ရပ်မိရပ်ဖများနှင့် ဆရာ၊ ဆရာမများအား အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရမည်။

**အခန်း (၂၀)**

**အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း**

၇၁။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့်ပတ်သက်၍ -

(က) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ရန် သင့် မသင့် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ကျူးလွန်သည့် ပြစ်မှု၏သဘာဝ၊ ကျူးလွန်ရသည့် အကြောင်းရင်းနှင့် အခြေအနေ၊

(၂) ထိုပြစ်မှုမျိုးကို မကြာခဏ ကျူးလွန်လေ့ ရှိ မရှိ၊

(၃) ကလေးသူငယ်၏ အသက်အရွယ် အသိဉာဏ်ဖွံ့ဖြိုးမှု၊ ရင့်ကျက်မှုအခြေအနေ၊

(၄) မိသားစုအနေအထားနှင့် ပတ်ဝန်းကျင်လွှမ်းမိုးမှု အခြေအနေ၊

(၅) ပြစ်မှုကျူးလွန်ခြင်းခံရသူ၏ ထိခိုက်နစ်နာမှုကို ပြုပြင်ကုစားပေးနိုင်မှု ရှိ မရှိ၊

(၆) ကလေးသူငယ်က ပြစ်မှုကျူးလွန်ကြောင်း သက်သေအထောက်အထား ခိုင်လုံမှု ရှိ မရှိ၊

(၇) ရပ်ရွာလူမှုအဖွဲ့အစည်း ဘေးကင်းလုံခြုံမှု ရှိနိုင် မရှိနိုင်။

(ခ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် သင့်ပါက ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခြင်းမပြုမီ အဆင့်တွင်ဖြစ်စေ၊ ရဲတပ်ဖွဲ့က အမှုစုံစမ်းစစ်ဆေးသည့် အဆင့်တွင်ဖြစ်စေ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာအဆင့်အလိုက် ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၇၂။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်မှာ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (က) ပါ အချက်များနှင့် အကျုံးဝင်စေကာမူ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်ပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းမပြုရ -

(က) သေဒဏ်၊ ထောင်ဒဏ် တစ်သက်၊ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ် သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်ချမှတ်နိုင်သော ပြစ်မှုအပါအဝင် ထောင်ဒဏ် ခုနစ်နှစ်နှင့်အထက် ပြစ်ဒဏ်ပေးနိုင်သောပြစ်မှုကို ကျူးလွန်ခဲ့ခြင်း၊

(ခ) အကျင့်စာရိတ္တ လွန်ကဲစွာပျက်စီးနေသော သို့မဟုတ် ထိန်းသိမ်း၍ မရနိုင်လောက်အောင် ဆိုးသွမ်းနေသော ကလေးသူငယ်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားများ တွေ့ရှိခြင်း၊

(ဂ) ထောင်ဒဏ် သုံးနှစ်နှင့်အထက် ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုတစ်ခုခုဖြင့် ပြစ်ချက်ဟောင်းရှိသူဖြစ်ခြင်း။

၇၃။ အမျိုးသားကော်မတီ၏လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသောကလေးသူငယ်ကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအလို့ငှာ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးသူငယ်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများ အပါအဝင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စေတနာရှင်များအား ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများဖြင့် လေ့ကျင့်ခြင်းနှင့် သင်တန်းများပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ရမည်။

၇၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းပြုရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေချုပ်ရုံး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာမြို့နယ်အဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သင့်လျော်သော တာဝန်ရှိ ပုဂ္ဂိုလ်များပါဝင်သည့် မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းရမည်။

၇၅။ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့များသည် -

(က) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် စပ်လျဉ်း၍ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ရန် သင့် မသင့် ပုဒ်မ ၇၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၇၂ တို့ပါ အချက်များကို ထည့်သွင်းစဉ်းစားပြီး ထိုလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရန် ဦးစွာဆုံးဖြတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် ယင်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူမှာ ကလေးသူငယ်ဖြစ်ပါက ယင်းနှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူကိုလည်းကောင်း ဆင့်ဆိုပြီး နှစ်ဖက်သဘောတူညီချက်အရ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကို အောက်ပါနည်းလမ်းတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ သင့်လျော်သည့် နည်းလမ်းဖြင့်ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည် -

(၁) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်အား သတိပေးဆုံးမခြင်း၊

(၂) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကဖြစ်စေ၊ ယင်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူကဖြစ်စေ၊ ၎င်းတို့နှစ်ဦးလုံးကဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူနှင့် ယင်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူအား စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ဝန်ချတောင်းပန်စေခြင်း၊

(၃) ရပ်ရွာအကျိုးပြု လူမှုရေးအလုပ်တစ်ခုခုကို လုပ်ကိုင်စေခြင်း၊

(၄) ပြစ်မှုကျူးလွန်ခြင်းခံရသူအား ထိခိုက်နစ်နာမှု သို့မဟုတ် နောက်ဆက်တွဲ အကျိုးဆက်များအတွက် သင့်လျော်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးစေခြင်း၊

(၅) ထိခိုက်နစ်နာဆုံးရှုံးသော ပစ္စည်းကိုပြန်ပေးခြင်း၊ ထိုပစ္စည်းကို အစားထိုးပေးခြင်း သို့မဟုတ် ထိုပစ္စည်းအတွက် နစ်နာကြေးပေးစေခြင်း၊

(၆) ပြစ်မှုကျူးလွန်သူအား ရပ်မိရပ်ဖလူကြီး၏ ဆုံးမသွန်သင်မှုကို ခံယူစေခြင်းနှင့် ကျူးလွန်ခံရသူအား နှစ်သိမ့်ဆွေးနွေးစေခြင်း၊

(၇) ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများအလို့ငှာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ လေ့ကျင့်သင်ကြားပေးနိုင်ရန် သင်တန်းကျောင်းများ၊ ပရဟိတဂေဟာများ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာများတွင် ပြုပြင်ထိန်းသိမ်းခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် မလှိုင်မြို့နယ်ဒေသခံပြည်သူများအား တွေ့ဆုံ

**မလှိုင် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မလှိုင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းက မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၃၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ ဒေသခံပြည်သူတို့၏ သိလိုသည့်အချက်များကို တင်ပြဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြည်သူတို့၏အသံကို နားထောင်လိုပါ၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတော်ဘတ်ဂျက်များကို စနစ်တကျ စိစစ်ခွဲဝေချထားပေးထားကြောင်း၊ ဘတ်ဂျက်များချထားပေးရာတွင်လည်း ပြည်သူကိုအကျိုးပြုသည့် လုပ်ငန်းများဖြစ်ဖို့ အဓိကထားပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ဒေသခံပြည်သူများက ကျေးလက်လမ်းများ အဆင့်မြှင့်တင်ပေးရေး၊ လျှပ်စစ်မီးလင်းရေး၊ မှရိုးတိုက်နယ်ဆေးရုံ ဝန်ထမ်းချထားပေးရေး၊ ရေရရှိရေး၊ ဆရာ ဆရာမ လုံလောက်စွာရရှိရေးနှင့် မြေယာကိစ္စများကို တင်ပြခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**





# မိတ်ကပ်နှင့် ဆံပင်အတတ်ပညာ အခမဲ့ပညာဒါနပို့ချ

**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာအမျိုးသမီးများ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်ရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် မြန်မာအလှအပနှင့် ဆံပင်ပညာရှင်များအသင်း ( Myanmar Beauty &Hair Professional Association-MBHPA) တို့ပူးပေါင်း၍ မိတ်ကပ်နှင့် ဆံပင်အတတ်ပညာများ အခမဲ့ ပညာဒါနပို့ချခြင်းအခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

"မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နဲ့ မြန်မာအလှအပနှင့် ဆံပင်ပညာရှင်အသင်းတို့ပူးပေါင်းပြီး မြန်မာအမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းသစ်တွေ ဖန်တီးပေးနိုင်ဖို့ သင်တန်းအစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ရန်ကင်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခက်မာအေးက ပြောကြားသည်။

"ကျွန်မအနေနဲ့ ဟောင်ကောင်မှာ နှစ်ပေါင်း ၂၀ လောက် ဒီအတတ်ပညာနဲ့ အလုပ်လုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံက မိတ်ကပ်နဲ့ ဆံပင်ပညာရှင်တွေကို နိုင်ငံတကာစင်မြင့်ပေါ်ကို ပို့ပေးနိုင်ဖို့ မြန်မာနိုင်ငံကိုပြန်လာခဲ့တာပါ။ အတွေ့အကြုံနဲ့ နည်းစနစ်တွေကို လက်ဆင့်ကမ်းမျှဝေပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာအလှအပနှင့် ဆံပင်ပညာရှင်များအသင်းဥက္ကဋ္ဌ ဒေါ်လင်ကျင်းပိုက ပြောသည်။

အဆိုပါပညာဒါနသင်တန်းကို ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နှစ်ရက်ကြာ ပြုလုပ်မည်ဖြစ်ပြီး ပထမနေ့တွင် ဟောင်ကောင် ဆံပင်ကာလာပညာရှင် Raymond Choi ၏ Vision Hair Show နှင့် စင်ကာပူဆံပင်ပညာရှင် Mr.jason Tan ၏ ကာလာဆိုးထားသော ခေါင်းများကို ကာလာပေါ်အောင်ညှပ်နည်းတို့ကို ပြသပေးမည်ဖြစ်ကြောင်း၊ ဒုတိယနေ့တွင် MBHPA အသင်းဥက္ကဋ္ဌ ဒေါ်လင်ကျင်းပိုက နှစ်ပေါင်း ၄၀ အတွေ့အကြုံများ၊ ဆံပင်အလှပြင်ဆိုင်ကောင်းအဖြစ် ရေရှည်ရပ်တည်နိုင်ရေးအတတ်ပညာများကို မျှဝေပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ မြန်မာအမျိုးသမီး မိတ်ကပ်နှင့် ဆံပင်ပညာရှင်ပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်**

# မိုးရာသီ ရေဘေးကြိုတင်ကာကွယ်ရေး မြန်အောင်တာတမံများ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မြန်အောင် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၉ ရက် နံနက်က မြန်အောင်မြို့နယ် တာခွတဲကြီးကုန်းကျေးရွာအုပ်စု စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဧက ၂၂၀ တွင် စပါးစိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် ရေရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြန်အောင်မြို့အမှတ်(၁) ရပ်ကွက် ပန်းခြံအနီး မြန်အောင်တာမိုင် 6/7 +350 မြစ်ကမ်းတာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအား လှိုင်းကာတန်းနှင့် ရေပေါ်ရေလွှဲတန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်အောင် တာမိုင် (၅/၂) မှ (၆/၀) အတွင်း ပန်းတာတည်ဆောက်ခြင်းနှင့် တာလုံးရွှေ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်ဆွေက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက မြစ်ကမ်းထိန်း ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားရာ တိုင်းဒေသကြီးဝန်ကြီး ဦးတင်အောင်ဝင်းက မိုးရာသီကာလ ရေကြီးချိန်တွင် တာတမံများကို ဂရုတစိုက် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (မြန်/ဆက်)**



# ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိခွေးများကောင်ရေမပြန့်ပွားအောင် ထိန်းချုပ်ခြင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ လေလွင့်ခွေးများအနက်မှ အထီးများကို ခွဲစိတ်သင်းကွပ်ခြင်း၊ အမများအား ခွဲစိတ်သားအိမ်ထုတ်ပြီး မျိုးဆက်ပြန့်ပွားမှု ထိန်းချုပ်ခြင်း၊ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့ကို တိရစ္ဆာန်ဆေးကုဆရာဝန်များ ပရဟိတအဖွဲ့ (Infinity Vets Myanmar) (ရန်ကုန်) မှ ဆရာဝန်များက ဇူလိုင် ၂၈ ရက်တွင် လုပ်ဆောင်ပေးခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ် ဆရာများသမဂ္ဂ၏ မေတ္တာရပ်ခံချက်နှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၏ အကူအညီတောင်းခံခဲ့မှုကြောင့် တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ပရဟိတအဖွဲ့မှ ဆရာဝန်များက ဆောင်ရွက်ပေးခဲ့သည်မှာ ယခုအပတ်နှင့်ဆိုလျှင် ပဉ္စမမြောက် သီတင်းပတ်ရှိပြီဖြစ်ကြောင်း၊ ယခုသီတင်းပတ်တွင် ခွေးထီး ၃၅ ကောင် သင်းကွပ်ခြင်း၊ ခွေးမအကောင် ၆၀ ကို ခွဲစိတ်ပြီး သားအိမ်ထုတ်ခြင်း၊ ၁၀၅ ကောင်ကို ခွေးရူးကာကွယ်ဆေးထိုးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း ဆရာဝန်တစ်ဦးက ပြောသည်။

တိရစ္ဆာန်ဆေးကု ဆရာဝန်များပရဟိတအဖွဲ့ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ဖွဲ့စည်းခဲ့ပြီး လေလွင့်ခွေးအရေအတွက် တိုးပွားလာခြင်း မရှိစေရန် ထိန်းချုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ ခွေးရူးရောဂါအန္တရာယ် နည်းပါးလာစေရေး၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ် တိရစ္ဆာန်ဆရာဝန်များ ပေါ်ထွက်လာစေရေးစသော ရည်ရွယ်ချက်များနှင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဖွဲ့ဝင် ၂၉ ဦး ရှိပြီး ဆရာဝန် တစ်ဦးလျှင် တစ်လ ငွေကျပ် ၅၀၀၀ ထည့်ဝင်၍ ဘုန်းကြီးကျောင်း၊ သာသနာ့နယ်မြေ၊ ဘုရားပရိဝုဏ်၊ တက္ကသိုလ်၊ စာသင်ကျောင်း ဆေးရုံများအတွင်း လေလွင့်ကျက်စားနေသော ခွေးလေခွေးလွင့်များကို ဦးစားပေးလုပ်ဆောင်ခဲ့ကြောင်း သိရသည်။



အဆိုပါ အဖွဲ့အနေဖြင့် သဒ္ဓါပေါက်၍ လာရောက် လှူဒါန်းသူများမှအပ ပြင်ပတွင် အလှူခံခြင်းမရှိဘဲ အဖွဲ့ဝင်ဆရာဝန်များ၏ ထည့်ဝင်ငွေဖြင့်သာ ဆောင်ရွက်သော ပရဟိတအဖွဲ့ဖြစ်ကြောင်း၊ ယခုသီတင်းပတ်အထိ ပရဟိတအဖွဲ့၏ လုပ်ဆောင်မှု ၄၂ ကြိမ်ရှိရာ ခွေးထီးသင်းကွပ်မှု ၇၁၃ ကောင်၊ ခွေးမသားအိမ်ထုတ်မှု ၃၂၃ ကောင်၊ ခွေးရူးကာကွယ်ဆေးထိုးခြင်း ၁၇၉၃ ကောင်၊ သန္ဓေတားဆေးထိုးပေးခြင်း ၄၀၁ ကောင်၊ ခွေးကာလသားရောဂါ ကင်ဆာဆေးသွင်းကုသခြင်း ၃၈ ကောင်၊ ဆိုးသွမ်းခွေးများကို ခွေးပြုစုစောင့်ရှောက်ရေးဂေဟာသို့ ကူညီပို့ဆောင်ပေးခြင်း ၂၁၈ ကောင်ရှိပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်းရှိ ခွေးများအားလုံး ခွေးရူးကာကွယ်ဆေးထိုးခြင်း၊ ကောင်ရေမပြန့်ပွားအောင် ထိန်းချုပ်ခြင်းတို့ကို အပတ်စဉ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းအဖွဲ့ထံမှ သိရသည်။

**ကေဇက်အန်**

## သတင်းလမ်းညွှန်

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။

### ခာတ်လှေကား၊ စက်လှေကားနှင့် မီးစက်ပြပွဲကြီးကျင်းပမည်

ပထမအကြိမ် ခာတ်လှေကား၊ စက်လှေကားနှင့် မီးစက်ပြပွဲကြီးကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်ခန်းမ၌ ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးမြို့တွင် Coffee Grading Show ကျင်းပမည်

Coffee Grading Show ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Hotel Dingar တွင် ဩဂုတ် ၃ ရက် မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းဖွင့်မည်

ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းကို မန္တလေးမြို့ ၄၁ လမ်း၊ ၈၆×၈၇ လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဩဂုတ် ၆ ရက်မှ ၁၄ ရက်ထိ ကိုးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

### ASEAN Market ဆွေးနွေးပွဲကျင်းပမည်

Workshop training for SME Entrepreneur to ASEAN Market ဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ၌ ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးမြို့၌ လေးနိုင်ငံဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကျင်းပမည်

အရှေ့တောင်အာရှ ဘောလုံးအဖွဲ့ချုပ် (AFC) နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) တို့ ပူးပေါင်း၍ အသက်(၁၆)နှစ်အောက် လေးနိုင်ငံ လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ ဩဂုတ် ၁၄ ရက် မှ ၁၈ ရက်ထိ ကျင်းပမည်ဖြစ်ပြီး မြန်မာယူ -၁၆အသင်း၊ အင်ဒိုနီးရှားယူ-၁၆၊ တောင်ကိုရီးယားယူ-၁၆ နှင့် မွန်ဂိုလီးယားယူ-၁၆ အသင်းတို့က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

### ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းပွဲ ကျင်းပမည်

မန္တလေးခရိုင်အတွင်း မြို့နယ်များရှိ ကျောင်းတိုက်များတွင် ဝါတွင်းသုံးလအတွင်း သီတင်းသုံးနေထိုင်ကြသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ဓမ္မာစရိယစာချဆရာတော်များ၊ ရဟန်းသာမဏေများနှင့် သီလရှင်များအား (၂၉)ကြိမ်မြောက် စတုပစ္စယာနုဂ္ဂဟ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး၌ ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## တိုတိုထွာထွာဖတ်စရာ

### စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ ချေးငွေထုတ်ပေး

**ကျိုက်လတ်**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးရွာပေါင်း ၈၀ တွင် အရင်းမပျောက်မတည်ငွေရင်း တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ဇူလိုင် ၂၆ ရက်တွင် သာယာကုန်းကျေးရွာ အသင်းသား ၂၃၈ ဦးအား ဆဋ္ဌမအကြိမ် ချေးငွေကျပ်သိန်း ၄၀၀ ထုတ်ပေးနေမှုကို ကြီးကြပ်ပေးခဲ့သည်။

**ကိုလွင်(ဆွာ)**

### မူးယစ်ဆေးဝါးအန္တရာယ် မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကိုနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဇူလိုင် ၂၆ ရက်က အထက တိုက်ကြီးကျောင်းဝင်းအတွင်း၌ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူ ၁၂၀၀ ခန့်အား မူးယစ်ဆေးဝါး၊ သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်သည်များ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကြည်**

### သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**မြောက်ဦး**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပေါ်စေရန်အတွက် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများသည် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက ရပ်ကွက်များသို့သွားရောက်ကာ ကျန်းမာရေးအသိပညာပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည် **ခရိုင် (ပြန်/ဆက်)**

## မယ်စဲ့မြို့နယ်တွင် မိုးရာသီရိက္ခာထောက်ပံ့ခြင်းနှင့် အသိပညာပေးဟောပြောပွဲကျင်းပ



**မယ်စဲ့ ဇူလိုင် ၂၉**

မိုးရာသီရိက္ခာထောက်ပံ့ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၈ ရက်က မယ်စဲ့မြို့နယ် ကျောက်စုကျေးရွာ၊ နမ့်ပိန်းလင်ကျေးရွာ၊ မယ်ဆည်နမ်ကျေးရွာ၊ နမ့်ဟူးကျေးရွာတို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ကယားပြည်နယ် ရင်ခွင်မဲ့ကလေး လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်မော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဥပဒေအရာရှိ ဒေါ်လွင်လွင်သန်းက ကလေးသူငယ် ဥပဒေအကြောင်း၊ မယ်စဲ့မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ဇော်ထွန်းက ရာသီတုပ်ကွေး (H1N1)ရောဂါများ အကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ကျောက်စုကျေးရွာရှိ အိမ်ထောင်စု ၁၆၂ စု၊ ဆရာ ဆရာမ ၁၂ ဦး၊ ကျန်းမာရေးဝန်ထမ်း တစ်ဦး၊ နမ့်ပိန်းလင်ကျေးရွာရှိ အိမ်ထောင်စု ၈၂ စု၊ ဆရာ ဆရာမ ခြောက်ဦး၊ မယ်ဆည်နမ်ကျေးရွာရှိ အိမ်ထောင်စု ၈၀၊ ဆရာ ဆရာမ ငါးဦး၊ ကျန်းမာရေးဝန်ထမ်းသုံးဦး၊ နမ့်ဟူးကျေးရွာရှိ အိမ်ထောင်စု ၄၂ စု၊ ဆရာ ဆရာမ လေးဦး၊ ကျန်းမာရေးဝန်ထမ်း တစ်ဦးတို့အတွက် မိုးရာသီရိက္ခာများကိုလည်းကောင်း၊ အခြေခံပညာကျောင်းများအတွက် ပုံပြင်စာအုပ်၊ ကဗျာစာအုပ်၊ ကဗျာသီချင်းခွေတို့ကို ကယားပြည်နယ် ရင်ခွင်မဲ့ကလေးလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်မော်နှင့် တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ဇူလိုင် ၂၉ ရက်တွင် ဟိုဂျစ်၊ ဟိုဖ၊ တောင်လှ၊ လမ်းဆုံ၊ လယ်တောကျေးရွာတို့တွင် မိုးရာသီရိက္ခာထောက်ပံ့ခြင်းနှင့် ကျေးရွာနေပြည်သူများ ရာသီတုပ်ကွေး (H1N1)ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် ဟောပြောပွဲ ဆက်လက်ပြုလုပ်ခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

## လုပ်ငန်းဆောင်ရွက်မှုများအား တိုင်းဒေသကြီးဝန်ကြီး ကြည့်ရှုစစ်ဆေး



**ပဲခူး ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးသည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက သာယာဝတီခရိုင် အတွင်းရှိ လ-ဝ-က ရုံးများသို့ သွားရောက်ပြီး ဦးစီးဌာန၏ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးသည် သာယာဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်စိုးနှင့်အတူ နတ်တလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးသို့သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာ မြို့နယ်ဦးစီးမှူး ဦးကျင်စိန်က ဦးစီးဌာန လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးက လိုအပ်ချက်များ မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးနှင့် ခရိုင်ဦးစီးမှူးတို့သည် ဇီးကုန်းမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်နှင့် သာယာဝတီမြို့နယ်တို့သို့ သွားရောက်ပြီး ဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံကာ အဂတိကင်းရှင်းရေး၊ လုပ်ငန်းတာဝန်ဝတ္တရား ဆောင်ရွက်ရာတွင် ပြည်သူ့အပေါ် စေတနာထားဆောင်ရွက်ပေးရေး၊ အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန်ပြီးစီးအောင် လုပ်ဆောင်ပေးရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရေး ဆွေးနွေး

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် တရားရုံး မှုခင်းစီမံခန့်ခွဲမှု အကောင်အထည်ဖော်ဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီခွဲက မြို့နယ်တရားရုံး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တိုင်းတရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ် တရားသူကြီး ဦးဝင်းမင်းထွန်းက မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်စနစ်၏ သဘောသဘာဝ၊ ကျင့်သုံးဆောင်ရွက်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိလိုသည့် မေးမြန်းမှုများအပေါ် တွံ့ဖက်မြို့နယ်တရားသူကြီး ဒေါ်မြင့်မြင့်ချစ်ကျော်နှင့် ဒေါ်ခင်မျိုးသင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

**တင်မောင် (မန်းကိုယ်ပွား)**



## မိုးညှင်းဒီဂရီကောလိပ်တွင် ရှေးဦးပြုစုခြင်းသင်တန်းဖွင့်

**မိုးညှင်း ဇူလိုင် ၂၉**

ကချင်ပြည်နယ် မိုးညှင်းမြို့ ဒီဂရီကောလိပ်၌ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ရှေးဦးပြုစုခြင်း (အခြေခံ) အဆင့် သင်တန်းအမှတ်စဉ် (၆/၂၀၁၉) ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

မိုးညှင်းဒီဂရီကောလိပ် ခေတ္တ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာလွင်လွင် (ပါမောက္ခ/ ဌာနမှူး) မြန်မာစာဌာနက အဖွင့်အမှာ စကားပြောကြားပြီး မိုးညှင်းမြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင်က သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၁၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **နီတိုး**

## တိုတိုထွာထွာဖတ်စရာ



### ပလတ်စတစ်သုံးစွဲမှုလျှော့ချစို့ လှုပ်ရှားမှုပြုလုပ်

**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ ပလတ်စတစ်လျှော့ချစို့ ပညာပေးလှုပ်ရှားမှုကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ရေနံချောင်းမြို့မ ပြည်သူ့ဈေးကြီး၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

"ရေနံချောင်းမြို့မဈေးကြီးမှ ဆိုင်ခန်းရှင်များ၊ ပျံကျဈေးသည်များကို ပလတ်စတစ်အိတ် လျှော့ချသုံးစွဲဖို့ ပညာပေးပါတယ်။ ဒါ့အပြင် တွင်းကုန်း အထက (ခွဲ)၊ ဝက်ချပ် အထက (ခွဲ) က ကျောင်းသား ကျောင်းသူတွေကိုလည်း ပညာပေးဟောပြောနေပါတယ်"ဟု ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးရှိန်မြင့်မောင်က ပြောသည်။

**ဆန်းညွန့်**

### ကြွပ်ကြွပ်အိတ်အစားထိုးအသုံးပြုနိုင်ရေးဆောင်ရွက်

**ဂန့်ဂေါ**

ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး လှုပ်ရှားမှုကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ဂန့်ဂေါမြို့မဈေး၌ ပြုလုပ်သည်။

မြို့နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးအကျိုးတော်ဆောင်များသည် အစားထိုးအသုံးပြုရန် အင်ဖက်နှင့် သတင်းစာစက္ကူများကို ဈေးသူ၊ ဈေးသားများအား အခမဲ့ဖြန့်ဝေပေးကြပြီး ကျန်းမာရေးအသိရှိစေရေး အစားထိုးအသုံးပြုကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိန်ကျော်**

### ကျောင်းအခြေပြု ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**မောက်မယ်**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ကျောင်းအခြေပြု ပြေးခုန်ပစ်ပြိုင်ပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် အ-ထ-ကကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ကျောင်းအခြေပြု ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အလျားခုန်၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲတို့ကို မောက်မယ်မြို့နယ်အတွင်း မူလတန်းအဆင့်၊ အလယ်တန်းအဆင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

### မှူခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသက်ဆွေဦးသည်ဇူလိုင် ၂၆ ရက်နံနက်၁၀ နာရီက အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းကလေးငယ်များအတွက် ဝှီးချဲများလှူဒါန်း

**ရေကြည် ဇူလိုင် ၂၉**

ရန်ကုန်မြို့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီက ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့အတွင်းရှိ မသန်စွမ်းကလေးငယ်များအတွက် ဝှီးချဲများလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက ရေကြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖြူစင်မေတ္တာ လူမှုဖွံ့ဖြိုးရေးပရဟိတအသင်း၏ဥက္ကဋ္ဌ ဦးသန်းထွန်းနိုင်က အလှူရှင်များကိုယ်စား မသန်စွမ်းကလေးများအတွက် ဝှီးချဲများလှူဒါန်းရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်နှင့် မြတ်ပညာဒါနဖောင်ဒေးရှင်း မင်္ဂလာအောင်သိဒ္ဓိကျောင်းဆရာတော်တို့က အလှူရှင်များကိုယ်စား မသန်စွမ်းကလေးငယ်များအတွက် ဝှီးချဲကိုးစီး၊ မသန်စွမ်းလူကြီးများအတွက် ဝှီးချဲနှစ်စီး စုစုပေါင်းဝှီးချဲ ၁၁ စီး လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်သူဟန် (ပြန်/ဆက်)**



## ရန်ကုန်တိုင်းဒေသကြီးတွင် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီးအဆင့် သတင်းရေးသား ထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲ ပထမရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ထုတ်လုပ်ရေးဌာနခွဲမှ စာတည်း ဦးအောင်သူက သတင်းရေးသား ထုတ်ပြန်ခြင်းဆိုင်ရာ ဝေါဟာရရှင်းလင်းချက်များကို သင်ကြားပို့ချရာ သင်တန်းသား သင်တန်းသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃ ရက်ထိ ပို့ချမည်ဖြစ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ရုံးများမှ ဓာတ်ပုံကျွမ်းကျင်-၂ နှင့် ရုပ်သံကျွမ်းကျင်-၃ ဝန်ထမ်းစုစုပေါင်း ၄၄ ဦး တက်ရောက်ကြကြောင်း သိရသည်။ **လင်းလင်းထွန်း**

## 11th Santi Cup ပြိုင်ပွဲတွင် တတိယဆုရ မြန်မာ့လက်ရွေးစင် အမျိုးသမီးဂေါက်သီးရိုက်အသင်း ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၉**

ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ဗီယက်နမ်နိုင်ငံ Heron Lake Golf Course and Resort ၌ ကျင်းပသည့် South East Asian Amateur Golf Team Championships ၏ 11th Santi Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဂေါက်သီးရိုက်အသင်းသည် တတိယဆုရရှိခဲ့သည်။ တတိယဆုရခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဂေါက်သီးရိုက်အသင်းသည် ဇူလိုင် ၂၈ ရက် ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဂေါက်သီးရိုက်အသင်းတွင် ဖူးပွင့်ရတီခိုင်၊ သင်းဝေခိုင်နှင့် ဝင့်ဖူးနဒီခိုင်တို့ ပါဝင်ပြီး လေးရက်ပေါင်း ရိုက်ချက် ၅၉၈ ချက်ဖြင့် တတိယဆုရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်း အပါအဝင် နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုင်းအသင်းက ပထမ၊ မလေးရှားအသင်းက ဒုတိယဆုရရှိခဲ့သည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် လက်ရွေးစင်ကစားသမားများနှင့် လူငယ်လက်ရွေးစင်အဆင့် ကစားသမားများ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရန်နှင့် ယင်းပြိုင်ပွဲမှ ရရှိသည့် အတွေ့အကြုံများဖြင့် လာမည့်ပြိုင်ပွဲများတွင် အောင်မြင်မှုရယူနိုင်ရန်အတွက် ပြိုင်ပွဲများဆက်တိုက်ယှဉ်ပြိုင်လျက်ရှိပြီး နိုင်ငံအတွက် အောင်မြင်မှုများ ဆက်တိုက်ရယူပေးလျက်ရှိသည်။



**သတင်း - ဖိုးသော်ဇင်**
**ဓာတ်ပုံ - ဂေါက်သီးအဖွဲ့ချုပ်**

## တာလေမြို့ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ လက်တွေ့သရုပ်ပြသ

**တာလေ ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကွင်းအတွင်းလက်တွေ့ လိုက်နာဆောင်ရွက်စေခြင်းဖြင့် တောင်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကာ တောင်သူဖိတ်ခေါ်ကွင်းလက်တွေ့သရုပ်ပြပွဲကို နားယောင်းကျေးရွာ တောင်သူ ဦးစိုင်းလုံ၏လယ်မြေ၌ ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တောင်သူဖိတ်ခေါ်ကွင်းလက်တွေ့သရုပ်ပြပွဲကို ဒေသတောင်သူများစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများအား ပညာပေးဟောပြောပွဲမှ သိရှိလာသည်များကို ကွင်းအတွင်း လက်တွေ့ သိမြင်လိုက်နာ ဆောင်ရွက်စေခြင်းဖြင့် တောင်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ပေးခြင်းဖြစ်ကြောင်း တာလေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက ပြောကြားသည်။

ထို့နောက် တာချီလိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဝင်းက ယခုနှစ် မိုးစပါးရာသီတွင် ပြောင်းလဲလာသည့် ရာသီဥတုဂေဟစနစ်ကြောင့် စိုက်ပျိုးရေရရှိမှုနည်းပါးပြီး စပါးစိုက်ပျိုးချိန်နောက်ကျလာသဖြင့် စပါးပျိုးသက်နု ကောက်ကွဲကြဲပျိုးထောင်စိုက်ပျိုးနည်းစနစ် (စပါးအစွမ်းဖွင့်စိုက်ပျိုးနည်းစနစ်) (System of Rice Intensification:SRI)၊ သက်တမ်းတိုသည့်စပါးမျိုးများ စိုက်ပျိုးခြင်း၊ ပျိုးနုတ်သည့်လုပ်သားစရိတ်သက်သာလာစေရန် ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်ပြီး စိုက်ပျိုးဆောင်ရွက်သွားရန် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသည့် တောင်သူများအား ပေါင်ပျိုးစနစ်ပျိုးထောင်စိုက်ပျိုးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်ဖြင့် စိုက်ပျိုးသည့် နည်းစနစ်များကိုကွင်းအတွင်းလက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**ဖြိုးလေး**
**(ပြန်/ဆက်)**

# ရိန်းနဲ့ လင်ဂျီယွန်းတို့ရဲ့ ရုပ်ရှင်သစ် Welcome 2 Life



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ရိန်းရဲ့ ရုပ်ရှင်သစ်အတွက် ပိုစတာဓာတ်ပုံတွေကို လတ်တလောမှာ ထုတ်ဖော်ပြသလာတာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာတော့ ရိန်းဟာ မင်းသမီး လင်ဂျီယွန်းနဲ့ တွဲဖက်ပါဝင်ထားကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရိန်းရဲ့ရုပ်ရှင်သစ်ကတော့ " Welcome 2 Life" လို့ အမည်ရပါတယ်။ ဒီရုပ်ရှင်ဟာ ဇာတ်လမ်းတွဲရုပ်ရှင်ဖြစ်ပြီး အချစ်ဟာသအမျိုးအစားဖြစ်တယ်လို့လည်း သိရပါတယ်။ တနင်္လာ-အင်္ဂါနေ့တိုင်း ထုတ်လွှင့်သွားဖို့ရာစီစဉ်ထားတဲ့ အဆိုပါဇာတ်လမ်းတွဲမှာတော့ တစ်ကိုယ်ကောင်းဆန်တဲ့ ရှေ့နေတစ်ဦးအကြောင်းကို တွေ့မြင်ရမှာပါ။

" Welcome 2 Life"မှာ ရိန်းပါဝင်ထားတဲ့ ဇာတ်ကောင်ကတော့ လီဂျေဆန်းလို့ အမည်ရပါတယ်။ သူဟာ ရှေ့နေတစ်ဦးဖြစ်ပေမယ့် ဥပဒေကို အလွဲသုံးစားလုပ်သူတွေကို သူ့ရဲ့အတ္တကိုယ်ကျိုးစီးပွားအတွက် ကူညီပေးနေတဲ့ တစ်ကိုယ်ကောင်းသမားရှေ့နေတစ်ဦးလည်း ဖြစ်ပါတယ်။

လင်ဂျီယွန်းကတော့ စုံထောက်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး သူဟာ အဓိကအမှုတစ်ခုမှာ ပါဝင်ဆောင်ရွက်ခွင့်ရရှိတဲ့ တစ်ဦးတည်းသော အမျိုးသမီးစုံထောက်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာလီဂျေဆန်းရဲ့ ချစ်သူဟောင်းလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ ရှေ့နေနဲ့ စုံထောက်နှစ်ဦးအကြားက အချစ်ဇာတ်လမ်းကိုလည်း တွေ့မြင်ခံစားရမှာဖြစ်ပါတယ်။



## Lord of the Rings မှ လီဂိုလက်စ်အဖြစ် ပါဝင်ဖို့ရာ အသက်ကြီးလွန်းနေပြီလို့ အော်လန်ဒိုဘလွန်း ဖွင့်ဟ

တစ်ချိန်က အလွန်ကိုကျော်ကြားခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲ " Lord of the Rings " မှာ ဟောလိဝုဒ်ရဲ့နာမည်ကျော် မင်းသားတစ်ဦးဖြစ်သူ အော်လန်ဒိုဘလွန်းဟာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ လီဂိုလက်စ်အဖြစ် ပါဝင်ခဲ့တာဖြစ်ပါတယ်။ လတ်တလောပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာတော့ အဆိုပါဇာတ်ကောင်နဲ့ပတ်သက်ပြီး မင်းသားကို မေးမြန်းရာမှာ သူ့အနေနဲ့ ပါဝင်သရုပ်ဆောင်ဖို့ရာ အသက်ကြီးလွန်းနေပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တယ်လို့ အီးအွန်လိုင်း ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါအင်တာဗျူးမှာ အသက် ၄၂ နှစ်ရှိပြီဖြစ်တဲ့ အော်လန်ဒိုဘလွန်းက သူ့အနေနဲ့ အဆိုပါဇာတ်လမ်းတွဲပေါ်မှာ စိတ်ဝင်စားမှုကတော့ ရှိနေဆဲပါလို့လည်း ဆိုပါတယ်။ အော်လန်ဒိုဘလွန်းဟာ လီဂိုလက်စ်အဖြစ် ၂၀၁၄ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ဇာတ်လမ်းတွဲ " The Hobbit: The Battle of the Five Armies " မှာ နောက်ဆုံးပါဝင်သရုပ်ဆောင်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အော်လန်ဒိုဘလွန်းဟာ လာမယ့် ဩဂုတ် ၃၀ ရက်မှာ စတင်ပြသသွားမယ့် " Carnival Row " ရုပ်ရှင်မှာလည်း ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။



## တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့ အရောက်ပြန်လာတဲ့ ITZY

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " ITZY " ဟာ လတ်တလောမှာ တေးသီချင်းသစ်တစ်ပုဒ်ကို တေးဗီဒီယိုနဲ့အတူ စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးသီချင်းသစ် "Cool "ကို ဇူလိုင် ၂၈ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Cool " မှာ အဖွဲ့ဝင်ငါးဦး ပါဝင်သီဆိုထားတာဖြစ်ပြီး အပြင်အဆင်ပိုင်းမှာ ဖက်ရှင်ကျလှတဲ့ ဝတ်စားဆင်ယင်မှုတွေကြောင့် ကောင်းမွန်တဲ့ ဝေဖန်မှုတွေ ရရှိခဲ့တယ်လို့လည်း သိရပါတယ်။

ဒီတေးသီချင်းရဲ့ ဗီဒီယိုကိုတော့ လော့စ်အိန်ဂျလိစ်မှာ သွားရောက်ရိုက်ကူးခဲ့တာပါ။ လော့စ်အိန်ဂျလိစ်ရဲ့ လမ်းမတွေပေါ်မှာ ကကွက်ဆန်းဆန်းတွေနဲ့ ကခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ တေးသီချင်းမှာ ကိုရီးယားလိုရော အင်္ဂလိပ်လိုပါ သီဆိုထားပြီး ပေါ့ပ်တေးသီချင်းကောင်းတစ်ပုဒ်ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## ဂိုအင်ဆောင်နဲ့ တွဲဖက်ပါဝင်သွားဖို့ရာ ဆွေးနွေးနေတဲ့ နမ်ဂျူဟွတ်ခ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂိုအင်ဆောင်နဲ့အတူ ရုပ်ရှင်သစ်မှာ တွဲဖက်ပါဝင်သွားဖို့ရာ မင်းသား နမ်ဂျူဟွတ်ခ်က လတ်တလောမှာ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၉ ရက်မှာ ဂိုအင်ဆောင်၊ နမ်ဂျူဟွတ်ခ်နဲ့ ဘေဆန်ဝူးတို့ဟာ ဒရမ်မာဇာတ်လမ်းတွဲသစ်မှာ အတူတွဲဖက်ပါဝင်သွားကြဖို့ရာ ဆွေးနွေးနေကြောင်း သတင်းတွေ ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာ ပါဝင်သွားဖို့ရာ ဂိုအင်ဆောင်ဘက်က လက်ရှိအချိန်အထိ အတည်ပြုပြောကြားခြင်းမရှိသေးပါဘူး။ ဇာတ်ညွှန်းကို နောက်ထပ်တစ်ကြိမ် လေ့လာနေဆဲဖြစ်တယ်လို့လည်း သိရပါတယ်။ ဘေဆန်ဝူးကတော့ ပါဝင်သွားဖို့ရာ လက်ခံစဉ်းစားပေးနေကြောင်းလည်းသိရပါတယ်။

ဒီဇာတ်လမ်းတွဲကို ရေးသားပေးနေတဲ့ ဇာတ်ညွှန်းဆရာကတော့ ဂိုအင်ဆောင်ကို ကမ်းလှမ်းထားတဲ့အတွက် ဝမ်းမြောက်မိကြောင်း၊ လက်ရှိမှာ ဇာတ်ညွှန်းကို အပြီးမသတ်ရသေးကြောင်းနဲ့ ဂိုအင်ဆောင်ပါဝင်သွားမှာနဲ့ ပတ်သက်ပြီး အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

## ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ထုတ်လွှင့်သွားမယ့် ဆိုယွန်း



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara" ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဆိုယွန်းဟာ လတ်တလောမှာ ကျရောက်ခဲ့တဲ့ အဖွဲ့ရဲ့အနုပညာသက်တမ်း ၁၀ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဆိုယွန်းရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဟာ ဂီတခရီးတစ်လျှောက် သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်လည်းဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၉ ရက်မှာ ဆိုယွန်းက သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ "T-ara" ရဲ့ အနုပညာသက်တမ်း ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပရိသတ်တွေကို နှုတ်ခွန်းဆက်ခဲ့ပါတယ်။ ဒီလို အမှတ်တရပြုလုပ်ခဲ့ရင်းက တစ်ကိုယ်တော်တေးအယ်လ်ဘမ် ထုတ်လွှင့်သွားမှာဖြစ်ကြောင်းကိုလည်း တစ်ပါတည်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ဆိုယွန်းက အဖွဲ့ရဲ့ နှစ်ပတ်လည်မှာ အခြားသောအဖွဲ့ဝင်တွေနဲ့အတူ အမှတ်တရပြုလုပ်ချင်ကြောင်း၊ သို့သော် အတူမရှိနိုင်တဲ့အတွက် စိတ်မကောင်းဖြစ်မိကြောင်း၊ "T-ara "ရဲ့ပရိသတ်တွေအတွက် တစ်ချိန်ချိန်မှာတော့အဖွဲ့ဝင်တွေ စုံလင်စွာ ပြန်လည်တွေ့ဆုံလိုကြောင်းနဲ့ အားပေးခဲ့ကြသူတွေကို ကျေးဇူးတင်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

"T-ara "ရဲ့ အခြားသော အဖွဲ့ဝင်လေးဦးဟာ အနုပညာသက်တမ်း ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့ကြောင်းလည်း သိရပါတယ်။

## စွန်ပီတေးဂီတဇယားရဲ့ ထိပ်ဆုံးမှာ သုံးပတ်ဆက်တိုက် နေရာယူထားတဲ့ ချောင်ဟ

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ချောင်ဟဟာ ဒေသတွင်းက တေးဂီတဇယားတစ်ခုဖြစ်တဲ့ စွန်ပီရဲ့ နံပါတ်တစ်နေရာမှာ ရပ်တည်နိုင်ခဲ့တာ ရက်သတ္တ သုံးပတ်ဆက်တိုက်ဖြစ်ပါတယ်။ ဒီလို အောင်မြင်မှုရခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့်ရဲ့ တေးသီချင်းကတော့ " Snapping" ဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

# ကမ်းနီးငါးဖမ်းလုပ်ငန်းကို သတ်မှတ်ငါးဖမ်းလှေထက်ကြီးသော လှေများဖြင့် လုပ်ကိုင်ဆောင်ရွက်လို

**မြိတ် ဇူလိုင် ၂၉**

ငါးဖမ်းရေယာဉ်အရွယ်အစားနှင့်ပတ်သက်ပြီး ခေတ်စနစ်နှင့် မကိုက်ညီသည့်အတွက် ကမ်းနီးရေလုပ်သားများက သတ်မှတ်ငါးဖမ်းလှေထက် အရွယ်အစားကြီးမားသော ငါးဖမ်းလှေများဖြင့် ငါးဖမ်းလိုကြသည်။

ကမ်းရိုးတန်းဒေသတစ်လျှောက် ကမ်းခြေမှ ၁၀ မိုင်အတွင်းရှိ ငါးလုပ်ငန်းရေပြင်ကို ကမ်းနီးငါးဖမ်းရေပြင်ဟု သတ်မှတ်ထားပြီး မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်၏ ငါး၊ ပုစွန် သယံဇာတတည်ရှိမှု အခြေအနေ၊ ကမ်းနီးဒေသရှိ ငါး၊ ပုစွန်ပေါက်ဖွားရာနေရာများ ပျက်စီးမှုမရှိစေရေးနှင့် ဂေဟစနစ်မပျက်စီးစေရေးအတွက် ရေယာဉ်ကိုအလျားပေ ၃၀ နှင့်မြင်းကောင်ရေ ၂၅ ကောင် သတ်မှတ်ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

တနင်္သာရီကမ်းရိုးတန်း ကမ်းနီးရေလုပ်သားများသည် သတ်မှတ်ထားသည့်ရေယာဉ်အရွယ်အစားထက် လှိုင်းဒဏ် လေဒဏ်ခံနိုင်သောရေယာဉ်ဖြင့် ကမ်းနီးငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုကြကြောင်း သိရသည်။

ကမ်းနီးလှေများသည် မိသားစုတစ်ပိုင်တစ်နိုင် စက်အင်အားမသုံးဘဲဖမ်းဆီးခြင်း ဆောင်ရွက်ရသည့်အတွက် လှေများသတ်မှတ်အရွယ်အစားထက် အရွယ်အစား၊ စက်အင်အား ကြီးမားပြောင်းလဲပြင်ဆင် ဖမ်းဆီးမှုများပြားလာပါက ငါးသယံဇာတကို ထိခိုက်လာနိုင်၍ ဂေဟစနစ်များပျက်စီးလာနိုင်ပြီး ငါးသယံဇာတရေရှည်တည်တံ့ ထုတ်ယူသုံးစွဲနိုင်ရေးကို အဟန့်အတားဖြစ်လာနိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး ( မြိတ် ပြန်/ဆက် )**





# နှမ်းခင်းများအပွင့်လှိုင်ချိန် ပျားလုပ်ငန်းရှင်များအဆင်ပြေ

**ကျောက်ပန်းတောင်း ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နှမ်းပွင့်များ ဖြိုင်ဖြိုင်ပွင့်နေချိန် ပျားလုပ်ငန်းရှင်များ ပျားပုံးများ နှမ်းခင်းအနီးထားရှိခြင်းဖြင့် ပျားရည်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ အဆင်ပြေကြောင်း လင်းထက်ပျားလုပ်ငန်းပိုင်ရှင် ဦးဝင်းစိုးက ပြောပြသည်။

ပျားလုပ်ငန်းလုပ်ရာတွင် အညာရာသီဥတုအရ မိုးရာသီနှမ်းခင်းများ၊ ဆီးပွင့်ပွင့်ချိန် ဆီးပွင့်များကိုသာ အဓိကအားထားပြီး ပျားပုံးများချထားရကြောင်း၊ ဥတုရာသီမကောင်းချိန် ရှမ်းပြည် (တောင်ပိုင်း)၊ ရှမ်းပြည် (မြောက်ပိုင်း) ဒေသရှိ မြို့များသို့ သွားရောက်ကာ ပန်းနှမ်းခင်းများဘက် သွားရောက်ကြကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ရေထွက်ကျေးရွာတွင် ပျားလုပ်ငန်းရှင် ၆၃ ဦးကျော်ရှိကြောင်းသိရပြီး ယခုနှစ် ကျောက်ပန်းတောင်းမြို့နယ် မိုးကောင်းသောကြောင့် ပျားလုပ်ငန်းရှင်များ မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းတစ်လျှောက် နှမ်းခင်းများအနီးတွင် ပျားသေတ္တာများချထားကြကြောင်းနှင့် ကျောက်ပန်းတောင်း-ပွေးကျစ်လမ်း လွင်ပင်ကုန်းကျေးရွာ၊ ကျောက်စရစ်ကန်ကျေးရွာ၊ စီပေါက်ကန်ကျေးရွာဘက်သို့ သွားရောက်ကာ ပျားသေတ္တာများချထားကြောင်း ပျားလုပ်ငန်းရှင် မသန်းသန်းအေးက ရှင်းပြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးနှမ်းများကောင်းခြင်းကြောင့် ပျားသေတ္တာများ တစ်လအတွင်း နှစ်ကြိမ်ပျားရည်ခပ်ယူ (ညှစ်)ခဲ့ရကြောင်း၊ စိုက်ပျိုးသီးနှံများ မကောင်းချိန် ရာသီဥတုကြောင့် ပန်းများမပွင့်နိုင်ချိန်တွင် သကြားရည်အနည်းငယ်ဖြင့် ပျားများကျွေးရကြောင်း ဦးဝင်းစိုးက ရှင်းပြသည်။ **ကိုထိန် (ငါ့သရောက်)**

# မိတ္ထီလာမြို့နယ်တွင် အပင်သားခွဲခြင်းပညာပေးလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ ဇူလိုင် ၂၉**

မိတ္ထီလာမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ (ရွှေတောင်-၈) အထူးဇုန်ဧက ၅၀ စိုက်ကွင်းအတွင်း၌ အပင်သားခွဲခြင်းပညာပေးလုပ်ငန်းဆောင်ရွက်ခြင်းကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ရေချိုကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ ဧရိယာအတွင်းရှိ ကွင်းအမှတ် (၅၃၆) ရှိ တောင်သူ ၂၀ ၏ စိုက်ဧက ၅၀ တွင် ကျင်းပသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါ (ရွှေတောင်-၈) အထူးဇုန်ဧက ၅၀ စိုက်ကွင်းအတွင်းရှိ စိုက်ဧကများအတွင်း ဝါစတင်စိုက်ပျိုးသည့်အချိန်မှစ၍ အပင်သက်တမ်းတစ်လျှောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကင်းထောက်မှတ်တမ်းကောက်ယူသည့် နည်းစနစ်ဖြင့် စိုက်ကွင်းအတွင်း ကွင်းဆင်းဆောင်ရွက်ပြီး လိုအပ်လာပါက အပင်သားခွဲခြင်းလုပ်ငန်းများ၊ ပိုးမွှားကင်းစင်အောင် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ၊ အထွက်နှုန်းကောင်းမွန်အောင် ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်တွင် ရေချိုနည်းပညာပြန့်ပွားရေးစင်တာဧရိယာအတွင်း အထူးဇုန်စိုက်ဧက ၅၀ နှင့်ကန်တောင်နည်းပညာပြန့်ပွားရေးစင်တာ ဧရိယာအတွင်း အထူးဇုန်စိုက်ဧက ၅၀ တို့ဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါ (ရွှေတောင်-၈) ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ထောက်ကြန့်နယ်မြေ ရဲစခန်းမှူး ရဲအုပ်စည်သူစိုးနှင့် တာဝန်ရှိသူများက ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် မှူခင်းပြခန်းယာဉ်ဖြင့် ထောက်ကြန့်ရတနာသီရိဈေးသစ်ရှေ့၌ မှူခင်းအသိပညာပေးပြီး လက်ကမ်းစာစောင်များ ပေးအပ်စဉ်။

**ဟန်စိုး**

# ရွှေ့ပြောင်းအိမ်ထောင်စုများအတွက် ထောက်ပံ့

**မော်လိုက် ဇူလိုင် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ညောင်ဝန်းကျေးရွာ၌ ချင်းတွင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းပြီး ရွှေ့ပြောင်းခဲ့ရသည့် အိမ်ထောင်စုလေးစုအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းစိုးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီက ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်း ရွှေ့ပြောင်းခဲ့ရသည့် အိမ်ထောင်စုလေးစုအတွက် တစ်အိမ်ထောင်စုလျှင် ကျပ် ၁၀၀၀၀၀၊ ထောက်ပံ့ရေးပစ္စည်း ၁၀ မျိုးပါ ပုံးတစ်ပုံးနှင့် တစ်ပတ်စာဆန်ဖိုး တစ်ဦးလျှင် ကျပ် ၂၁၀၀ တို့အား ထောက်ပံ့ပေးခဲ့ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းစိုးထံမှ သိရသည်။

မော်လိုက်မြို့နယ် လောင်းကောင်းကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာတွင် ဇူလိုင် ၉ ရက်မှ ၂၆ ရက်ထိ ချင်းတွင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်းရွှေ့ပြောင်းထားရသည့် နေအိမ်စုစုပေါင်း ၁၅ လုံး၊ ဘုန်းတော်ကြီးသိမ်ကျောင်းဆောင် တစ်ဆောင်နှင့် ဘုန်းတော်ကြီးကျောင်းဆောင် နှစ်ဆောင် ရွှေ့ပြောင်းထားရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မော်လိုက်သားလေး**

# ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲကျင်းပ

**နတ်တလင်း ဇူလိုင် ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၉) သင်တန်းဆင်းပွဲကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကိုတင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးစန်းဦးက ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုရရှိသော သင်တန်းသားများအား ဆုများချီးမြှင့်ပေးအပ်၍ ဒုရဲမှူးအောင်ကျော်ကျော်က သင်တန်းသား ၃၅ ဦး၏ သင်တန်းဆင်းလက်မှတ်များကို အရန်မီးသတ်တပ်ဖွဲ့ဒုတပ်ရင်းမှူး ဦးအောင်ကျော်မင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# ရောဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ကျောင်းအချို့ ပြန်လည်ဖွင့်လှစ်

**ပွင့်ဖြူ ဇူလိုင် ၂၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ၁၄ ကျောင်း ယာယီပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၈ ရက်က ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ကျောင်းအချို့ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာစာသင်ကျောင်း ၁၄ ကျောင်းတွင် မူလတန်းကျောင်း ၁၁ ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်းနှင့် အထက်တန်းကျောင်းခွဲ တစ်ကျောင်းဖြစ်ကြောင်း သိရသည်။

ငါးခြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မီကျော်က ဧရာဝတီမြစ်ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ကျောင်းပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများ စာသင်ချိန် သင်ခန်းစာနောက်မကျရေးအတွက် သင်ကြားပေးလျက်ရှိကြောင်း ပြောကြားသည်။

ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် KG တန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၉၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉၊ ဇူလိုင်လ၊ ၂၇ရက်နေ့တွင် Sule Shangri-la Hotel, Yangon ၌ ကျင်းပခဲ့သော "9th Annual BTEC Award" အား Pearson Education အဖွဲ့အစည်းမှ ကမ္ဘာတစ်လွှား ဆုချီးမြှင့်ရာတွင် Myanmar Noble University မှ ကျောင်းသားဟိန်းသူရကျော်နှင့် ကျောင်းသားဖြိုးပြည့်စုံထွန်းတို့သည် Global Award (Bronze) (၁)ဆုနှင့် ကျောင်းသားဝေယံထွဋ်နှင့် ကျောင်းသားဖြိုးပြည့်စုံထွန်းတို့မှ BTEC Outstanding Learner Award ဆု (၂)ဆုကို ချီးမြှင့်ခြင်းခံရသည့်အတွက် Myanmar Noble University မှ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။




KBZ BANK ၏ ပူးပေါင်းကူညီမှုဖြင့်

အိမ်ခြံမြေ ကုမ္ပဏီများစုပေါင်း၍ အိမ်ရာပေါင်းများစွာပြသမည့် အိမ်ခြံမြေ အရောင်းပြပွဲကြီး

MYANMAR RAY | ရွှေဥဒေါင်းမင်း | ထက်အောင်သျှိုင်း | ဖလပ်ပွင့် | မင်းမဟာ | ရွှန်းလဲ့ရောင်ခြည်

နေ့ရက် - ၃.၈.၂၀၁၉(စနေနေ့)/ ၄.၈.၂၀၁၉(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၃၀ နာရီမှ ညနေ ၅း၀၀ နာရီ

နေရာ - KBZ Bank၊ သိမ်ကြီးဈေးဘဏ်ခွဲ၊ သိမ်ကြီးဈေး(C)၊ Block 2၊ မြေညီထပ်၊ ရွှေတိဂုံဘုရားလမ်း(အလယ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်။

စိန်နန်းတော်
Diamonds & Fine Jewelry



မကွေး စိန်ရွှေရတနာ အထူးဈေးရောင်းပွဲ

(၂ရက် ၊ ၃ရက် ၊ ၄ရက် ၊ ၅ရက် ဩဂုတ်လ ၂၀၁၉)

ထိန်ထိန်သာ ဟိုတယ်

အမှတ် - ( 10/A ) ၊ နတ်မောက်လမ်း ၊ ပွဲကြိုရပ်ကွက် ၊ မကွေး မြို့နယ်

ဗလာမပါ

ရွှေဆွဲသီး နှင့် ငွေသား ကံစမ်းမဲ

5% to 30% off

Special Discounts

2019 Grand Lucky Draw




Grand Prize - Mazda Brand New Car (1) စီး

" နိုင်ငံကျော် အနုပညာရှင် အကယ်ဒမီ အိမ့်ခြွေကျော်စင် မှ ဩဂုတ်လ ၃ ရက်နေ့ ( စနေနေ့ ) မွန်းလွဲ (၁) နာရီ မှ (၃) နာရီ အတွင်း မကွေး မှချစ်ပရိတ်သတ်များနှင့် အမှတ်တရ လက်မှတ်ထိုး ၊ ဓါတ်ပုံတွဲရိုက်ပေးသွားမည် ဖြစ်ပါသည်။ "

* ဗလာမပါ ရွှေဆွဲသီးနှင့် ငွေသား ကံစမ်းမဲ (မှတ်ချက် = ၃ သိန်းကျပ်ဖိုးနဲ့အထက် ဝယ်ယူရပါမည် /ဘောင်ချာတစ်စောင်ကို ကံစမ်းမဲ တစ်ခုပေးပါမည် ။)
* စိန်ထည်ဝယ်ယူသူများကို မြန်မာ့ပွဲတက်ရိုက်ထည်များ ထပ်မံ လက်ဆောင်
* စိန်နန်းတော် 2019 Grand Lucky Prize MAZDA Car ဆု ကံစမ်းခွင့် (၅ သိန်းကျပ်ကို ကားကံစမ်းမဲကူပွန် ၁ စောင် )
* သိန်း (၈၀) ဖိုးနဲ့ အထက်ဝယ်ယူသူများကို D&C (Singapore Brand) လက်ကိုင်အိတ် များကို အမှတ်တရလက်ဆောင် ပေးသွားပါမည် ။
* နေ့စဉ် ပထမဦးဆုံး လာရောက်အားပေးသော Customer အယောက် ( ၁၀၀ ) ကို " I ❤ စိန်နန်းတော် " တီရှပ် နှင့် ထီး လက်ဆောင် ပေးသွားပါမည် ။



နံနက် (၉) နာရီ မှ ည (၉) နာရီထိ

ဖုန်း - ၀၉ ၅၂၀၀၀၀၄၅၅ ၊ ၀၉ ၀၆၁၄၄၉၉၀၈၈ ၊ ၀၉ ၄၄၄၄၁၂၉၉၀

၁၅ ဝဲရည်ခွ္ဆည် စိန်ငိုးဆန်းများ ၊ 18K White Gold (ရွှေဖြူ / ပလက်တီနမ်) စိန်ငိုးဆန်းများ Belgium စိန်အမြဲ့ထည်များနှင့် Hong Kong Setting စိန်ရိုးသည် စိန်ငိုးဆန်းများကို ရွေးချယ်ဝယ်ယူနိုင်ရန် ခင်းကျင်းပြသထားသည် ဖြစ်ပါသည် ။

## ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏အပေါ်ရင်ပြင်တော်ပတ်လမ်းကို Natural Clay အုတ်များဖြင့်အဆင့်မြင့် လမ်းပြုပြင်မွမ်းမံခြင်း အလှူငွေ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်းကို ဂေါပကအဖွဲ့မှဝမ်းမြောက်စွာဖြင့်သာဓုအနုမောဒနာပြုကာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဂုဏ်ပြုလွှာ(၁၁/၂၀၁၉)

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| [illegible] | [illegible] | [illegible] |

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ ကမ်းနဖူးလမ်း ကွန်ကရစ်ခင်းရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဆောင်ရွက်မည့်လုပ်ငန်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ လမ်းမတော်ဆိပ်ကမ်းနယ်မြေ၊ ကိုင်းတန်းအမှတ်(၂)ဗောတံတားမှ ဝါးတန်းအမှတ်(၆)နှင့် ဝါးတန်းအမှတ်(၄) ဗောတံတားအကြားရှိ ကမ်းနဖူးလမ်း အလျား ၈၀၀ ပေ (၄၉၀၀၀ စတုရန်းပေ) အား ဥလက်မထု G-25 RMC ကွန်ကရစ်ခင်းခြင်း။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့် အချိန်** - ၁-၈-၂၀၁၉ရက်မှ ၁၄-၈-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)

၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၉-၂၀၁၉ ရက် (တနင်္လာနေ့) (၁၂:၃၀) နာရီ

၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာဌာန၊ ထိန်းသိမ်းရေးဌာနခွဲ (ဗိုလ်တထောင်ဘုရားအနီး)

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၉-၅၀၈၈၉၅၀၊ ၀၉-၄၃၀၃၉၈၁၆၊ ၀၉-၂၅၀၀၂၇၉၉၅သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဂျူလီယာ(JULIA)
## ပညာဒါန စက်ချုပ်သင်တန်း အမှတ်စဉ်(၃၁)
## သင်တန်းသားများခေါ်ယူခြင်း (ဖုန်း-၀၉-၅၀၅၈၇၆၇)
## စက်ချုပ်အထူး အမြန်သင်တန်း(၁-လပြတ်)

အမျိုးသမီးတိုင်း လက်မှုပညာတတ်မြောက်စေရန်၊ လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်၊ မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက် ၃ရပ်ကို အခြေခံ၍ စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာအခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက်ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှအစပြု၍ ထဘီ၊ ချိတ်ထဘီ၊ ဘောင်းဘီနှင့် စကပ်ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီနှင့် ဂါဝန်အပါအဝင် စုစုပေါင်းအမျိုး(၂၀)ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင်ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။

တန်းခွဲ(AA) - တနင်္လာ မှ သောကြာ - မွန်းလွဲ 1:00နာရီမှ 3:00နာရီ
တန်းခွဲ(BB) - တနင်္လာ မှ သောကြာ - ညနေ 4:00နာရီမှ 6:00နာရီ
တစ်ပတ်(၅)ရက် (၁)လပြတ်

၁၅-၈-၂၀၁၉ရက်တွင် စတင်ဖွင့်လှစ်မည်။ ၁၄-၈-၂၀၁၉ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

တန်းခွဲ(A) - စနေ၊ တနင်္ဂနွေ - နံနက် 7:00 နာရီမှ 9:00နာရီ
တန်းခွဲ(B) - စနေ၊ တနင်္ဂနွေ - နံနက် 10:00 နာရီမှ 12:00နာရီ
တန်းခွဲ(C) - စနေ၊ တနင်္ဂနွေ - မွန်းလွဲ 1:00 နာရီမှ 3:00နာရီ
တန်းခွဲ(D) - စနေ၊ တနင်္ဂနွေ - ညနေ 4:00 နာရီမှ 6:00နာရီ

တစ်ပတ်(၂)ရက် (၃)လပြတ် ၁၀-၈-၂၀၁၉ရက်တွင် စတင်ဖွင့်လှစ်မည်။ လူဦးရေကန့်သတ်ထားပါသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့် အလှူငွေခြောက်သောင်းကျပ်ထည့်ဝင်လှူဒါန်း၍ အောက်ပါလိပ်စာအတိုင်း ၉-၈-၂၀၁၉ ရက် နောက်ဆုံးထား၍ နံနက် ၈:၀၀နာရီမှ ည ၈:၀၀နာရီထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၇၈)၊ (၄-လွှာ)(ဘယ်)၊ (၃၇)လမ်း၊ အောက်လမ်း၊ ရွှေဘဏ်အနောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၈၇၆၇၊ (ပန်းဆိုးတန်းလမ်း မှတ်တိုင်တွင်ဆင်းပါ။)


**ဦးအံ (လင်း) ကုမ္ပဏီ**
(open daily) (ဗဟန်းရုံး) မှ အမြန်ရောင်းမည်။

| | | | |
|---|---|---|---|
| ၁။ ဗဟန်း၊ငါးထပ်ကြီးဘုရားလမ်း | (1200Sqft) | 2RC | 1Sqft1.5L |
| ၂။ မရမ်းကုန်း၊Junction-8 အနီး | (800Sqft) | 2RC | 12000L |
| ၃။ ကမာရွတ်၊သံလွင်လမ်း | (35x70) | 3RC | 7500L |
| ၄။ ဗဟန်း၊ရွှေဂုံတိုင်အနောက်ဘက် | (15x70) | 5RC | 7500L |
| ၅။ စမ်းချောင်း-လမ်းသန့် | (45x60) | 3RC | 6400L |
| ၆။ ရန်ကင်း၊ဘောက်ထော် | (45x70) | မြေ | 4500L |
| ၇။ သာကေတ၊မြင်တော်သာလမ်းမပေါ် | (33x65) | 2RC | 4250L |
| ၈။ ကြည့်မြင်တိုင်-လမ်းကျယ် | (25x50) | မြေ | 4200L |
| ၉။ သင်္ဃန်းကျွန်း၊သုဝဏ္ဏ VIP | (60x80) | 1RC | 3800L |
| ၁၀။ လှိုင်၊မြကန်သာအိမ်ရာ | (50x60) | မြေ | 3700L |
| ၁၁။ သာကေတ၊မြို့သစ်အိမ်ရာ | (60x80) | မြေ | 2980L |
| ၁၂။ မ/ဒဂုံ၊တော်ဝင်အိမ်ရာ | (100x100) | မြေ | 2950L |

Facebook Page - ဦးအံ(လင်း)ကုမ္ပဏီ ဗဟန်းရုံး တွင်လည်း ဝင်ရောက် ကြည့်ရှု စုံစမ်းနိုင်ပါသည်။
01-552742, 09 450450977,09 5060940,09 5060938

လိုချင်သူကို ဖော်ကျွေးသော ဖြစ်စဉ်စေတနာ ပြည့်ဝစွာဖြင့်
# ဆရာမိုး Follow Me
B.Sc.(Hons).,M.Sc.,Ph.D.
Saturday only / Sunday only တန်းခွဲသစ် လက်ခံပြီ
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ရောက်ရမည်
**Universal Institute of ESL မှ Certificate ချီးမြှင့်သည့်**
**ENGLISH 4 SKILLS Level (1,2) ၄၊ ၁၀ နှင့်**
ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ရက်တက်(၂)လ အတွက် လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဖော်ပြီး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကျန်ကြပြီ။ တန်းခွဲသစ်များ Aug 3 စမည်။
**4 SKILLS Level(1,2,3) အောင်မြင်ပြီးသူတိုင်း Dip in ESL ရရှိမည်။**
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အသုံးမြန်ဆုံး တိုးတက်လျက်
**သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊ ၁၀ အတတ် လက်ခံပြီ။**
အဆင့်မြင့် နိုင်ငံတကာ University များတွင် ပညာတော်သင်ရေ ရရှိစေဖို့နှင့် သေချာပေါက် တက်ရောက်ခွင့် ရရှိစေဖို့
**ပြည်ပ ကောင်းမွန်သော IELTS စာအုပ်၊ CD, DVD ထိရောက် မှန်ကန်သော သင်ကြား လမ်းညွှန်မှုများနှင့်အတူ**
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊ ၁၀ အတွက် လက်ခံပြီ။
**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**
အင်းဝ (အမှတ် ၁၈၊ ၅-လွှာ) စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ၀၉၄၃၁၂၅၃၉၃
ဝိုင်းသီးသန့် ❖ ၄၃၆ (ပ) ဆပ်၊ ကုန်သည်လမ်း(၄၄-လမ်းထိပ်)၊ 0943125393 / 01 8398118,295798

ကိုယ်လင်းလင်း၊ ကိုယ်ဆောင်ဖေမြိုး၊ ကိုသောကို တို့ စီစဉ်သော
## ဗောဓိပလ္လင် ဗုဒ္ဓဂယာ ဘုရားဖူး အဖွဲ့
ဗောဓိပလ္လင် ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေး အဖွဲ့မှ ဘုရားဖူး သူတော်စင်အပေါင်းတို့အား မှန်ကန်သော ဈေးနှုန်း၊ အကောင်းမွန်ဆုံး ဝန်ဆောင်မှုတို့ဖြင့် ပို့ဆောင်ပေးနေပါပြီ...
၇ ညအိပ် ၈ ရက် ခရီးစဉ် - သံဝေဇနီယလေးဌာန (ဟိုတယ် ၃ ည) ၁၁ သိန်း ၅ သောင်း
၁၁ ညအိပ် ၁၂ ရက် ခရီးစဉ် - သံဝေဇနီယလေးဌာန + အဋ္ဌမဟာဌာန (ဟိုတယ် ၄ ည) ၁၁ သိန်း ၅ သောင်း
၁၄ ညအိပ် ၁၅ ရက် ခရီးစဉ် - သံဝေဇနီယလေးဌာန + အဋ္ဌမဟာဌာန + ဒေလီ + အာဂရာ(တာ့ဂျ်မဟာ) (ဟိုတယ် ၆ ည) ၁၂ သိန်း ၅ သောင်း
(၁၀) ဦး လျှင် (၁) ဦး အခမဲ့
ဂယာတွင် မဟာဗောဓိစေတီနှင့် အနီးဆုံးဟိုတယ်တွင် တည်းခိုပါမည်။ ခရီးစဉ်တိုင်းတွင်လည်း ဦးဆောင်သူ ပါဝင်ပါသည်။ လိုက်ပါလိုသူများအနေဖြင့် ကြိုတင် စာရင်းပေးသွင်းပါရန်။ နှစ်စဉ် အောက်တိုဘာလမှ စ၍ ဧပြီလအထိ ခရီးစဉ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ရန်ကုန်ရုံးချုပ် အမှတ် - ၅၊ ပထမထပ်၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၈၈၇၄၄၅၁၅၁၊ ၀၉ ၈၈၇၄၄၅၂၅၂၊ ၀၉ ၈၈၇၄၄၅၃၅၃

**AUTRON နားကြားကိရိယာ**
All Items 5%
**မိုးရာသီ အထူးပရိုမိုးရှင်း**
နားအကြားနှုန်း အခမဲ့ စမ်းသပ်ပေးမည်ဖြစ်ပါသည်။
(24.7.19 မှ 31.7.19) အထိသာ ဈေးနှုန်းလျှော့ချပေးသွားမည် ဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။
Buy 2 pcs 10%
(selected item only)
အမှတ်(၁၇၇)၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၂၄၃၆၀၄၊ ၃၈၅၂၄၅
အမှတ်(၄၃၂)၊ မြေညီထပ်၊ ဗညားဒလလမ်း၊ (သျှင်ပါကြွင်းဆေးရုံ မျက်စောင်းထိုး)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၅၅ ၂၈၇၄၄၀
အမှတ်(၁၂၂/က)၊ မြေညီထပ်၊ အောက်လမ်းမကြီး၊ စစ်ကိုင်းတုန်းချော့၊ ပေါ်လ်မြို့၊ ☎ - ၀၉ ၂၅၁၀၉၀၄၀၄၊ ၀၉ ၂၅၁၀၉၀၄၀၅

**မင်္ဂလာပါ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဒေသများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**မိသားစု ဘော်ဒါဆောင်**
(၁၀)တန်းအောင်မြင်ပြီး တက္ကသိုလ်/သင်တန်း တက်ရောက်မည့် ကျောင်းသား/သူ များအတွက် နံနက်စာ/နေ့လယ်စာ/ညစာ/ အဝတ်လျှော်/မီးပူတိုက် အခန်းသန့်ရှင်းရေး မှ အစ မိဘအိမ်နှင့်မခြား ဆောင်ရွက်ပေးပါသည်။
**လိုအပ်ပါက ကျောင်းကားစီစဉ်ပေးသည်။**
အမှတ်(၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-5055412, 09-965055412, 01-510367, 01-510617

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်(၇၅)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ 09401505559 စမ်းချောင်း

**လုံးချင်းတိုက် ရောင်းမည်**
(၅ ထပ်ခွဲ) လုံးချင်းတိုက်+ဂရန်မြေ အားလုံးပြင်ဆင်ပြီး၊ ရုံးခန်း၊ သင်တန်းများဖွင့်နိုင်။
အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်။
Ph:09-765424231



ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စန်း (ကူမဲ)**

**(ကိုတင်အောင်-မစန်း စာပေ)၊ (စန်းမာလာပုံနှိပ်တိုက်)**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဖိုးချို(၂)ရပ်ကွက်၊ ဖိုးစိန်လမ်း၊ ခြံအမှတ်(၃၉)နေ (ဦးဘရင်-ဒေါ်ငယ်)တို့၏ သမီးကြီး၊ ကူမဲမြို့နေ (ဦးပုကြီး-ဒေါ်ခ)တို့၏ သမီးချွေးမ၊ (ဦးတင်အောင်)၏ ဇနီး၊ ဦးမြင့်ခိုင်-ဒေါ်ခင်မမ၊ ဦးခင်ဖေမြင့်-ဒေါ်ခင်မလေး(ခေတ္တ-U.S.A)၊ ဦးကျော်ကျော်အောင်-ဒေါ်သင်းသင်းမြင့်၊ (ဒေါ်ခင်မထွေး)တို့၏ မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘွားသည် ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆း၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တရားမွေ့ဒါန အလှူရှင်ဒါယိကာမကြီး

**ဒေါ်တင်တင် (ပုသိမ်)**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)ရပ်ကွက်၊ ငုဝါမြိုင်လမ်း၊ အမှတ်(၁၃၈၀)နေ [ဦးတင်ရီ (ဒုရဲအုပ်၊ စခန်းမှူး-ငြိမ်း၊ သတင်းတပ်ဖွဲ့-ရန်ကုန်)]၏ ဇနီး၊ ဦးစိန်ထွန်း (မိတ္ထီလာ၊ တရားလွှတ်တော်ရှေ့နေ)-ဒေါ်မြမြသွင်(စက္ကူ ခာတ်ပုံ-ငြိမ်း)၊ ဒေါ်ဝင်းဝင်းဆွေတို့၏ မိခင်၊ ဦးသက်နိုင်ထွန်းထွန်း (C.E၊ နိုင်ငံခြားသင်္ဘောကုမ္ပဏီ)-ဒေါ်သင်းပပချောတို့၏ဘွားဘွား ဒေါ်တင်တင်သည် ၂၇-၇-၂၀၁၉ ရက် မွန်းလွဲ ၁း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၉ (သောကြာနေ့) နံနက် ၇း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် မိတ်ဆွေသင်္ဂဟများ အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးအောင်သန်း (၈၆) နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သရက်မြိုင်လမ်းနေ (ဦးခွေး-ဒေါ်ထား)တို့၏သားကြီး၊ ဦးမြသိန်း-(ဒေါ်ဝင်း)၊ (ဦးစိန်မောင်)၊ (ဦးကျော်)-ဒေါ်အေးရင်တို့၏ အစ်ကိုကြီး၊ (ဦးခင်မောင်အေး)-ဒေါ်နွယ်နီ၊ ဦးဝင်းဇော်(MPPE)-ဒေါ်ခင်စောဦး၊ (ဦးကိုကိုလတ်)-ဒေါ်သန်းသန်းအေး၊ ဦးတင်ကိုကို(Oasis)-ဒေါ်စောသန်း၊ ဦးသန့်ဇင် (ညွှန်ကြားရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ထွေအုပ်)-ဒေါ်မင်းမင်းထွေး၊ ဦးနိုင်ဦး-ဒေါ်အေးအေး၊ ဦးညီညီထွေး-ဒေါ်ခိုင်၊ ဦးသောင်းဒန်၊ ဦးနိုင်ထူး(သတင်းတပ်ဖွဲ့၊ တောင်ကြီး)-ဒေါ်အိအိသန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီး၊ ဒေါ်အေးသိန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၉ (စနေနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သရက်မြိုင်လမ်း၊ အမှတ်(ခ/၁၂၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ဝေဝေ**

**အသက်(၇၃)နှစ်**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နောင်ကိုက်တော်ရပ်ကွက်၊ အမှတ်(၄၁)နေ [ဦးထွန်းရွှေ (ဒု-ပြည်နယ်မန်နေဂျာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း-ငြိမ်း)]၏ ဇနီး၊ ဦးထွန်းမင်းဝင်း၊ ဒေါ်ပပထွန်း၊ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းထွန်း-ဒေါ်ဝင်းမြင့်စိုး၊ ဒေါ်လင်းလင်းထွန်း၊ ဒေါ်ဇာဇာထွန်း၊ ဒေါ်မေနှင်းထွန်းတို့၏ မွေးသမိခင်သည် ၂၉-၇-၂၀၁၉ (တနင်္လာနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁)၊ တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ ငြိမ်းအေးဇရပ်၌ တရားတော်နာ ရေစက်ချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး

**ဦးအေးမြင့်(ခ)ဦးပိ**

**(မဒေါက်မြို့)**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ သီရိမွန်ပလာဇာလမ်းမကြီး၊ တိုက်အမှတ် (၃၃)နေ [ဦးချူဝန်-ဒေါ်ရှင့်င (ကျားပုံဆိုင်စက်)]တို့၏ သားငယ်၊ ဒေါ်ခင်ဆွေဝင်း(ခ)ချိုပြုံး၏ ခင်ပွန်း၊ (ဦးထွန်းမြင့်)-ဒေါ်ခင်လှိုင်တို့၏ ညီ၊ ဦးခင်ညွှန့်-ဒေါ်အလွမ်း၊ ဦးအောင်သန်း-ဒေါ်ခင်ခင်တို့၏ အစ်ကို၊ ကိုပြည့်ထွန်းလင်း-မသီဂီဇော်၊ မောင်ဇေယျာပြည့်စုံဦးတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး ဖုကျန့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ကိုထက်မြက် @ Johnathan**

**TATA Consultancy Services, India**

**အသက် (၂၆) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကန်တော်ကြီးတာဝါနေ ဟာဂျီဦးခင်ဇော်-ဒေါ်ဝင်းမေသန်း(Principal-SILC, SPPS)တို့၏ချစ်လှစွာသောသားကြီး ကိုထက်မြက် @ Johnathan သည် ၂၇-၇-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်တပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**SUMMIT ကျောင်း မိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်ခင်မြ (သံတွဲမြို့)**

**အသက် (၉၄) နှစ်**

(ဦးပိန်-ဒေါ်ဘူလီ)တို့၏သမီးကြီး၊ သံတွဲမြို့ ဘုရင့်နောင်လမ်း၊ လက်ပတ်နာရီဆေးလိပ်ခုံနေ (ဦးညွှန့်စိန်)၏ဇနီး၊ (ဒေါ်ခင်မြင့်)၏အစ်မ၊ ဦးတင်လေး-ဒေါ်နွယ်နွယ်ဦး၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အမှတ်(၈၃)နေ ဦးခင်မောင်လတ်-ဒေါ်စန်းစန်းညွှန့်တို့၏မိခင်၊ ကိုဉာဏ်ထွန်းဦး-မချယ်ရီဝေ၊ မမြတ်သစ်ခင်၊ ဒေါက်တာသင်းစုထွေးတို့၏အဘွားသည် ၂၇-၇-၂၀၁၉ (စနေနေ့) ည ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

**ဒေါ်ခင်ဌွေး (ခ) ဒေါ်ချော**

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ အရှေ့နံ့သာကုန်း၊ မင်္ဂလာလမ်း၊ အမှတ်(၁၃/ခ)နေ (ဦးသာဝ-ဒေါ်လှတင်)တို့၏သမီး၊ (ဦးဆိုင်-ဒေါ်ငြိမ်းအေး) တို့၏ သမီးချွေးမ၊ (ဗိုလ်မှူးဒေါက်တာတင်အောင်)၏ဇနီး၊ ဦးယုမောင်အေး-ဒေါ်သီဂီအောင်၊ ဦးတင်မောင်ထွေး-ဒေါ်ဥမ္မာအောင်၊ ဦးတေဇအောင်-ဒေါ်စီစီဦး၊ ဦးဇေယျအောင်-ဒေါ်ဂင်ကြူ၊ ဦးဉက္ကာအောင်-ဒေါ်သီဂီဝင်း၊ ဦးဝင်းခိုင်-ဒေါ်နီလာအောင်၊ ဦးကျော်သူရအောင်၊ ဦးအောင်လွင်အောင်-ဒေါ်အိန္ဒာအောင်တို့၏ မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးရွှေသိမ်း**

**A.E (ငြိမ်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**(လေးတောင်-နဂါးစံပြကျေးရွာ)**

**အသက်(၇၇)နှစ်**

(ဦးမြထွန်းအောင်-ဒေါ်ညိုပွင့်)တို့၏ သားကြီး၊ အမှတ်(၈၆)၊ သူရသတိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်သိန်းညွှန့်စိန်၏ ခင်ပွန်း၊ ဦးဇော်ဝင်းနိုင်-ဒေါ်ခင်မျိုးသိမ်း၊ ဦးရန်မျိုးသိမ်း-ဒေါ်ဝင်းဝင်းရည်၊ ဦးအောင်မျိုးသိမ်း-ဒေါ်ဖြိုးဝေလှိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်သုဝေယံနိုင်၊ မဆောင်းနှင်းပွင့်နိုင်တို့၏အဘိုးသည် ၂၉-၇-၂၀၁၉ရက် နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဗိုလ်မှူးထင်အောင်မြင့် (ငြိမ်း)**

**စစ်တက္ကသိုလ်အပတ်စဉ် (၁၆)**

**အောင်ဆန်းသူရိယလှသောင်းကျောင်းသားဟောင်း**

**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ အုပ်ဖိုစုရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၃၁/က)နေ (ဦးသိန်းမြင့်-ဒေါ်မြတင်)တို့၏သား၊ ဒေါ်သောင်းသောင်းထွန်း @ Susan ၏ခင်ပွန်း၊ မောင်သောင်းထက်အောင်၊ မောင်အောင်ဖုန်းမြင့်-မဖြူသွယ်ဦး၊ မစန္ဒာထွန်းတို့၏ ဖခင် မောင်ဖြိုးအောင်ကျော်၏ အဘိုးသည် ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

**ဗိုလ်ကြီး ဂင့်ဇာမုန် (ငြိမ်း)**

**ကြည်-၁၅၄၇၁ (OTS-58) သီဟတပ်ခွဲ**

**အသက်(၆၃)နှစ်**

တီးတိန်မြို့ လေးလုမ်းရပ်ကွက်နေ (Pa Suak Khaw Tuan-Nu Non Nuam)တို့၏ သား၊ Nu Nian Za Dim၊ Nu Cing Go Niang၊ Pa Zam Khen Mang (ဥပဒေအရာရှိ-ငြိမ်း)၊ Nu Cing Do Man တို့၏ ညီ/မောင်၊ Nu Ciin Zam Cing၊ Nu Ning Suan Vung၊ Nu Go Lian Cing၊ (Nu Hau Suan Lun)၊ Pa Pau Suan Khai (ADRA Myanmar), Nu Thawng Khan Cing တို့၏ အစ်ကို၊ (Pa Kham Tuan-Nu Vung Za Cing)တို့၏ သားသမက်၊ U Tuan Khan Sing (မန်နေဂျာ၊ အင်/ယာ)၏ မွေးသဖခင်၊ Nu Ciang Lian Cing ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၇-၂၀၁၉ ရက် ၁၂း၁၅ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ စစ်တောင်းရိပ်မွန်၊ စံပယ်လမ်း၊ တိုက်(၁၉/၁၀၁) နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဉယျာဉ်တော်ခန်းမ၌ ဈာပနဝတ်ပြုကိုးကွယ်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (စစ်တောင်းနေအိမ်၊ FGA, မောနွေလဘုရားကျောင်း၊ ယုဇန ပိတောက်ကွေ့တို့မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# လင်ဘိဟုန်(ခ)ဒေါ်ဘိဟုန်

**အသက်(၁၀၀)**

ရန်ကုန်မြို့ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ (၂၂)လမ်း၊ အမှတ်(၅၃)အပေါ်ဆုံးထပ်နေ [ကြောင်လျှံကီး(ခ)ဦးကြည်]၏ ချစ်လှစွာသောဇနီး၊ ဦးကျော်မြင့်-ဒေါ်မြစိန်၊ ကြောင်အိဟွား-ဝမ်ဟိုအိမ်၊ ဦးမြင့်ဆွေ-ဒေါ်မြသိန်း၊ ဒေါ်တင်တင်အုန်း-ဦးချမ်းဝင်း၊ (ဦးမြင့်သိန်း)-ဒေါ်ကြည်ကြည်သန်း(ဥက္ကဋ္ဌ၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)၊ (ဥက္ကဋ္ဌ အိုရီရန်တယ်လ်လီစင်ကုမ္ပဏီလီမိတက်)တို့၏ မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၈-၇-၂၀၁၉ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)

**မန်းအောင်လှကျော်**

**သက်ကြီးကန်တော့ခံ (၁၁၄၀)**

**တပ်မတော်-လေ၊ ငြိမ်း**

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၂၂၈)နေ (သူနာပြုဆရာမကြီး ဂျဲသဲစိန်)၏ချစ်လှစွာသောခင်ပွန်း၊ မန်းဝင်းနိုင်ဦး-ဒေါ်ခင်စန်းလှ (ခ) မစန္ဒီ၊ ဂျဲမိုးသူဇာအောင်-မန်းသဘွား၊ မန်းလင်းနိုင်အောင် (ခ)ကိုလင်းလင်း-ဂျဲအေးလှကျော်၊ နန်းနန္ဒာအောင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၇-၇-၂၀၁၉ (စနေနေ့)တွင် အာရှတော်ဝင်ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၇-၂၀၁၉ ရက်တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဉယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဒေးဒရဲအသင်းသူ/သားနှင့် မိတ်ဆွေများအား အသိပေးအပ်ပါသည်။

**ဒေးဒရဲအသင်းအမှုဆောင်အဖွဲ့(ရန်ကုန်)**

**ဦးရွှေသာ (ခ)**

**Ronnie Tha Htoon**

**82-83 EC RIT**

**Total E & P Myanmar (ငြိမ်း)**

**အသက် (၆၁) နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ်(၁၂၃/B)၊ အုတ်လမ်းနေ (ဦးသာထွန်း-ဒေါ်နုမေ)တို့၏ သား၊ (ဦးချစ်လှိုင်-ဒေါ်ငွေရိမ်)တို့၏ သားသမက်၊ ဒေါ်နွယ်နွယ်လှိုင်၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်မြသာ-မမြတ်ပွင့်ဖြိုး၊ ကိုကျော်ဇင်ထွန်း-မဖြူဖြူသာတို့၏ဖခင်၊ [ဦးမောင်မောင်သာ (ခ) Dr.Jeremy Tha Htoon]၊ [ဦးအောင်ကျော်သာ(ခ) Jeffery Tha Htoon]၊ ဦးအောင်ဇော်သာ (ခ) Lawrence Tha Htoon-ဒေါ်နန်းအိချောတို့၏ ညီသည် ၂၉-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၃၁ နာရီတွင် Grand Hantha International ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)

**ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၁၁၇/က)နေ ရာသက်ပန်အသင်းဝင် ဒေါ်မြိုင်မြိုင်ထွန်း၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင် ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်သည် ၁၅-၇-၂၀၁၉ (တနင်္လာနေ့) ည ၁၀း၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ဆန္ဒအရ ၁၆-၇-၂၀၁၉ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဒေါ်ရီရီသန်း (B.Sc, B.Ed)**

**ကျောင်းအုပ်၊ အထက(ရခိုင်ချောင်)၊ ဒလမြို့နယ်**

**အသက် (၅၈) နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၁/ထူပါရုံ (၁၀)လမ်းအနောက်၊ အမှတ်(၉၁၆)နေ (ဦးစန်းမြင့်-ဒေါ်စိန်သန်း)၊ (ဦးခင်မို-ဒေါ်ကြင်ညွန့်)တို့၏ သမီးချွေးမ၊ ဦးဝင်းမြင့်၏ ချစ်လှစွာသောဇနီး၊ ဦးအောင်သူမြင့်-ဒေါ်နေကြည်လင်းမောင်တို့၏မိခင်၊ မချမ်းရတီကို၏အဘွားသည် ၂၉-၇-၂၀၁၉ ရက် နံနက် ၈း၂၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဒေါ်မာလာဆွေ**

**လ.ဝ.က-၁၄၄၈၄၊ ဒု-လ.ဝ.ကမှူး၊ ပန်းတောင်းမြို့နယ်ရုံး၊ ပဲခူးတိုင်း**

**အသက် (၅၄) နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ သုမနလမ်း၊ လ.ဝ.ကဝင်း၊ အမှတ်(၇/၄)နေ (ဦးစံရီ)-ဒေါ်သန်းသန်းရီတို့၏သမီးထွေး၊ ဗိုလ်ကြီးအောင်ပြည့်စုံစိုး၊ မောင်ဟိန်းခန့်ကျော်၊ မောင်စိုးဇာနည်-မခိုင်ဝတ်ရည်၊ မောင်မင်းထက်ကျော်၊ မောင်ကောင်းဆက်ကျော်တို့၏ အဒေါ်၊ မောင်ကျော်စွာဟိန်း၊ မခိုင်ဇာသွယ်၊ မခိုင်ဇာသော်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ [ဦးသံချောင်း(ဒု-လ.ဝ.ကမှူး၊ စီမံ-၁၊ ဘော်လီဘောလက်ရွေးစင်ဟောင်း)]၏ ဇနီးသည် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်မာလာဆွေ**

**လ.ဝ.က-၁၄၄၈၄၊ ဒု-လ.ဝ.ကမှူး၊ ပန်းတောင်းမြို့နယ်ရုံး၊ ပဲခူးတိုင်း**

**အသက် (၅၄) နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ သုမနလမ်း၊ လဝကဝင်း၊ အမှတ်(၇/၄)နေ (ဦးစံရီ)-ဒေါ်သန်းသန်းရီတို့၏ သမီးထွေး၊ (ဦးကျော်လှိုင်)-ဒေါ်နီလာဆွေ၊ ဒေါ်သီတာဆွေတို့၏ ညီမ၊ မောင်ကျော်စွာဟိန်း၊ မခိုင်ဇာသွယ်၊ မခိုင်ဇာသော်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်၊ [ဦးသံချောင်း(ဒုလဝကမှူး၊ စီမံ-၁၊ ဘောလီဘော်လက်ရွေးစင်ဟောင်း)]၏ဇနီးသည် ၂၅-၇-၂၀၁၉ (ကြာသပတေးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ကိုအောင်နိုင်မြင့်**

**Director, Maxi Millions Trading Co.,Ltd**

**အသက် (၃၅) နှစ်**

ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ်နေ ဦးမြင့်ချို-ဒေါ်မူမူနိုင်တို့၏သားဦး၊ ကိုမင်းဟန်ဦး၊ ကိုရန်လင်းနိုင်တို့၏ အစ်ကို၊ မန္တလေးမြို့နေ ဦးဝင်းမြင့်-ဒေါ်သန်းသန်းအေးတို့၏ သားသမက်၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ အမှတ်(၆/ဘီ)နေ ဒေါ်မိုးမိုးအေး၏ ချစ်လှစွာသောခင်ပွန်း၊ မမိုးပြည့်စုံ၊ မောင်မြင့်မိုရ်သွေးတို့၏ မွေးသဖခင် ကိုအောင်နိုင်မြင့်သည် ၂၈-၇-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပ

## မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အဦ အစည်းအဝေးခန်းမ၌ ကျင်းပပြီး မေးခွန်း ငါးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းနှစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ကို ကျယ်ဝန်းသည့် နေရာသို့ဖြစ်စေ၊ ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**



၂၀၁၇ ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်း တွေ့ဆုံခဲ့စဉ်။

# အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် မြန်မာ ယူ-၁၈ အသင်း ပြင်ဆင်

**နေပြည်တော် ဇူလိုင် ၂၉**
မြန်မာ ယူ-၁၈ အသင်းသည် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်ရန် နီးကပ်လာပြီဖြစ်သောကြောင့် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

**ပြန်လည်ရွေးချယ်**

မြန်မာ ယူ-၁၈ အသင်းသည် အာဆီယံပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်ရန် ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ဇူလိုင် ၂၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကာ ဇူလိုင် ၂၈ ရက်မှစ၍ ပြန်လည်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ယင်းခရီးစဉ်တွင် မပါဝင်သည့်ကစားသမားများကိုပါ ပြန်လည်ရွေးချယ်ကာ ပဏာမကစားသမား ၂၈ ဦးဖြင့် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ယင်းပြိုင်ပွဲအတွက် ဇန်နဝါရီလကတည်းက ပြင်ဆင်ခဲ့ပြီး ခုနစ်လဝန်းကျင်အကြာတွင် အဓိကနိုင်ငံတကာပြိုင်ပွဲတစ်ခုကို ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ »»**

# ၂၀၁၉ ဆီးဂိမ်းအမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲနှစ်ခုစလုံးတွင် မြန်မာအသင်း ယှဉ်ပြိုင်မည်

**နေပြည်တော် ဇူလိုင် ၂၉**
ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် ပြိုင်ပွဲနှစ်ခုစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ယှဉ်ပြိုင်မည်**

မြန်မာအမျိုးသားအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် စတင်ပြင်ဆင်နေပြီဖြစ်ပြီး ဩဂုတ် ၁၉ ရက်တွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်ကာ အမျိုးသမီးအသင်းမှာမူ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ အာဆီယံပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ခုစလုံး ယှဉ်ပြိုင်မည်ဖြစ်ပြီး ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက တတိယ၊ အမျိုးသားအသင်းက စတုတ္ထနေရာရရှိခဲ့သည်။

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❍**

**ကြေးမုံ ယနေ့ ဖတ်စရာ**

ထိုင်းဘုရင်၏ ၆၇ နှစ်မြောက် မွေးနေ့ပွဲ အခမ်းအနား နိုင်ငံတစ်ဝန်း၌ ကျင်းပ
စာမျက်နှာ » ၁၂

မိန်းကလေးတစ်ဦးအား အဓမ္မပြည့်တန်ဆာခိုင်းစေခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်နှင့် အားပေးကူညီသူများအား ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်
စာမျက်နှာ » ၁၄

စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .
ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။